# သစ်တောကြေးမုံ

၂၀၁၆ ခုနှစ်၊ (အထူးထုတ်) နိုဝင်ဘာလ





(၁၁၂)ကြိမ်မြောက် မြန်မာနိုင်ငံသစ်တောကျောင်းဆင်းပွဲ အထိမ်းအမှတ်
ထုတ်ဝေသည်။




## စားနပ်ရိက္ခာဖူလုံရေးနှင့် သစ်တော၏အခန်းကဏ္ဍ

လူသားတို့အသက်ရှင်ရပ်တည်နိုင်ရေးအတွက် စားနပ်ရိက္ခာဖူလုံရေးသည် အလွန်အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ယနေ့ ကမ္ဘာကြီး၏ တချို့အရပ်ဒေသများ၌ စားနပ်ရိက္ခာမလုံလောက်မှု ပြဿနာနှင့်ရင်ဆိုင်ကြုံတွေ့နေရသည်။ ၂၀၁၆ ခုနှစ်၊အောက်တိုဘာလ(၁၆)ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်မှာ "ပြောင်းလဲရာသီ၊ လိုက်လျောညီ၊ ချိန်ညှိ စိုက်ပျိုးရိက္ခာတို့ Climate is changing. Food and agriculture must too ပဲ့ဖြစ်သည်။ ပြောင်းလဲလာသောရာသီဥတုနှင့်အညီ လိုက်လျောညီစွာ ပြောင်းလဲစိုက်ပျိုးပြုမှု နေထိုင်ကြမှသာလျှင် စားနပ်ရိက္ခာမလုံလောက်မှုပြဿနာကို ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်သည်။

ထိုသို့ စားနပ်ရိက္ခာဖူလုံစေရေးအတွက် ဆောင်ရွက်ရာတွင် သစ်တောများ၏ အခန်းကဏ္ဍမှာလည်း လွန်စွာအရေးကြီးလှပေသည်။စားနပ်ရိက္ခာဖူလုံရေးအတွက် သစ်တောများမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အထောက်အပံ့ပြုလျက်ရှိသည်။ သစ်တောများမှ သစ်၊ တိုင်၊ မျော၊ ဝါး၊ အမိုး အကာများ၊ သစ်ဥ၊ သစ်ဖု၊ သစ်ခေါက်၊ မျှစ်၊ မှို၊ ပျားရည်မှစ၍ တိုက်ရိုက်ရသောသစ်တောထွက် ပစ္စည်းပေါင်းမြောက်မြားစွာ ရနိုင်သကဲ့သို့ သီးနှံသစ်တောရောနှောစိုက်ခင်းများ မှလည်းစပါး၊ ပဲ၊ ပြောင်း၊ နှမ်းစသော စားနပ်ရိက္ခာများရရှိသည်။ ထို့ ပြင် သစ်တောများမှ ရာသီဥတုထိန်းညှိပေးခြင်း၊ ရာသီဥတုမျှတစေခြင်း၊ မြေဆီသြဇာကောင်းမွန်ခြင်း၊ ရေကြီးရေလျှံခြင်းမှ ကာကွယ်နိုင်သဖြင့် သီးနှံစိုက်ခင်းများ ပျက်စီးမှုကို ကာကွယ်ပေးခြင်း၊ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ပေးခြင်း၊ လေထုကို သန့်ရှင်းစင်ကြယ်ပေးစေခြင်း၊ အနားယူအပန်းပြေစေခြင်း စသည့်သွယ်ဝိုက်သော အကျိုးကျေးဇူးများကိုလည်း ရရှိသည်။

သစ်တောသစ်ပင်များ ဖြုန်းတီးပျက်စီးပါက မြေဆီလွှာ ပျက်စီးခြင်း၊ ရာသီဥတုဖောက်ပြန်၍ စိုက်ပျိုးရေမလုံလောက်ခြင်း၊ မြေပြိုခြင်း၊ မြစ်ချောင်းဆည်ကန်များတိမ်ကောခြင်းမှ စိုက်ပျိုးရေးခက်ခဲစေခြင်းဖြင့် သီးနှံအထွက်နှုန်းများကျဆင်း၍ စားနပ်ရိက္ခာရှားပါးမှုနှင့် ကြုံတွေ့ရပေမည်။ ဒီရေတောများပျက်စီးပါကငါး၊ ပုစွန်၊ ကဏန်း တို့၏ မှီတင်းပေါက်ဖွားရာဒေသပျက်စီးသဖြင့် စားနပ်ရိက္ခာရှားပါးမည်ဖြစ်သည်။

ထိုသို့ ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးများ လျော့ချနိုင်စေရန်အတွက် သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သီးနှံသစ်တောစနစ်ဖြင့် သစ်တောသစ်ပင်များရောနှောစိုက်ပျိုးစေခြင်း၊ ရေရှည်တည်တံ့နိုင်သော သစ်တောစီမံအုပ်ချုပ်မှုနှင့် အသုံးပြုခြင်းဆိုင်ရာနည်းလမ်းများကျင့်သုံးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကိုစီမံခန့်ခွဲခြင်း၊ သဘာဝနယ်မြေများနှင့် တောရိုင်းတိရစ္ဆာန်များကို စီမံခန့်ခွဲ ခြင်းတို့ကိုဆောင်ရွက်လျက်ရှိပေသည်။

သစ်တောများသည် စားနပ်ရိက္ခာဖူလုံစေရေးသာမက ရာသီဥတုပြောင်းလဲမှု၏ဆိုးကျိုးတရားများကိုလည်းလျော့နည်းကျဆင်းစေသည်။ ထိုသို့ လူသားတို့ အသက်ရှင် ရပ်တည်ရေးအတွက် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများမှ ကာကွယ်ပေးသော လူသားတို့၏ စားနပ်ရိက္ခာကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသော သစ်တောသစ်ပင်များ ပြုစုထိန်းသိမ်းစိုက်ပျိုးရာတွင် ပြည်သူများက ပါဝင်ပူပေါင်း ဆောင်ရွက်မှသာ ပိုမို အောင်မြင်ဖြစ်ထွန်းနိုင်မည်ဖြစ်သည်။ ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီစွာပြုမူနေထိုင်၍ စားနပ်ရိက္ခာဖူလုံစေရန်အတွက် သစ်တောသစ်ပင်များကို ကာကွယ်စိုက်ပျိုးထိန်းသိမ်းရာတွင် ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

### ဒို့တာဝန်အရေး(၃)ပါး

- ❋ ပြည်ထောင်စု မပြိုကွဲရေး။
- ❋ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❋ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

---

### သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များမျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထား ကြေညာချက်တွင် အမျိုးသားရည်မှန်းချက်ပန်းတိုင်များအား ပြည့်မီစွာဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသောအချက်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) **ကာကွယ်ခြင်း**
ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း**
သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**
ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိ သည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**
သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေးအကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**
သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန်ဆောင်ရွက်သွားရမည်။

(၆) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန်နေစေခြင်း**
နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန်စေရန် လှုံ့ဆော်သွားရမည်။

မိုးပေါ်ကတိမ်တိုက်
စိန်တိုက်သဏ္ဍာန်၊
မြေပြင်မှာတောတန်း
မြနန်းဗိမ္မာန်၊
စိန်စီလို့မြရံ
တို့နိုင်ငံကြွယ်ဝ
ဟော မြေမှာ
တောတွေပျိုးတော့
ရွှေမိုးရွာကျ။


## စာတည်းချုပ်နှင့် ထုတ်ဝေသူ

ဦးတင်ထွန်း
ဒုတိယညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန

ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်
သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြ– ၀၀၄၀၀)

## စာတည်း

ဦးမိုးဇော်၊ လက်ထောက်ညွှန်ကြားရေးမှူး

## စာတည်းအဖွဲ့ဝင်များ

| | |
|---|---|
| ဦးငွေးဝင်း | လက်ထောက်ညွှန်ကြားရေးမှူး |
| ဦးအောင်ထွန်း | ဦးစီးအရာရှိ |
| ဦးဝင်းသန်း | ဦးစီးအရာရှိ |

## ပုံနှိပ်သူ

ဦးမြင့်ထွန်း(မြ –၀၀၆၆၀)
မဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



**ဆက်သွယ်ရန် -**
**၀၆၇-၄၀၅၁၁၃ ၊** (Fax) **၀၆၇-၄၀၅၃၉၄**
fdextension39@ gmail.com


## မာတိကာ


| | |
|---|---|
| * (၁၁၂)ကြိမ်မြောက်မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းဆင်းပွဲအထိမ်းအမှတ် | ၁ |
| * ခေါင်းကြီး | ၂ |
| * မာတိကာ | ၃ |
| * ဌာနဆိုင်ရာသတင်းများ၊ တရားမဝင်သစ်တောထွက် ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်း | ၄–၁၀ |
| * အင်တာပိုလ်က အဖွဲ့ဝင်နိုင်ငံများထံပေးပို့လာသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မှုခင်းအချက်အလက်များ | ၁၁ |
| * ကမ္ဘာ့စားနပ်ရိက္ခာနေ့ | ၁၂ |
| * တမလန်းသစ်အပါအဝင်(*Dalbergia.spp*)မျိုးစိတ်များ ရောင်းဝယ်ခြင်းကို ကန့်သတ်တော့မည် | ၁၃ |
| * နိုင်ငံတော်အချုပ်အခြာအတွက် ရဲရဲနီစွေးသစ်တောသွေး | ၁၄ |
| * ပြင်ဦးလွင် သစ်တောကျောင်းစောင့် အမြောက်ကြီးညီနောင်၏ကောက်ကြောင်း | ၁၅ |
| * သစ်တောကျောင်းနှင့် ကျွန်တော် | ၁၆–၁၈ |
| * မြန်မာနိုင်ငံသစ်တောကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သောကျောင်းအုပ်ကြီးများ | ၁၉–၂၀ |
| * လေးမည်ရ ဆဋ္ဌမသစ်တောကျောင်း၏ အမှတ်စဉ်(၁၁၂)၏သင်တန်းကျောင်းဆင်းပွဲဆီသို့ | ၂၁–၂၄ |
| * မောင်တို့ မယ်တို့ရေ(၂) | ၂၅–၂၆ |
| * ပြောင်းလဲရာသီထိန်းညှိဖို့ REDD+ ဖြင့်လုပ်ဆောင်စို့ | ၂၇–၂၉ |
| * စွမ်းအားမြင့်မီးဖိုများ၏ အရေးပါသောအခန်းကဏ္ဍ | ၃၀–၃၃ |
| * အမြဲတမ်းသစ်တောနယ်မြေတိုးချဲ့ ရေရှည်ထိန်းသိမ်းကာကွယ်ရေး | ၃၄–၃၆ |
| * သဘာဝသယံဇာတနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု | ၃၇–၄၀ |
| * တောင်ကိုရီးယားနိုင်ငံ၏ အမျိုးသားအဆင့် သစ်တောပြန်လည်တည်ထောင်ခြင်း - - - - - | ၄၁–၄၄ |
| * ကျွန်တော်နှင့်မြန်မာနိုင်ငံသစ်တောကျောင်း | ၄၅–၄၉ |
| * ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုဟုဆိုရာဝယ်–၇ | ၅၀–၅၂ |
| * ရွှေသမင်တမ်းချင်း | ၅၃–၅၄ |
| * တောင်ကတုံးအား သျှောင်ထုံးခြင်း(ကဗျာ) | ၅၄ |
| * ဗွန်လမှာမိုးရွာမှာမဟုတ်တော့ဘူး(ကဗျာ) | ၅၅ |
| * လေထုတွင်း ကာဗွန်ဓာတ်ငွေ့ပါဝင်မှု၊ ခေတ်သစ်စတင် | ၅၆ |
| * စက်မှုကုန်ကြမ်းသုံးအကြီးမြန် ယူကလစ် | ၅၇–၅၉ |
| * မြတ်ဆရာနှင့်သစ်တောကျောင်း(ကဗျာ) | ၅၉ |
| * ဘက်စုံသုံး ဝဥ | ၆၀–၆၂ |
| * မြန်မာ့ကြယ်လိပ်များအား ဘေးမဲ့တောများသို့ ပြန်လည်လွှတ်ပေး၍ ရှင်သန်ကျက်စားစေခြင်း | ၆၃–၆၆ |
| * အင်တာနက်မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာသတင်းများ | ၆၇–၆၉ |
| * HKAKABO- RAZI - - - - - | ၇၀–၇၂ |
| * သစ်မျိုးတစ်မျိုးတည်းဖြင့် စိုက်ခင်းတည်ထောင်ခြင်းနှင့် အင်းဆက်ဖျက်ပိုးအန္တရာယ် | ၇၃–၇၄ |
| * လမု (နောက်ကျောဖုံး) | ၇၅–၇၆ |

## သတင်းများကဏ္ဍ

## ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ (၂၈)ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးပွဲတက်ရောက်ခြင်း




သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရဝမ်ဒါနိုင်ငံ၊ ကီဂါလီမြို့တွင် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ(၁၀)ရက်မှ (၁၄)ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ (၂၈)ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးသို့တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် မွန်ထရီယယ်နောက်ဆက်တွဲစာချုပ်မှ ထိန်းချုပ်ထားသော အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်း (Ozone Depletion Substance – ODS)များနှင့် စပ်လျဉ်း၍ ထုတ်လုပ်မှုနှင့် သုံးစွဲမှုလျှော့ချရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လက်ရှိ မြန်မာနိုင်ငံတွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်ကို ထုတ်ပြန်ထားပြီးဖြစ်သည်နှင့်အညီ အဆိုပါဒြပ်ပစ္စည်းများ တင်သွင်းမှုအပေါ် ထိန်းချုပ်နိုင်ရန်အတွက် လိုင်စင်စနစ်နှင့် ခွဲတမ်းစနစ်များ ကျင့်သုံးနေပါကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၀၇ ခုနှစ်၌ ODS တစ်မျိုးဖြစ်သည့် ကလိုရိုဖလူအိုရိုကာဗွန် (Chlorofluorocarbons – CFCs)ကို အပြီးသတ်ပိတ်ပင်တားဆီးနိုင်ခဲ့ပါကြောင်း၊ ကမ္ဘာကြီးပူနွေးမှုဖြစ်နိုင်ခြေ (Global Warming Potential- GWP) မြင့်မားသော ODS အမျိုးအစားတစ်ခုဖြစ်သည့် ဟိုက်ထရိုကလိုအိုရိုဖလူရိုကာဗွန် (Hydrocloro fluorocarbons – HCFCs) လျှော့ချရေး အစီအစဉ်အရသုံးစွဲမှု၏ (၁၀) ရာခိုင်နှုန်းကို ပြီးခဲ့သည့်နှစ်တွင် လျှော့ချနိုင်ခဲ့ပါကြောင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ တရားမဝင် ဝင်ရောက်လာခြင်းကို တားဆီးကာကွယ်ရန်အတွက် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (United Nations Environment Program – UNEP)၊ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ စမ်းသပ်တိုင်းတာရန် ပစ္စည်းကိရိယာများ ထောက်ပံ့ခြင်းများ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာကြီးပူနွေးလာမှုနှင့်ရာသီဥတု ပြောင်းလဲမှုဖြစ်ခြင်းများကို ကာကွယ်နိုင်ရန် နိုင်ငံတကာမှနည်းပညာနှင့် ငွေကြေးဆိုင်ရာ ပံ့ပိုးမှုများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းဆောင်ရည်မြင့်မားစေရန် လုပ်ဆောင်ခြင်းများသည် အလွန်အရေးကြီးပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် (၁၃–၁၀–၂၀၁၆)ရက်၊ နေ့လယ်တွင် နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ဝန်ကြီး Mr. Vidal Helgeson ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်နေမှုများကို ဆက်လက်တိုးမြှင့် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ခရီးသွားလုပ်ငန်း၊ သတ္တု၊ သစ်တောနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြောင်းသိရသည်။

## ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ခံစားလွယ်မှုဆန်းစစ်ခြင်းနှင့်စပ်လျဉ်း၍ တွေ့ရှိရသောအချက်များအား ချပြဆွေးနွေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

ဥရောပသမဂ္ဂ(European Union EU)၊ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (United Nations Environment Programme-UNEP)၊ ကုလသမဂ္ဂအခြေချ နေထိုင်မှုအစီအစဉ် (UN-Habitat)တို့၏ နည်းပညာ အထောက်အပံ့ဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ ရာသီ ဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် Myanmar Climate Change Alliance -MCCA အရ ၂၀၁၆ ခုနှစ် မတ်လမှ စက်တင်ဘာလအထိ ပခုက္ကူမြို့နှင့်လပွတ္တာမြို့တို့တွင် ဆောင်ရွက်ခဲ့သည့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ခံစားလွယ်မှုဆန်းစစ်ခြင်းနှင့် စပ်လျဉ်း၍ တွေ့ရှိရသောအချက်များအား ချပြဆွေးနွေးခြင်းဆိုင်ရာ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို (၃–၁၀–၂၀၁၆)ရက်၊



နံနက် ၀၉း၃၀ နာရီတွင် နေပြည်တော်၊ သင်္ဂဟဟိုတယ်၌ကျင်းပပြုလုပ်ရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ တက်ရောက်အဖွင့်အမှာစကားပြောကြားပါသည်။

အခမ်းအနားသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဌာနများမှကိုယ်စားလှယ်များ၊ EU၊ UNEP နှင့် UN-Habitatတို့မှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ စုစုပေါင်း ၁၂၀ ဦးခန့်တက်ရောက်ပါသည်။

အစီအစဉ်အရ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှ နည်းပညာ အကြံပေးအရာရှိချုပ် Mr. Pasquale Capizzi က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ဆန်းစစ်လေ့လာဆောင်ရွက်ခဲ့မှု အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပါသည်။ ထို့နောက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ဒေသခံများပူးပေါင်း၍ ပခုက္ကူမြို့နှင့် လပွတ္တာမြို့တို့တွင် ဆန်းစစ်ဆောင်ရွက်ခဲ့ကြသည့် ပြည်တွင်း ပြည်ပပညာရှင်များက ရှင်းလင်းတင်ပြကြပါသည်။ ၎င်းတို့၏ ဆန်းစစ်တွေ့ရှိချက်များအရ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ခံစားလွယ်မှုမြင့်မားသည့်ဒေသများ၊ ဒေသခံပြည်သူများအတွက် ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေမည့် စီးပွားရေး၊ လူမှုရေး၊ အခြေခံအဆောက်အဦ နဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ခုခံနိုင်စွမ်းတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်း စီမံကိန်းရေးဆွဲ ဆောင်ရွက်မှုများ၊ အသိပညာဗဟုသုတ၊ သတင်းအချက်အလက်ရရှိနိုင်မှုများ ပညာပေးရေးနှင့် အသိပညာ ပြန့်ပွားရေးလုပ်ငန်း အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းကြကြောင်း သိရှိရသည်။

## သတ္တမအကြိမ်မြောက် ဒီရေတောဆိုင်ရာနိုင်ငံအဆင့် ညှိနှိုင်းရေးအဖွဲ့ (National Coordinating Body – NCB) အစည်းအဝေးကျင်းပ




သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၌ (၇-၁၀-၂၀၁၆) ရက်နေ့ နံနက် (၉) နာရီတွင် သတ္တမအကြိမ်မြောက် ဒီရေတောဆိုင်ရာနိုင်ငံ အဆင့်ညှိနှိုင်းရေးအဖွဲ့(National Coordinating Body -NCB) အစည်းအဝေး ကျင်းပပြုလုပ်ရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်ဝကျွန်း ပေါ်ဒေသ၊ တနင်္သာရီနှင့် ရခိုင်ကမ်းရိုးတန်းဒေသများတွင် ဒီရေတောများကို အများအပြား

တွေ့ရှိရပြီး မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း တွေ့ရှိရကြောင်း၊ ဒီရေတောများသည် ဒေသခံပြည်သူများကိုသာမက နိုင်ငံသားအားလုံးကို ဂေဟစနစ်ထုတ်ကုန်နှင့် ဝန်ဆောင်မှုများ ပံ့ပိုးပေးလျက်ရှိကြောင်း၊ ဒီရေတောများကို ကာကွယ်ထိန်းသိမ်းရာတွင် ပြည်သူများပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ပါမှ အောင်မြင်မည်ဖြစ်ကြောင်း၊

၂၀၁၆ ခုနှစ်အတွက် အသေးစားစီမံကိန်းအကောင်အထည်ဖော်မှုအစီအစဉ်အရ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်ရှိ ပြင်ဘုကြီးကျေးရွာအုပ်စုတွင် ဒီရေတောထိန်းသိမ်းရေး၊ ဒေသလူမှုစီးပွားရေး မြှင့်တင်မှုနှင့် သက်ဆိုင်သည့် အသေးစားစီမံကိန်း(၃)ခုကို ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံသစ်တောအသင်းနှင့် ဒီရေတောပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းတို့က အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများစတင်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ် စက်တင်ဘာလ(၂၇)ရက်နေ့၌ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့တွင်ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊

ယခုအစည်းအဝေးတွင် အသေးစားစီမံကိန်းများအတွက် ဦးစားပေးနေရာရွေးချယ်ဆုံးဖြတ်ပေးခြင်း၊ ကမ်းရိုးတန်းဒေသဘက်စုံစီမံအုပ်ချုပ်မှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကျင်းပခြင်းနှင့် ၂၀၁၇ ခုနှစ်တွင် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းနှင့်ရန်ပုံငွေအစီအစဉ်သတ်မှတ်ခြင်းတို့ကို ဆွေးနွေးမည်ဖြစ်ပြီး အစည်းအဝေးတွင် ထိရောက်မှန်ကန်သောဆုံးဖြတ်ချက်များချမှတ်နိုင်ရန်၊ မျှော်မှန်းထားသောရည်ရွယ်ချက်များဖြည့်ဆည်းပေးနိုင်ရန်၊ (Mangrove for the Furture - MFF) လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စွာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားနိုင်ရန်နှင့် မြန်မာ့ကမ်းရိုးတန်းဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတိုးချဲ့ဆောင်ရွက်သွားနိုင်ရေးအကြံပေးဆွေးနွေးကြပါရန် ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ မြန်မာ့ပတ်ဝန်းကျင်ထူထောင်ထိန်းသိမ်းရေးကွန်ရက် (MERN) ဥက္ကဋ္ဌ ဒေါက်တာကျော်တင့်၊ Mangrove for the Future -Asia (MFF-Asia)၊ International Union for Conservation of Nature-IUCN မှ Senior Advisor Dr. Donald Macintosh၊ NCB အဖွဲ့ဝင်များဖြစ်ကြသော ဆက်စပ်အစိုးရဌာနများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ သစ်တောဦးစီးဌာနမှ အရာထမ်းများ၊ တက္ကသိုလ်များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊အရပ်ဘက်အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊ ကမ်းရိုးတန်း၊အဏ္ဏဝါ၊ ဒီရေတောဆိုင်ရာကျွမ်းကျင်ပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

## နော်ဝေ - မြန်မာနစ်နိုင်ငံ ပတ်ဝန်းကျင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ




သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမတွင်(၁၈–၁၀–၂၀၁၆) ရက်နေ့ နံနက်(၉)နာရီအချိန်၌ နော်ဝေ–မြန်မာနစ်နိုင်ငံပတ်ဝန်းကျင် ကဏ္ဍပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပပြုလုပ်ရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာညီညီကျော် တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် အစည်းအဝေးသည် ၂၀၁၄ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သောနော်ဝေ–မြန်မာနစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ်များ သတ်မှတ်ဖော်ပြထားသည့် နားလည်မှုစာချွန်လွှာအရဖြစ်ကြောင်း၊

စာချွန်လွှာ၏ နောက်ဆက်တွဲစီမံကိန်းများအနေဖြင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် စီမံကိန်း(၃)ရပ်ပူးတွဲအကောင်အထည်ဖော်ရန် ဆက်လက် သဘောတူညီလက်မှတ်ရေးထိုးခဲ့ကြောင်း၊ ၎င်းတို့မှာ–

(က) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့်သဘာဝနယ်မြေများစီမံအုပ်ချုပ်မှုမြှင့်တင်ရေးဆိုင်ရာစီမံကိန်း၊

(ခ) ရေသယံဇာတအရင်းအမြစ်များဘက်စုံစီမံအုပ်ချုပ်ခြင်း – စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့်သင်တန်းပေးခြင်း စီမံကိန်း၊

(ဂ) ဘေးအန္တရာယ်ဖြစ်စေသောစွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုစီမံကိန်းတို့ဖြစ်ကြောင်း၊

စီမံကိန်းများအား သစ်တောဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊

အစည်းအဝေးကို လုပ်ငန်းတာဝန်များဆောင်ရွက်ပြီးစီးမှုနှင့် စီမံကိန်းရလဒ်များအပါအဝင် စီမံကိန်းတစ်ခုလုံး၏ တိုးတက်မှုများကိုဆွေးနွေးရန်၊ စီမံကိန်းနှစ်ပတ်လည် အစီရင်ခံစာအား အတည်ပြုရန်နှင့် လာမည့်နှစ်အတွက် လုပ်ငန်းစီမံချက်များနှင့် ဘဏ္ဍာရေးကိစ္စရပ်များ ဆွေးနွေးအတည်ပြုရန်၊ စီမံကိန်းအကောင်အထည်ဖော်ရာတွင် ကြုံတွေ့လာနိုင်သည့် အခက်အခဲ၊ ပြဿနာများနှင့် ၎င်းတို့အားဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းများကိုဆွေးနွေးရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H-E, Ms Tone Tinnes၊ နော်ဝေနိုင်ငံအစိုးရမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နော်ဝေနိုင်ငံမှ သက်ဆိုင်ရာဘာသာရပ် အလိုက်ကျွမ်းကျင်ပညာရှင်များ၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှတာဝန်ရှိသူများ၊ သက်ဆိုင်ရာ စီမံကိန်းအသီးသီးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသူများ၊ စီမံကိန်းလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပါသည်။

## တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) သို့ ပင်လယ်ဖျံ (၅) ကောင်နှင့် ပင်ကွင်းငှက် (၉) ကောင် ရောက်ရှိခြင်း



သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံ Sapporo Zoo တို့အကြား သဘောတူဆောင်ရွက်ခဲ့သည့် တိရစ္ဆာန်လဲလှယ်ရေးအစီအစဉ်အရ ပင်လယ်ဖျံအထီး (၃) ကောင်နှင့် အမ(၂)ကောင် စုစုပေါင်း (၅)ကောင်သည် (၁၃-၁၀-၂၀၁၆) ရက်နေ့ညနေပိုင်းတွင် ဂျပန်နိုင်ငံ၊ နာရီတာလေဆိပ်မှ ဂျပန်လေကြောင်းလိုင်းဖြင့် သယ်ဆောင်ခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကာ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက် သယ်ဆောင်ပြီးနောက်(၁၄-၁၀-၂၀၁၆)ရက် နံနက်ပိုင်း(၀၃း၀၀) နာရီအချိန်တွင် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)သို့ ကောင်းမွန်စွာ ရောက်ရှိခဲ့ပါသည်။



တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် အများပြည်သူကြည့်ရှုလေ့လာနိုင်ရန်အတွက် Humboldt အမျိုးအစား ပင်ဂွင်းငှက်(၉)ကောင်အား ထူးကုမ္ပဏီများအုပ်စု၊ တိရစ္ဆာန်ဥယျာဉ်နှင့်ပန်းဥယျာဉ်များဌာန၏ အစီအစဉ်ဖြင့် ဂျပန်နိုင်ငံမှ လေယာဉ်ဖြင့် သယ်ဆောင်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ (၂၀-၁၀-၂၀၁၆) ရက် ညနေ ၃ နာရီအချိန်တွင် ရောက်ရှိခဲ့ပြီး အအေးခန်းမော်တော်ယာဉ်များဖြင့် ဆက်လက်သယ်ဆောင်ခဲ့ရာ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)သို့ (၂၁-၁၀-၂၀၁၆) ရက် နံနက် ၁ နာရီခန့်တွင် ကောင်းမွန်စွာရောက်ရှိခဲ့ပါသည်။

# တရားမဝင် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်း

## ရှမ်းပြည်နယ်(မြောက်ပိုင်း)





(၂-၁၀-၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သည့် သစ်တောဝန်ထမ်းများနှင့် သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ်၊ မြို့ရှောင်လမ်း၊ တိုးဂိတ်တွင် ယာဉ်အမှတ်(4F/8752) တပ်ဆင်ထားသော (CANDA) အမျိုးအစား၊ အဖြူရောင် (၆)ဘီးယာဉ်ပေါ်မှ တရားမဝင် တမလန်း(ခေါ်ဒွေးတိုင်) (၁၇၅)တုံး/လုံး၊(၃. ၃၂၇၂)တန်နှင့် အတူတရားခံ(၁)ဦး ဖမ်းဆီးရမိခဲ့ပြီးပိုင်ရှင်အား (ပ. ပ. က) ဥပဒေပုဒ်မ၆(၁)ဖြင့် လားရှိုးမြို့မ ရဲစခန်းတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

## တနင်္သာရီတိုင်းဒေသကြီး





(၂-၁၀-၂၀၁၆)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သည့် သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တားပလပ်၊ သိန်းခွန်းကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အသိသက်သေများ ပါဝင်သောပူးပေါင်းအဖွဲ့သည် တနင်္သာရီမြို့နယ်-မြိတ်-တနင်္သာရီ-ကော့သောင်းလမ်း၊ မိုင်တိုင် (၆၈/၇)၊ တားပလပ်ကျေးရွာအနီးတွင် ယာဉ်အမှတ် (YGN-6C/5705) တပ်ဆင်ထားသော (GRANTO) အမျိုးအစား၊ (၁၂)ဘီး၊ (ဖြူ/ဝါ)ရောင်ယာဉ်ပေါ်မှ တရားမဝင် အခြားခွဲသား(၁၀၁)ချောင်း၊ (၁၁. ၆၇၅၂)တန်အားသိမ်းဆည်းရမိခဲ့ပြီး ဖမ်းဆီးရမိသည့်ယာဉ်၊ တရားမဝင်သစ်ခွဲသားများနှင့် တရားမဝင် သစ်သယ်ယူရာတွင် ပါဝင်ပတ်သက်သူများအား ဥပဒေအရ အရေးယူနိုင်ရေး တနင်္သာရီမြို့ရဲစခန်းတွင် အမှုဖွင့်လှစ်၍ စုံစမ်းဖော်ထုတ်လျက်ရှိပါသည်။

## ပဲခူးတိုင်းဒေသကြီး





(၃-၁၀-၂၀၁၆)ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သည့် သစ်တောဝန်ထမ်းများနှင့် သာယာဝတီမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သာယာဝတီမြို့နယ်၊ ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ်(၈၁/၇)တွင် ယာဉ်အမှတ် (6B/7656)တပ်ဆင်ထားသော(HINO) အမျိုး

အစား၊ စိမ်းပြာရောင်ယာဉ်ပေါ်မှ တရားမဝင် ကျွန်းခွဲသား(၃၅၁)ချောင်း၊ (၅. ၁၉၄၀)တန်နှင့်အတူ တရားခံ(၂)ဦး ဖမ်းဆီးရမိခဲ့ပါသည်။ ပိုင်ရှင်နှင့်ပါဝင်ပတ်သက်သူများအား သစ်တောဥပဒေပုဒ်မ ၄၃(က)အရအရေးယူဆောင်ရွက်နိုင်ရေး၊ သာယာဝတီမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ခဲ့ရာအမှုအမှတ်(ပ)၄၈၉/၁၆ ဖြင့် အမှုဖွင့်ဆောင်ရွက်ပြီးဖြစ်ပါသည်။

## မန္တလေးတိုင်းဒေသကြီး






(၆-၁၀-၂၀၁၆)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သည့် သစ်တောဝန်ထမ်းများ၊ လမိုင်းကျေးရွာနှင့်ဘေးမဲ့တော ကျေးရွာအုပ်ချုပ်ရေးမှူး ပါဝင်သောပူးပေါင်းအဖွဲ့သည် မတ္တရာမြို့နယ်၊ လက်ဝဲကြီးကျေးရွာ မြောက်ဘက်(၂)မိုင်၊ (၅)ဖာလုံခန့်အကွာနေရာနှင့် ဘေးမဲ့ကျေးရွာ၊ အရှေ့တောင်ဘက်လမ်းဘေးနေရာများတွင် တရားမဝင်(ကျွန်း၊ ပိတောက်)ခွဲသား/ ခားရွေ(၆၅)ချောင်း/တုံး(၄. ၉၇၆၄)တန်နှင့် လက်ပံကြီး ကျေးရွာမြောက်ဘက်၊ ရွှေလောင်းချောင်းဘေးတွင် ယာဉ်အမှတ် (MDY-4G/1791) တပ်ဆင်ထားသော (HYUNDAI)အမျိုးအစား အဖြူရောင်ယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခားရွေ(၁၄)တုံး၊ (၁. ၅၅၂၀)တန်၊ တရားခံ(၁)ဦးဖမ်းဆီးရမိခဲ့ပြီး စုစုပေါင်း မော်တော်ယာဉ် (၁)စီး၊ (ကျွန်း၊ ပိတောက်)ခွဲသား/ခားရွေ (၇၉)ချောင်း/တုံး၊ (၆. ၅၂၈၄) တန်နှင့် တရားခံ(၁)ဦး ဖမ်းဆီးရမိခဲ့ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး






(၇-၁၀-၂၀၁၆)ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆောင်သည့် သစ်တောဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ထီးချိုင့်မြို့အဝင် လမ်းတံတားအသုံးပြုခကောက်ခံရေးဂိတ်တွင် သတင်းအရစောင့်ဆိုင်းစစ်ဆေးစဉ် ယာဉ်အမှတ်(3B/1131) တပ်ဆင်ထားသော (NISSAN) အမျိုးအစား၊ (ခေါင်း)အဖြူကြားနှင့်(ဘော်ဒီ)ဖြူ စိမ်းပြာကြားအရောင်၊ (၆)ဘီးယာဉ်ပေါ်မှ ဗူးခွံ၊ ပုလင်းခွံများဖြင့် ဖုံးအုပ်သယ်ယူလာသည့် တရားမဝင်(ကျွန်းခွဲသား/အချပ်ကြီး)၊ (၂၁၇)ချောင်း/ချပ် (၃. ၉၆၇၂)တန်၊ သယ်ယူခွင့်အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ကရဝေးရွက်ခြောက်(၂၀)အိတ်၊ ခန့်မှန်းပိဿာ (၄၅၀)ခန့်နှင့်အတူ တရားခံ(၂)ဦးအား ဖမ်းဆီးရမိခဲ့ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အမှုဖွင့်လှစ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

## ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်အတွင်းသစ်ခိုးထုတ်ခြင်းနှင့် တရုတ်နိုင်ငံသို့ သယ်ပို့ရန် စုပုံထားသောသစ်များဖမ်းဆီးရမိမှု

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ သစ်တောများမှ အဖိုးတန်သစ်များကို တစ်ဖက်နိုင်ငံသို့ ခိုးထုတ်ရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသတင်းအရ ကချင်ပြည်နယ် သစ်တောဦးစီးဌာန မှ သစ်တောဝန်ထမ်းများ၊ တပ်မတော်စစ်ကြောင်းများ၊ နယ်မြေခံပြည်သူ့စစ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ခေါင်လန်ဖူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သောပူးပေါင်းအဖွဲ့သည် ခေါင်လန်ဖူးမြို့နယ်အတွင်း(၁၅-၉-၂၀၁၆)ရက်နေ့မှ (၂၁-၁၀-၂၀၁၆)ရက်နေ့အထိ ရှာဖွေဖော်ထုတ် ဖမ်းဆီးဆောင်ရွက်ခဲ့ရာ တရားမဝင် (ထင်းရှူး/စကားဝါ/တောင်ချယ်ရီ) သစ်လုံး (၉၂၀၉)လုံး၊ (၇၀၄၈. ၈၇၄)တန်အား သိမ်းဆည်းရမိခဲ့ပါသည်။




### တိုင်းဒေသကြီးနှင့်ပြည်နယ်၊ သစ်တောဦးစီးဌာနများ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဧပြီလမှ စက်တင်ဘာလ အထိ တရားမဝင်သစ် ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၈၀၇၅.၀၄၇၉ | |
| ၂ | သစ်မာ | တန် | ၅၁၅၉.၀၄၆၀ | |
| ၃ | အခြား | တန် | ၁၀၈၉၂.၅၆၇၃ | |
| | စုစုပေါင်း | | ၂၄၁၂၆.၆၆၁၂ | |
| ၄ | မီးသွေး | တန် | ၁၈၆၆.၂၂၅၃ | |
| ၅ | ကား | စီး | ၈၉၄ | |
| ၆ | မြေကော်စက်/ ကရိန်း | စီး | ၆ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း/ ထွန်စက် | စီး | ၇၀ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၁၆၃ | |
| ၉ | စက်လှေ/ ရေယာဉ်/ ပဲ့ထောင်လှေ | စီး | ၈၂ | |
| | စုစုပေါင်း | | ၁၂၁၅ | စဉ် (၅) မှ (၉)၊ ယာဉ်/ ယန္တရား |
| ၁၀ | သစ်စက်/ အင်ဂျင် | လုံး | ၃၂၈ | |
| ၁၁ | တရားခံ | ဦး | ၃၉၃၃ | |

INTERPOL

# အင်တာပိုလ်က အဖွဲ့ဝင်နိုင်ငံများထံ ပေးပို့သည့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မှုခင်းသတင်းများ

(၁) ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ(၂၇)ရက်နေ့၌ တောင်အာဖရိက O.R Tambo အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြံ့ချို (၃)ချောင်း(94kg, USD 880,000 တန်ဖိုးရှိသော )တရားမဝင်သယ်ဆောင်လာသူ အသက်(၄၈)နှစ်အရွယ်ရှိ တရုတ်နိုင်ငံသားတစ်ဦးကို ဖမ်းဆီးရမိခဲ့ပါသည်။

(၂) ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ (၄)ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ၊ တရားမဝင် ရောင်းဝယ်ဖောက်ကားမှု တိုက်ဖျက်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် ဟန္နိုင်းအကောက်ခွန်ဦးစီးဌာနနှင့် ပူးပေါင်း၍ နိုင်ဂျီးရီးယားနိုင်ငံ Lagos လေဆိပ်မှ ကုန်ပစ္စည်းများနှင့်အတူ ရောနှောသိုဝှက် သယ်ဆောင်လာသော ဆင်စွယ်(300kg)အား ဟန္နိုင်းရှိ NoiBai အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဖမ်းဆီးရမိခဲ့ပါသည်။

(၃) ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၂၉ရက်နေ့တွင် UK သည် *Harbour porpoises* ငါးမျိုးစိတ်များအတွက် လုံခြုံသော နေရင်းဒေသဖန်တီးနိုင်ခဲ့ခြင်းမရှိဘဲ မြောက်အိုင်ယာလန်၊ Skerriesand Causeway ထိန်းသိမ်းရေးနယ်မြေအတွင်း နေရာငယ်လေး တစ်ခုသာ အဆိုပြုထားသည်ဟု ဥရောပကော်မရှင်က ပြောကြားခဲ့ပါကြောင်း၊ လက်ရှိတွင် *Harbour porpoeses* ငါးမျိုးစိတ်များမှာ ဘောလတစ်ပင်လယ် (Baltic) ၊ မြေထဲပင်လယ်(Mediterranean)နှင့် အင်္ဂလိပ် တူးမြောင်းအရှေ့ခြမ်းတို့တွင် အရေအတွက်လျော့ကျလျက်ရှိပါသည်။ ကမ်းလွန်လေအားလျှပ်စစ်တည်ဆောက်ခြင်း၊ ရေနံနှင့်ဓာတ်ငွေ့တူးဖော်ခြင်းနှင့် ငါးဖမ်းလုပ်ငန်းများကြောင့် နို့တိုက်သတ္တဝါများပျက်စီးစေမည့် အလားအလာ များရှိနေပါကြောင်း သိရပါသည်။

(၄) ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၃၀ရက်နေ့၌ ကမ္ဘောဒီးယားနိုင်ငံ၊ ငါးလုပ်ငန်းဦးစီးဌာန၏အဆိုအရ ကမ္ဘောဒီးယား နိုင်ငံအတွင်း ယခုနှစ်ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း တရားမဝင်ငါးဖမ်းမှု(၂၅၄၁)မှု ရှိပါကြောင်း၊ ဖမ်းဆီးရမိ ငါးတန်ချိန်(၇၁၄၂)တန်အား မြစ်အတွင်းသို့ ပြန်လည်လွှတ်ပေးခဲ့ပြီး ငါးဖမ်းပိုက်အရှည်ပေါင်း (၈၀၀,၀၀၀)မီတာ အား မီးရှို့ဖျက်ဆီးခဲ့ပါသည်။ ၂၀၁၅ခုနှစ်နှင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် တရားမဝင်ငါးဖမ်းမှု အရေအတွက် လျော့နည်းဖမ်းဆီးရမိကြောင်း သိရပါသည်။

(၅) ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ(၂၉)ရက်နေ့၌ တောင်အာဖရိက Johannesburg မြို့တွင် ကျင်းပခဲ့သော CITIES ညီလာခံတွင် rosewood သစ်မျိုးစိတ်(၃၀၀)အား ရောင်းဝယ်ဖောက်ကားမှုကန့်သတ်ချက်တွင် ထည့်သွင်း သတ်မှတ် ခဲ့ပါသည်။

(၆) ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၂၇ရက်နေ့၌ ကမ္ဘောဒီးယားနိုင်ငံ Stung Tren စီရင်စုမှ တရားမဝင်သစ်လုပ်ကိုင်သူဟု စွပ်စွဲခံရသူတစ်ဦးသည် ၎င်း၏ တရားမဝင်လုပ်ကိုင်မှုများအပေါ် နှုတ်ပိတ်စေရေးအတွက် ဂျာနယ်လစ်များအား လာဘ်ထိုးဆောင်ရွက်မှုများနှင့်ပတ်သက်သည့် ဗီဒီယိုတစ်ခု အွန်လိုင်းပေါ်သို့တင်ခဲ့ပါသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာပေါ်တွင် သစ်တောပြုန်းတီးမှုနှုန်းအမြင့်မားဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်ပြီး ထိုနိုင်ငံတွင် တရားမဝင် သစ်ထုတ်ခြင်းနှင့် အကျင့်ပျက်ခြစားမှုတို့ကြား အပြန်အလှန်ဆက်စပ်မှုများရှိနေကြောင်း သိရပါသည်။

# ကမ္ဘာ့စားနပ်ရိက္ခာနေ့ (၂၀၁၆)

## (World Food Day)









**၂၀၁၆ခုနှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနား**

အောက်တိုဘာ (၁၆) ရက်နေ့သည် ကမ္ဘာ့စားနပ်ရိက္ခာနေ့ဖြစ်ပါသည်။ အဆိုပါနေ့ကို ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ (FAO – Food and Agriculture Organization of the United Nations)စတင်တည်ထောင်သည့် ၁၉၄၅ ခုနှစ်၊ အောက်တိုဘာ ၁၆ ရက်နေ့ကိုဂုဏ်ပြုသောအားဖြင့် နှစ်စဉ်ကမ္ဘာအနှံ့ကျင်းပလေ့ရှိသည်။ ကမ္ဘာ့စားနပ်ရိက္ခာနေ့သည် ၁၉၇၉ ခုနှစ်တွင်ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ဝင်နိုင်ငံများ၏ ၂၀ ကြိမ်မြောက် အထွေထွေညီလာခံက စတင်ပေါက်ဖွားလာခြင်းဖြစ်သည်။ အဆိုပါ ညီလာခံတွင် ဟန်ဂေရီနိုင်ငံကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Mr. Pál Romány မှ ကမ္ဘာ့စားနပ်ရိက္ခာနေ့ကိုကျင်းပရန် အဆိုပြု တိုက်တွန်းခဲ့ပါသည်။ ယင်းနောက် ၁၉၈၁ ခုနှစ်မှ အစပြု၍ နှစ်စဉ်မျက်မှောက်ကာလ ရင်ဆိုင်ကြုံတွေ့နေရသော အတူတကွ ရင်ဆိုင် ဖြေရှင်းရန် လိုအပ်သောအကြောင်းအရာတို့ကို မီးမောင်းထိုးပြနိုင်သည့်ဆောင်ပုဒ်များထုတ်ကာ နှစ်စဉ်ကျင်းပခဲ့ပါသည်။ ယခုနှစ် ၂၀၁၆–ကမ္ဘာ့စားနပ်ရိက္ခာနေ့၏ ဆောင်ပုဒ်မှာ “ ပြောင်းလဲရာသီလိုက်လျောညီ၊ ချိန်ညှိ စိုက်ပျိုးရိက္ခာတိုး” "Climate is changing. Food and agriculture must too" ဖြစ်သည်။

ယခုနှစ်ဆောင်ပုဒ်အတိုင်းပင် လူသားတို့ရင်ဆိုင်ကြုံတွေ့နေရသည့် အကြီးမားဆုံးပြဿနာမှာ ကမ္ဘာ့ရာသီဥတု ဖောက်ပြန် ပြောင်းလဲလာခြင်းဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲခြင်း၏ နောက်ဆက်တွဲအပူချိန်မြင့်တက်ခြင်းနှင့် သဘာဝဘေးအန္တရာယ်များ၏ ဒဏ်ကို အပြင်းထန်ဆုံးထိခိုက်ခံစားရသူတို့မှာ ချမ်းသာသူများထက် ဆင်းရဲမှုခေါင်းစဉ်အောက်တွင် ရှိနေသူတို့က ပိုမိုခံစားရပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာ ကမ္ဘာကြီးအတွက် အစားအစာထုတ်လုပ်သူများဖြစ်သည့် လယ်ယာသားငါးကဏ္ဍတွင်လုပ်ကိုင်နေသူ အများစုသည် ဆင်းရဲခြင်းခေါင်းစဉ်အောက်တွင် ရောက်ရှိနေခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာ့စားနပ် ရိက္ခာဖူလုံမှုအပေါ် အစားအစာထုတ်လုပ်သူတို့အပေါ် သက်ရောက်ခြင်းဖြင့်လည်းကောင်း၊ ထုတ်လုပ်မှုဖြစ်စဉ်အပေါ်သက်ရောက်ခြင်း ဖြင့်လည်းကောင်း ခြိမ်းခြောက်လျက်ရှိသည်။

တစ်ချိန်တည်းမှာပင် ကမ္ဘာ့လူဦးရေသည် ပုံမှန်တိုးတက်လျက်ရှိပြီး ၂၀၅၀ အကုန်တွင် သန်းပေါင်းကိုးထောင့် ခြောက်ရာ (၉ . ၆ ဘီလီယံ) အထိရှိလာမည်ဟုခန့်မှန်းထားပါသည်။ အဆိုပါတိုးပွားလာမည့် လူဦးရေကိုဝလင်စွာ ကျွေးမွေးနိုင်ရန်မှာ လက်ရှိ စိုက်ပျိုးရေးနှင့် အစားအစာထုတ်လုပ်သည့် နည်းစနစ်များကိုပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီစွာပြောင်းလဲ ကျင့်သုံး ရမည်ဖြစ်ပါသည်။ ထို့အပြင် စိုက်ပျိုးထုတ်လုပ်သည့် နည်းစနစ်များသည် ရေရှည်အကျိုးရှိသော၊ တည်တံ့သောနည်းလမ်းများ ဖြစ် ရန်လိုအပ်ပါသည်။ ရေရှည်တည်တံ့သောနည်းဖြင့် ထုတ်လုပ်ခြင်းဆိုသည်မှာ ရေ၊ မြေအရင်းအမြစ်ကိုထိရောက်စွာနှင့် မပျက်စီး စေသောနည်းဖြင့် အသုံးပြု၍ အစားအစာပိုမိုထွက်ရှိအောင် ထုတ်လုပ်သကဲ့သို့ ထွက်ရှိလာသောအစားအစာတို့ကို စားသုံးရောင်း ချခြင်း အဆင့်မရောက်မီ ကြားအဆင့်များဖြစ်သည့် ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်း၊ ထုပ်ပိုးခြင်း၊ သယ်ယူခြင်းအစရှိသည့် အဆင့်များ၌ ဆုံးရှုံးမှုကိုလျှော့ချခြင်းကိုလည်းဆိုလိုသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး နိုင်ငံ၏ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၃၈ရာခိုင်နှုန်းရခန့်သည် စိုက်ပျိုးရေးကဏ္ဍမှ ရရှိခြင်းဖြစ်ပါသည်။ ထို့အပြင် စုစုပေါင်းအလုပ်သမားထု၏ ၆၀ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်လျက်ရှိပါသည်။ တချိန်တည်းမှာပင် Global Climate Change Risk Index 2016 အရမြန်မာနိုင်ငံသည် အဆင့်(၂) တွင်ရှိနေသည်ကိုတွေ့ရှိရပါသည်။ သို့ဖြစ်၍ ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသော စိုက်ပျိုးမွေးမြူရေး စနစ်များဖော်ထုတ်အသုံးပြုရေးသည် တိုင်းပြည်စားနပ်ရိက္ခာဖူလုံရေး၊ နိုင်ငံ၏စီးပွားရေးအတွက်သာမက အဆိုပါ ကဏ္ဍအပေါ် မှီခိုနေသောပြည်သူတို့အတွက် မဖြစ်မနေဆောင်ရွက်ရန်လိုအပ်ပါကြောင်း တင်ပြအပ်ပါသည်။

**ကိုးကား** - https//en.wikipedia.org/ wiki/World Food Day
www.fao.org/world-food-day/2016

## "တမလန်းသစ်အပါအဝင် (*Dalbergia.spp*) မျိုးစိတ်များ ရောင်းဝယ်ခြင်းကို ကန့်သတ်တော့မည်"

တောင်အာဖရိကနိုင်ငံ၊ဂျိုဟန်နစဘတ်မြို့တွင် ၂၀၁၆ ခုနှစ်စက်တင်ဘာလ(၂၄)ရက်နေ့မှ အောက်တိုဘာလ (၅)ရက်နေ့အထိကျင်းပပြုလုပ်သည့် မျိုးဆက်ပျက်သုဉ်းလုဆဲတောရိုင်းတိရစ္ဆာန်နှင့်သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၁၇)ကြိမ်မြောက်ညီလာခံ ( CITES Conference of Parties (17)- CITES COP-17)သို့ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံက ပါဝင်တက်ရောက်ခဲ့ပါသည်။

အဆိုပါညီလာခံတွင် ကမ္ဘာပေါ်ရှိ Dalbergia တမလန်းသစ်မျိုးများမှာ တရားမဝင်ကူးသန်းရောင်းဝယ်မှုများပြားလာသဖြင့် မကြာမီကာလတွင် မျိုးသုဉ်းပျောက်ကွယ်ရန်အလားအလာရှိ၍ CITES ကူးသန်းရောင်းဝယ်မှုဆိုင်ရာ နောက်ဆက်တွဲ(၁) {CITES Appendix I} တွင် ယခင်ထည့်သွင်းထားသော Dalbergia မျိုးစိတ်များမှအပ ကျန်မျိုးစိတ်အားလုံးကို CITES ကူးသန်းရောင်းဝယ်မှုဆိုင်ရာ နောက်ဆက်တွဲ(၂) {CITES Appendix II}၌ ထည့်သွင်းရန် တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများက ၄–၁၀–၂၀၁၆ ရက်နေ့တွင် ကျင်းပသည့် မျက်နှာစုံညီဆွေးနွေးပွဲတွင် တညီတညွတ်တည်းအတည်ပြုဆုံးဖြတ်ခဲ့ကြပါသည်။

CITES ကွန်ဗင်းရှင်းသဘောတူညီချက်ဖြင့် စည်းမျဉ်းစည်းကမ်းများအရ အဆိုပါမျိုးစိတ်များ ပြည်ပတင်ပို့ခြင်းကို CITES Appendix II တွင် ထည့်သွင်းကြောင်း ကြေညာသည့်နေ့မှ ရက်ပေါင်း(၉၀)အတွင်း ပုံမှန်အတိုင်းတင်ပို့နိုင်ပြီး ရက်ပေါင်း(၉၀)ကျော်လွန်ပါက CITES မှ သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီပါက မြန်မာနိုင်ငံ၏ CITES အုပ်ချုပ်မှုအာဏာပိုင် (Management Authority)ဖြစ်သည့် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို CITES ပညာရပ်ဆိုင်ရာအာဏာပိုင်(Science Authority) ဖြစ်သည့် သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ညွှန်ကြားရေးမှူးတို့၏ CITES ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လေ့လာသုံးသပ်တင်ပြချက်အရ တင်ပို့ပါမစ် CITES Export Permit ထုတ်ပေးမည်ဖြစ်ပါသည်။

CITES COP(17) ညီလာခံ၏ ဆုံးဖြတ်ချက်များကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် အခြေစိုက်သော CITES ကွန်ဗင်းရှင်းအတွင်းရေးမှူးရုံးက အဖွဲ့ဝင်နိုင်ငံများသို့ တရားဝင်ပေးပို့လာပါက တမလန်းသစ်မျိုး *Dalbergia* မျိုးစိတ်များ ပြည်ပတင်ပို့လိုမှုနှင့် ပတ်သက်၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ လက်ရှိကျင့်သုံးဆောင်ရွက်နေသော ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရ ပြည်ပနိုင်ငံများသို့ CITES Export Permit (ပြည်ပတင်ပို့ခွင့်ပါမစ်)ရရှိရေးဆောင်ရွက်ရန်လုပ်ငန်းစဉ်များ ထုတ်ပြန်ပေးမည်ဖြစ်ပါသည်။

A Checklist of the trees, shrubs, herbs and climbers of Myanmar (2003) အရ မြန်မာနိုင်ငံတွင် တွေ့ရှိရသော *Dalbergia* မျိုးစိတ်(၄၃)မျိုးရှိပြီး သစ်ပင်ကြီး (၂၈)မျိုး၊ အပင်သေး(၅)မျိုးနှင့် ချုံပင်/ နွယ်ပင်/မြေလျှောက်ပင် (၁၀)မျိုးရှိပြီး လက်ရှိကူးသန်းရောင်းဝယ်မှု ပြုလုပ်နေသည့် *Dalbergia* မျိုးစိတ်အချို့မှာ (၁)တမလန်း (*Dalbergia oliveri*)၊ (၂)ယင်းတိုက် (*Dalbergia cultrata*)၊ (၃)ယင်းစပ် (*Dalbergia fusca*)၊ (၄) မဒမ (*Dalbergia collettii*)၊ (၅)မဒမ( *Dalbergia ovata*)နှင့် (၆)သစ်ပုဂံ (*Dalbergia lanceolaria*) တို့ဖြစ်ပါသည်။

# နိုင်ငံတော်အချုပ်အခြာအတွက် ရဲရဲနီစွေး သစ်တောသွေး



၁၉၅၉ခုနှစ်၊ မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းဆင်းပွဲ၌ သစ်တောမင်းကြီးချုပ် သီရိပျံချီဦးချိန်ဟိုးက ကျောင်းသားများအား အောင်လက်မှတ်နှင့်ဆုတံဆိပ်ချီးမြှင့်နေစဉ်



၁၉၆၀-၆၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောကျောင်း ကျောင်းဆင်းပွဲ အခမ်းအနား

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၉ ခုနှစ်၌ ပြည်တွင်းသောင်းကျန်းမှုများ ဖြစ်ပေါ်သော ကာလတွင် သောင်းကျန်းသူများက ပျဉ်းမနားမြို့ကိုသိမ်းပိုက်ခဲ့သဖြင့် သစ်တောဝန်ထောက် ဦးစောလင်းခေါင်းဆောင်သော သစ်တောကာကွယ်ရေးအဖွဲ့သည် ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလမှ မေလအတွင်း အခြားအစိုးရလက်နက်ကိုင်အဖွဲ့များနှင့်ပူးပေါင်း၍ ကာကွယ်ရေးတာဝန်ကို ဆောင်ရွက်ခဲ့ရာ ပျဉ်းမနားသစ်တောကျောင်းသားအများအပြားသည် ကျောင်းပိတ်သော်လည်း နေရပ်သို့မပြန်ဘဲ ဦးစောလင်း၏ မျိုးချစ်ပြောက်ကျားတပ်တွင် ဝင်ရောက်အမှုထမ်းကာ တိုင်းပြည်ကိုကာကွယ်ခဲ့ကြသည်။ ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၉)ရက်မှ (၂၀)ရက်ထိ သစ်တောကာကွယ်ရေးအဖွဲ့များသည် အုပ်ချုပ်ရေးပျက်ပြား၍ အန္တရာယ်ကျရောက်နေသော ပျဉ်းမနား မြို့သူမြို့သားများ၏ အသက်အိုးအိမ်စည်းစိမ်ကို မသမာသူများဘေးမှ ကာကွယ်ပေးခဲ့သည်။ ဦးစောလင်းသည် ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၁) ရက်မှ မတ်လ(၉)ရက်နေ့အထိ သောင်းကျန်းသူများ သိမ်းယူထားသော ပျဉ်းမနားမြို့တွင် မိသားစုကိုထားခဲ့ပြီး နယ်သစ်တောအမှုထမ်းအချို့နှင့် ပျဉ်းမနားသစ်တောကျောင်းမှ ကျောင်းသား(၂၀)ကျော်နှင့်အတူ ရိုးမတောအတွင်းသို့ တိမ်းရှောင်ပြီး သောင်းကျန်းသူများ၏ လှုပ်ရှားမှုသတင်းထောက်လှမ်းခြင်း၊ မြို့ပေါ်၌ကျန်ရှိခဲ့သည့် သစ်တောဌာနပိုင် လက်နက်ခဲယမ်းမီးကျောက်များကို လျှို့ဝှက်စွာသယ်ယူစုဆောင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၁၉၄၉ခုနှစ်၊ မတ်လ(၁၀)ရက်မှ ဧပြီလ(၉)ရက်နေ့အထိ ပျဉ်းမနားမြို့ကို သောင်းကျန်းသူများရန်မှ ကာကွယ်ရန် နေ့စဉ်နှင့်အမျှ တိုက်ခိုက်နေခဲ့ရသည်။

၁၉၄၉ ခုနှစ်၊ ဧပြီလ(၁၀)ရက်နေ့တွင် သောင်းကျန်းသူများကို တိုက်ခိုက်နေသော ဦးစောလင်း၏ တပ်ပေါင်းစုတွင် လက်နက်ခဲယမ်းမီးကျောက် မပြည့်စုံသဖြင့် ပျဉ်းမနားမြို့အရှေ့ဘက် ရွာများသို့ ရွှေ့ပြောင်းခဲ့ပြီး တပ်ကုန်းမြို့၊ ရမည်းသင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများကို သောင်းကျန်းသူအန္တရာယ်မှ ကာကွယ်ပေးခဲ့ရသည်။ ၁၉၄၉ ခုနှစ်၊ မေလ(၆)ရက်နေ့တွင် သစ်တောခရိုင်ဝန်နှင့် ဗိုလ်မှူးဘကျင်တို့က ဦးစောလင်း၏ သစ်တောကာကွယ်ရေးတပ်ကို ရမည်းသင်းသို့ခေါ်ယူ၍ လက်နက်ခဲယမ်းမီးကျောက်များထုတ်ပေးပြီး၊ ပျော်ဘွယ်မြို့ကို သိမ်းယူရန် တာဝန်ပေးခဲ့သည်။ ၁၉၄၉ ခုနှစ်၊ မေလ (၉)ရက်နေ့မှ ၁၉၅၀ ခုနှစ်၊ မေလ(၆)ရက်ကာလအတွင်း ပျော်ဘွယ်မြို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြို့အနီးအနား ပတ်ဝန်းကျင်ရှိ ရန်သူများကိုထွက်၍တိုက်ခိုက်ခြင်းနှင့် ပျော်ဘွယ်–သာစည် မီးရထားလမ်း၊ ပျော်ဘွယ်–မိတ္ထီလာကားလမ်း၊ ပျော်ဘွယ်–ရမည်းသင်းကားလမ်းကို စောင့်ရှောက်ခြင်းတို့ဆောင်ရွက်ရာ သစ်တောကာကွယ်ရေး ဝန်ထမ်း(၄)ဦး အသက်စွန့်လှူတ်ခဲ့ရသည်။

၁၉၄၉ ခုနှစ်၊ အောက်တိုဘာလ(၂၆)ရက်နေ့တွင် သစ်တောကျောင်းသားများပါဝင်သော မျိုးချစ်ပြောက် ကျားတပ်သည် ရန်သူ့ပိုင်နက်အတွင်း အတင်းဝင်၍ ရန်သူဖမ်းဆီးထားသည့် အစိုးရအရာထမ်း၊အမှုထမ်းမြောက်မြားစွာ ပါဝင်သည့် လူ(၂၀၀၀)ကျော်ကို ကယ်တင်ထုတ်ယူနိုင်ခဲ့သည်။ နိုင်ငံအတွက် အသက်စွန့်သွားကြသော မျိုးချစ်များစာရင်းတွင် ရခိုင်ပြည်နယ်မှ ပထမနှစ်သစ်တောကျောင်းသား ကိုစောနှင့် ကချင်ပြည်နယ်မှ ပထမနှစ်သစ်တောကျောင်းသား ကိုမြဦးတို့လည်း ပါဝင်ခဲ့ပါသည်။ ထိုကဲ့သို့ သက်စွန့်ကြိုးပမ်းဆောင်ရွက်ချက်များကြောင့် နိုင်ငံတော်မှ ဦးစောလင်း အား သီဟပလဘွဲ့နှင့် သီရိပျံချီဘွဲ့များကို ချီးမြှင့်ခဲ့သည်။

**မြန်မာနိုင်ငံသစ်တောသမိုင်း၊ မြန်မာနိုင်ငံသစ်တောကျောင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်စာစောင်တို့မှ ထုတ်နုတ်ပြင်ဆင်၍ တင်ပြပါသည်။**

# "ပြင်ဦးလွင် သစ်တောကျောင်းစောင့်အမြောက်ကြီးညီနောင်၏ ကောက်ကြောင်း"





**မြန်မာနိုင်ငံသစ်တောကျောင်း၊ ကျောင်းစောင့်အမြောက်ကြီးညီနောင်ပေါ်ရှိ အမှတ်အသားများအရ အောက်ပါအတိုင်းသိရှိရပါသည်-**

၁။ ထိုညီနောင်အမြောက်ကြီး (၂)လက်ကို အရှေ့အိန္ဒိယကုမ္ပဏီက ၁၈၅၁ ခုနှစ်တွင် သွန်းလုပ်ခဲ့ပါသည်။ (အင်္ဂလိပ်-မြန်မာဒုတိယစစ်ပွဲမဖြစ်မီ(၁)နှစ်)

၂။ အမြောက်ကြီးညီနောင်၏ ထုတ်လုပ်ထားမှု(ကိုယ်ပိုင်)အမှတ်မှာ(၃၈၆)နှင့်(၃၈၇)ဟုတွေ့ရပါသည်။

၃။ ထုတ်လုပ်သည့်စက်ရုံမှာ- (ABROOME 1851 COSSIPORE )ဖြစ်သည်။

၄။ အမြောက်ကြီး(၂)လက်ပေါ်ရှိ တံဆိပ်အမှတ်အသားနှင့်စာတမ်းမှာ "AUSPICIO REGIS ETSENATUS ANGLIAE" အင်္ဂလိပ်လိုအဓိပ္ပါယ်(By Right of the King and Senate of England)ဖြစ်သည်။

၅။ အမြောက်ကြီးများ၏အရှည်မှာ (၆)ပေ(၄)လက်မ၊ ခါးလယ်လုံးပတ်(၂)ပေ(၆)လက်မ၊ ထိပ်ဝ(၂)ပေ(၄) လက်မ၊ နောက်ဝ(၂)ပေ (၁၀)လက်မ၊ အပေါက်ဝအချင်း (၄)ပေ ($\frac{၁}{၂}$)လက်မရှိပြီး-
ဘယ်ဘက်အမြောက်၌ CCCLXXX VII နံပါတ်နှင့် ညာဘက်အမြောက်၌ CCCLXXX VI နံပါတ်တို့ပါရှိသည်။

၁၈၅၁ ခုနှစ်တွင် အင်္ဂလန်နိုင်ငံရှိ အမြောက်စက်ရုံက ထုတ်လုပ်လိုက်သော အမြောက်နံပါတ်(၃၈၆)နှင့် (၃၈၇)တို့ကို အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ(၁၈၅၂-၁၈၅၄) ခုနှစ်များတွင် ဖြစ်ပွားခဲ့သော မြန်မာ့စစ်မြေပြင်၌ သုံးစွဲ နိုင်သလို မသုံးစွဲဘဲ အောက်မြန်မာပြည် ရန်ကုန်ရှိ အင်္ဂလိပ်ရေတပ်စခန်းသို့လည်း ပို့ထားနိုင်သည်ဟုလည်း ခန့်မှန်းရပါသည်။ ၁၈၈၅-၁၈၈၆ခုနှစ် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲ(ဝါ)မြန်မာနိုင်ငံတစ်ဝန်းလုံး အင်္ဂလိပ်လက်အောက်သို့ ရောက်စေခဲ့သော ပြည်သိမ်းစစ်ပွဲတွင် ရန်ကုန်မှ မန္တလေးသို့တက်လာသော အင်္ဂလိပ် စစ်တပ်(ရေတပ်သင်္ဘော)ဖြင့် သယ်လာပြီး တိုက်ပွဲ၌ သုံးနိုင်ကြောင်းမှန်းဆရပါသည်။ ၁၈၈၆ ခုနှစ် ပြည်သိမ်းပွဲအပြီး ထိုအမြောက်ကြီး(၂)လက်မှာ မန္တလေး အင်္ဂလိပ်စစ်တပ်၊ ထိုမှ တစ်ဆင့် မေမြို့ ယခုပြင်ဦးလွင်သို့ ကုန်းကြောင်းဖြင့် သယ်လာပုံရကြောင်း ခန့်မှန်းရပါသည်။ မေမြို့တွင် အင်္ဂလိပ်ကိုလိုနီတစ်ခေတ်လုံး၌ာန တစ်ခုခုတွင်ရှိနေပြီး ၁၉၄၈ ခုနှစ်၊ မြန်မာပြည်လွတ်လပ်ရေးရပြီးနောက် ထိုအင်္ဂလိပ်အမြောက်ကြီး(၂)လက်ကို ပိုင်ရှင်က လွှဲပြောင်းပေးခဲ့သည်ဟု ယူဆရပါသည်။

မြန်မာနိုင်ငံ သစ်တောကျောင်းကို ပျဉ်းမနားမှ အင်းစိန်၊အင်းစိန်မှမေမြို့ယခုပြင်ဦးလွင်သို့ ၁၉၅၃ ခုနှစ်တွင် ပြောင်းရွှေ့လာပြီး မကြာခင်မြန်မာနိုင်ငံသစ်တောကျောင်းပြတိုက်တစ်ခု စနစ်တကျတည်ထောင်၍ အများပြည်သူတို့အားပြသလိုက်ရာ၊ ထိုအမြောက်ကြီးညီနောင်သည် သစ်တောကျောင်းပြတိုက်သို့ ရောက်ရှိခဲ့နိုင်ကြောင်း လေ့လာဖတ်ရှုချက်များအရ ခန့်မှန်းရပါသည်။ သို့ပါ၍ ယခုတွေ့ရသော အမြောက်အမှတ်(၃၈၆)နှင့်(၃၈၇) အမြောက်ကြီး ညီနောင်တို့သည် သက်တမ်း(၁၆၅)နှစ်ရှိပြီဖြစ်ပြီး မြန်မာနိုင်ငံသစ်တောကျောင်း၏ ကျောင်းစောင့်အမြောက်ကြီးများအဖြစ် မျက်မှောက်ခေတ်အထိ တာဝန်ထမ်းဆောင်နေသည်ကို ဂုဏ်ပြုတင်ပြလိုက်ပါသည်။

၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဂျာနယ် တွင် ဖော်ပြပါရှိခဲ့သည် ဆရာ ဦးတင်လှ(သစ်တော)၏ " မြန်မာနိုင်ငံသစ်တောကျောင်း၊ ကျောင်းစောင့်အမြောက်ကြီးညီနောင် " ဆောင်းပါးမှ ပြင်ဆင်တည်းဖြတ်၍ ဖော်ပြပါသည်။

# "သစ်တောကျောင်းနှင့် ကျွန်တော်"

**အုန်းဝင်း** (B.Sc.,Forestry 1976)

ကျွန်တော်သည် မြန်မာနိုင်ငံသစ်တောကျောင်း၌ ၂၁-၇-၁၉၈၃ မှ ၂၁-၁၂-၁၉၉၀အထိ ခုနှစ်နှစ်နှင့် ငါးလတိတိ နည်းပြဆရာ(Instructor)အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ သစ်တောကျောင်း၌ လုပ်ကိုင်စဉ် တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို အောက်ပါခေါင်းစဉ်များအတိုင်း ရေးသားပြုစုပေးပို့အပ်ပါသည်။

(က)သင်ကြားမှုအတွေ့အကြုံ

(ခ) နေထိုင်စဉ်အတွေ့အကြုံ

(ဂ) တပည့်မျိုးစုံအတွေ့အကြုံ

အဆိုပါအတွေ့အကြုံများသည် မဆန်းလှသော်လည်း ကျွန်တော့်အတွက် လွမ်းတလျလျနှင့် အမြဲသတိရနေသည်။ ကျွန်တော်၏ ဝန်ထမ်းလုပ်သက်(၂၁)နှစ်တွင် အကြာဆုံးနေထိုင်ခဲ့ရခြင်း၊ ဘဝအပြောင်းအလဲများစွာတွေ့ကြုံခဲ့ရခြင်းတို့သည် ကျွန်တော့်အတွက်မမေ့နိုင်သော အတွေ့အကြုံများကို ရရှိခဲ့ပေသည်။

ဤသင်တန်းကျောင်း၌ နေထိုင်စဉ် အရက်သေစာသောက်စားမှု လုံးဝပြတ်သွားခြင်း၊ ဘာသာရေးဆိုင်ရာအကြောင်းအရာများကို စာတွေ့ကိုယ်တွေ့လေ့လာလိုက်စားကျင့်ကြံခဲ့ရခြင်း၊ နိုင်ငံခြားမှ မဟာဘွဲ့ရခဲ့ခြင်း၊ ဦးနှောက်ဉာဏ်ဖွံ့ဖြိုးမှုနည်းသော သမီးကြီးသည် စာသင်ကြားနိုင်၍ တစ်တန်းပြီးတစ်တန်းအောင်မြင်ခြင်း၊ ခင်မင်ရသော လုပ်ဖော်ကိုင်ဖက်အချို့နှင့် တပည့်အချို့ ကွယ်လွန်၍ခွဲခွာသွားရခြင်း၊ ဖခင်ကြီးကွယ်လွန်သွားခြင်း၊ မိမိမတတ်ကျွမ်းသေးသော ဘာသာရပ်နှင့် လက်တွေ့လုပ်ငန်းများတတ်ကျွမ်းနားလည်ခြင်း၊ မိသားစုအေးချမ်းစွာနေထိုင်ရခြင်းစသည့်ဖြစ်ရပ်၊ ရလဒ်၊ အကျိုးများကို ခံစားခဲ့ရပါသည်။

သို့ပါ၍ တစ်သက်တွင် တစ်ခါကြုံရန်ခဲယဉ်းလှသည့် မြန်မာနိုင်ငံသစ်တောကျောင်း နှစ်(၁၀၀)ပြည့်၌ ကျွန်တော်၏ ဤဆောင်းပါးဖြင့် ဂုဏ်ပြုရေးသား၍ တာဝန်ကျေလိုပါသည်။

## (က)သင်ကြားမှု အတွေ့အကြုံ

သင်တန်းကျောင်းနှင့် တက္ကသိုလ်သည် အစစအရာရာ ကွာခြားပါသည်။ သင်တန်းကျောင်း၌ သင်တန်းသား(တောခေါင်း)များကို သင်ကြားရာ၌ How to do, What to do နှင့် When to do များကို စနစ်တကျ သင်ကြားရပြီး အကျင့်စာရိတ္တနှင့် ဦးဆောင်လုပ်ကိုင်မှု (Morale and Conduct)ကိုလည်း အမြဲတမ်းအမှတ်ပေးနေရပါသည်။ သင်တန်းသားများကို သစ်တောဌာန၏ အရေးကြီးသော back bone များဖြစ်သည့် တောအုပ်ကောင်းများဖြစ်အောင် လေ့ကျင့်သင်ကြားရခြင်း ဖြစ်ပေသည်။ အကြောင်းအရာတစ်ခုကို တိုတိုတုတ်တုတ်၊ ထိထိမိမိနှင့် ခေါင်းထဲမျက်စိထဲစွဲအောင် သင်ကြားရခြင်းဖြစ်သောကြောင့် သင်ကြားရာ၌ လွယ်သယောင်နှင့် မလွယ်လှပါ။

စကားအပြောကောင်းသောသူအချို့ ဤသင်တန်းကျောင်း၌ နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ရာ၌ သင်တန်းသားများ တွေ့ကြုံရသည်မှာ မှတ်သားစရာကောင်းသည်။ ကျွန်တော်သည် သင်တန်းသားများကို ဘာသာရပ်ဆိုင်ရာသင်ကြားမှုနှင့် မည်ကဲ့သို့ နားလည်သည်ကို အမြဲမေးလေ့ရှိသည်။ ထိုသို့မေးမြန်းရာမှ သိရှိရသည်မှာ "ထို - ဆရာသည် စကားအပြောကောင်း၏။ အချိန်စေ့သည်အထိ နားငြီးဖွယ်မရှိ၊ သို့သော်အချိန်သာကုန်သည်၊ မှတ်စရာမကျန်။" မှန်ပေသည်။ အချို့သည်လည်း စာသင်ကြားမှုကောင်းသည်၊ သို့သော် လက်တွေ့လုပ်ကိုင်ရာ၌ သင်တန်းသားနားလည်အောင်ပြသမှု၌ မကျွမ်းကျင်ပေ။

တက္ကသိုလ်၌ ခြောက်နှစ်သင်ကြားရသောကြောင့် အကြောင်းအရာတိုင်းကို Why to do သင်ကြားရန်အချိန်ရသည်။ သင်တန်းကျောင်း၌ နှစ်နှစ်သာအချိန်ရခြင်း၊ သင်တန်းသားများ၏ ပညာအခြေခံမှာလည်း အားနည်းသောကြောင့် Why to do ကို နည်းနည်းသာသင်ကြားနိုင်သည်။ Why to do ချည်းအချိန်ယူ သင်ကြားနေပါက တကယ်တမ်း နဖူးတွေ့ဒူးတွေ့လုပ်ကိုင်ရမည့် How/When and What to do များလွတ်သွားပေမည်။ ဤအချက်အား သစ်တောကျောင်းရှိ သင်ကြားနေသော နည်းပြများ အထူးသတိပြုသင့်ပေသည်။

အချို့သင်တန်းသားများသည် အင်္ဂလိပ်စာကို အလွန်လေ့လာကြကြောင်း ကျွန်တော် သတိထားမိသည်။ ကျွန်တော်နှင့်အတူ အခြားဆရာများကလည်း အားပေးသည်။ ကျွန်တော်သည် Scrabble ကစားသည်ကို ဝါသနာပါသောကြောင့် ကျောင်းသားများကို စနစ်တကျသင်ကြားပေး၍ အချင်းချင်းယှဉ်ပြိုင်စေသည်။ ပထမရသူကို ဆုပေးသည်။ အင်္ဂလိပ်စာ ပင်ကိုကောင်းသော တပည့်နှစ်ဦးကို မှတ်တမ်းတင်အပ်ပါသည်။ စကားစပ်မိတိုင်းလည်း မိတ်ဆွေများ၊ ယခုတက္ကသိုလ်ရှိတပည့်များကို ပြောဆိုပါသည်။ မောင်မောင်ခင်(၁၉၈၄ ဆင်း)သည် ကာကွယ်ခြင်းဘာသာရပ်တစ်ခုလုံးကို အင်္ဂလိပ်ဘာသာဖြင့်ဖြေဆိုသည်။ အမှားအယွင်းနည်းသည်။ ယခု ကသာခရိုင်၌ တောအုပ်အဆင့်ဖြင့် တာဝန်ထမ်းဆောင်နေသည်ဟု ကြားရသည်။ လူကိုယ်တိုင်မတွေ့သည်မှာ လေးငါးနှစ်ခန့်ရှိပြီ။

နောက်တစ်ဦးမှာ ဝင်းမြင့်သန်း(၁၉၈၇ ဆင်း)ဖြစ်သည်။ Silviculture နှင့် Forest Economics ဘာသာရပ်နှစ်ခုစလုံးအား အင်္ဂလိပ်လိုဖြေဆိုသည်။ လက်ရေးသပ်ရပ်သည်။ အမှားအယွင်းနည်းသည်။ ယခုအချိန်၌ ၄င်းတပည့်သည် ဦးစီးရုံးချုပ် SSC ၌ တောအုပ်အဖြစ် တာဝန်ထမ်းဆောင်နေသည်။

အဆိုပါ တပည့်နှစ်ဦး၏ အဖြေလွှာများကို ကျွန်တော်သည် ဂုဏ်ယူစွာဖြင့် ပြောင်းရွှေ့သည့်နေရာတိုင်း အမြဲယူဆောင်သည်။ ဆက်လက်၍ ကြိုးစားနေပါစေဟု ဤဆောင်းပါးမှ အကြံုစကားဖြင့် တိုက်တွန်းအပ်ပါသည်။

## (ခ)နေထိုင်စဉ် အတွေ့အကြုံ

သင်တန်းကျောင်း၌ နေထိုင်စဉ် အခြားအတွေ့အကြုံများထက် 'တစ္ဆေအတွေ့အကြုံ' ကိုရေးသားလိုပါသည်။ ကျွန်တော်သည် တစ္ဆေကိုမကြောက်သော်လည်း မျက်စိနှင့် သေသေချာချာကြည့်ရှုရန်၌မူ တွန့်နေသည်။ ပြေးရန်ကိုတော့ ဝါသနာမပါချေ။ မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် တစ္ဆေအကြောင်း စူးစမ်းရန်ဝါသနာပါသည်။

### ကျီစယ်သန်သော တစ္ဆေမ

တစ္ဆေအခြောက်သန်သောနေရာများသို့ မလွဲမသွေသွားရပါက ''ငါ့ကို တစ္ဆေခြောက်လျှင် တစ္ဆေမပဲခြောက်ပါစေ၊ တစ္ဆေထီးတော့ မခြောက်ပါနဲ့''ဟု စိတ်ထဲ၌ ရေရွတ်လေ့ရှိသည်။ ကျွန်တော့ယူဆချက်မှာ တစ္ဆေမသည် မိန်းမပင်ကိုဖြစ်သောကြောင့် အရုပ်ဆိုးဆိုးကြီးပြပြီး ခြောက်မည်မဟုတ်။ လက်ပုတ်၊ ခေါင်းပုတ်ပြီး ကျီစယ်မည်။ တစ္ဆေထီးများကား ယောကျ်ားအချင်းချင်းမို့ မလန့် လန့်အောင်၊ အရုပ်ဆိုးပေ့ဆိုတာဖန်တီးပြီး ခြောက်မည်ဟူ၍ဖြစ်ပါ၏။

၁၉၈၅ ခုနှစ် မိုးရာသီ၌ မေမြို့ (ပြင်ဦးလွင်)မြို့နယ် ဗိုလ်တဲတွင် မန္တလေးတိုင်း ဦးစီးမှူး ဦးသန်းဌေး(ယခု–ပင်စင်စား)၊ ဦးသာလှ (ယခု–ပင်စင်စား)၊ ဦးတင်လတ် (ယခု –ညွှန်ကြားရေးမှူး)၊ ဦးလှနိုင် (ကွယ်လွန်)နှင့် ကျွန်တော်တို့သည် အရက်သောက်နေကြသည်။ စကားဝိုင်း၌ ဤဗိုလ်တဲသည် ယခင်အင်္ဂလိပ်လူမျိုးပိုင်သစ်ကုမ္ပဏီရုံးဖြစ်ကြောင်း၊ တစ္ဆေခြောက်ကြောင်းများ ပြောကြားရာ ဦးလှနိုင်မှ ဤဗိုလ်တဲစောင့် ဦးအောင်သိန်း(ယခု–ပြောင်းသွားပြီလော မပြောတတ်)ည ကင်းစောင့်စဉ် အလွန်ချောမော၍ ဂါဝန်ဝတ်ထားသော အင်္ဂလိပ်မ/ဘိုမတစ်ဦးလာပြီး သူမကိုယူရန်နှင့် ယူပါက ရွှေငွေများပေးမည်ဟုပြောကြောင်း၊ ဦးအောင်သိန်း မှ 'ငါ့မှာမိန်းမရှိတယ်၊ ကလေးရှိတယ်၊ နင့်မယူချင်ဘူး'ဟု ရိုးရိုးကြီးပြန်ပြောရာ ဘိုမမှ ဦးအောင်သိန်း အား အတင်းဖက်ကြောင်း၊ ညပိုင်းတွင် ထမင်းပြန်စားလေ့ရှိသော ဖခင် ဦးအောင်သိန်း ပြန်ချိန်၌မရောက်၍ သားဖြစ်သူလိုက်လာသောအခါ ဖခင်မှာ စားပွဲပေါ်၌ တဝူးဝူးနှင့်အော်၍ လူးလိမ့်နေကြောင်းတွေ့ရ၍ ဖခင် ကြီးအားအတင်းလှုပ်နှိုးရာ ဦးအောင်သိန်းသည် နိုးသွားပြီး ခန္ဓာကိုယ်တစ်ခုလုံး အမွေးတဖွားဖွားရှိသော အကောင်ကြီးမှာ သူ့အပေါ်မှဆင်းသွားကြောင်း၊ စက္ကူပန်းချုံ ဘက်သို့သွားကြောင်း၊နောက်ညများတွင်လည်း အမြဲလာ၍ သူ့ကိုယူရန်ပြောကြောင်း၊ ဦးအောင်သိန်းမှာလည်း ငြင်းဆိုကြောင်း ပြောပြပါသည်။ ဦးတင်လတ်တို့ ကျွန်တော်တို့မှာ ဒီတစ္ဆေမမျိုးတို့နှင့် တွေ့ချင်ပါတယ်ဟု ပြောင်လှောင်ပြောဆိုပါသည်။

၎င်းနောက် ဦးတင်လတ်မှ ကျွန်တော်တို့ရောင်းရင်း ကိုဝင်းမော်ကြီး( B.Sc.79 ဆင်း၊ ယခု–ဦးစီးရုံးချုပ်)လည်း ဤဘိုတဲ၌ အခြောက်ခံရကြောင်း၊ အပေါ်ဆုံးထပ်ဘယ်ဘက်အခန်း၌ သူအိပ်နေစဉ် သူ၏ပါးကို ရွှတ်ခနဲမြည်အောင်နမ်းကြောင်း ပြောပြပါသည်။ ကျွန်တော်တို့မှ ဝင်းမော်ကြီးကံကောင်းလိုက်တာဟု မူးမူးနှင့်ရေရွတ်ကြပါသည်။

ကျွန်တော်မှလည်း ဦးဘီခေါင်ဒေါင် (B.F.S 1960 ခုဆင်း)မှ ကျွန်တော့်အားပြောပြခဲ့သည်ကို တစ်ဆင့်ပြောပြပါသည်။ သူ ဤဗိုလ်တဲ၌ နေ့လယ်ခင်းအိပ်စဉ် ဖြုန်းခနဲလန့်နိုးရာ မိန်းမတစ်ယောက် သူ့အိပ်ရာဘေး၌ထိုင်နေကြောင်း၊ သူ့အားစိုက်ကြည့်နေကြောင်း၊ ပထမ၌ ဦးဘီခေါင်ဒေါင်သည် သူ့ဇနီးလိုက်လာသလို ထင်နေကြောင်း၊ ၎င်းနောက် အဆိုပါမိန်းမသည် ရေချိုးခန်းသို့ တံခါးမဖွင့်ဘဲဝင်သွားကြောင်း၊

ဤသို့ဖြင့် ကျွန်တော်သည် ပြောလိုက်သောက်လိုက်နှင့် အချိန်တော်တော် ကုန်လာပါသည်။ ကျွန်တော် ဆီးသွားချင်၍ အိပ်ခန်းတစ်ခုထဲဝင်ရာ ဦးတင်လတ်ပြောသည့် ကိုဝင်းမော်ကြီးကို တစ္ဆေမဖက်နမ်းသောအခန်းဖြစ်ကြောင်း ကျွန်တော်သတိထားမိပါသည်။ ကျွန်တော်လည်း အတော်ထွေနေပါသည်။ ကျွန်တော် အပေ့ါအပါးသွားစဉ် ကျွန်တော်၏ ကုပ်အားလက်အေးအေးကြီးနှင့်ကိုင်ထားသလို ဖြုန်းကနဲခံစားရလာသည်။ တစ်ခဏချင်း အမူးလည်းပြေသွားပါသည်။ တစ္ဆေနှင့်ဆိုင်သော အတွေးအခေါ်လည်း ခေါင်းထဲဝင်လာပါသည်။ အရက်ဝိုင်း၌ ပြောနေကြသည်မှာ ဤဗိုလ်တဲရှိ တစ္ဆေမအကြောင်း၊ ခပ်ချောချောဘိုမတစ္ဆေမအကြောင်းသာဖြစ်၏။ အခြောက်ခံရသူတိုင်းမှာ အကြမ်းအတမ်းကိစ္စမပါ။ ကိုဝင်းမော်ကြီးကဲ့သို့ ကံကောင်းပါက အနမ်းပင်ခံရကြောင်း၊ ငါ့ကျမှ ဘယ်လိုဖြစ်တာလဲဟု ခေါင်းထဲပေါ်လာပြီး သွားနေသောဆီးပင်လျှင် မပြီးသေးဘဲရပ်သွား၍ ကျွန်တော် ထခုန်လုနီးပါး ကြောက်သွားလေသည်။ ငါ့အလှည့်ရောက်မှ တစ္ဆေထီးခြောက်ပြီဟု ရောက်တတ်ရာရာစဉ်းစားပြီး ရေချိုးခန်းတံခါးအား အတင်းဆွဲဖွင့်ပါသည်။ သို့သော် စူးစမ်းချင်သောစိတ်ကလေးမှာ ဘယ်ကထွက်လာသည်မသိ၊ ငါသေသေချာချာ ပြန်ကြည့်ဦးမလေဟု ကြောက်ကြောက်နှင့်ကြည့်လိုက်ရာ အိမ်သာအပေါ်ရေပိုက်မှ ရေတစ်စက်နှေးကွေးစွာ အောက်သို့ကျနေကြောင်း တွေ့ရမှစိတ်ပေါ့သွားပြီး အပေ့ါအပါးပြီးအောင်သွားနိုင်လေသည်။

စကားဝိုင်းသို့ရောက်သောအခါ ဆရာနိုင်မှ ဆရာအုန်းအိမ်သာထဲမှာ ကြာလှချည်လား၊ တစ္ဆေမနဲ့ကျီစယ်နေတာလား၊ တင်ပါးနားမှာလည်း ရေတွေကွက်နေပါလားဟုနောက်ပါသည်။ ကျွန်တော်လည်း ရှက်ရှက်နှင့် 'အိမ်သာအဖုံးက ရေတွေစိုနေတာမမြင်ဘဲ တက်ထိုင်မိတာပါ'ဟု ပြန်ဖြေလိုက်ပါသည်။

### (ဂ) တပည့်မျိုးစုံအတွေ့အကြုံ

ကျွန်တော်သင်တန်းကျောင်း၌ ရှစ်နှစ်ခန့် တာဝန်ထမ်းဆောင်သော ကာလအတွင်း စာသင်ကြားခဲ့ရသည့်တပည့်ပေါင်းမှာ ၄၄၂ ဦးရှိကြောင်း ကျွန်တော်မှတ်သားမိသည်။ ရာချီသောတပည့်များထဲမှ ထူးခြားစွာပြုမူ၊ ပြောဆို၊ နေထိုင်သောတပည့်အချို့ကို ကျွန်တော်ကိုယ်တိုင်မှတ်တမ်းတင်ထားသောကြောင့် ဤဆောင်းပါးဖြင့် ပြန်လည်၍ဖောက်သည်ချလိုပါသည်။ တပည့်များအား ထိခိုက်နစ်နာစေလိုသော စိတ်မရှိပါ။ မှတ်သားစရာကောင်း၊ ရယ်စရာကောင်းသောကြောင့်သာဖြစ်ပါသည်။

#### ၁။ မြွေနှစ်ကောင်အားဆေး

မြွေနှစ်ကောင်ဆေးရည်သည် တကယ်စင်စစ်အားဆေးမဟုတ်ပါ၊ ပွေးဆေးဖြစ်ပါသည်။ တင်ချာအနံ့များရှိ၍ လိမ်းပါကစပ်ပါသည်။ ကျွန်တော်ကိုယ်တိုင်အဌမတန်းကျောင်းသားဘဝ၌ တစ်ကိုယ်လုံးပွေးပတ်လည်ဝိုင်းခဲ့စဉ်က ဤဆေးရည်သုတ်လိမ်းပြီးကြိတ်မှိတ်ခံကာ ပျောက်ခဲ့ရပါသည်။ ပွေးနှင့်မကင်းသူများ အမည်ယဉ်ပါးနေသောဆေးဖြစ်ပါသည်။ ၁၉၈၄ ခုနှစ်၌ ကျောင်းသားတစ်ဦး(အမည်မဖော်လိုပါ)သည် ချစ်ရသူနှင့်အသည်းကွဲဇာတ်လမ်းစပြီး အတော်ရင်နာသွားရသည်။ နှလုံးဆွေးမြည့်သွားဟန်တူသည်။ ချစ်သူနဲ့အဆင်မပြေရင် ဒီဘဝနေရတာ မထူးပုံရသည်။ သို့သော် ကြိုးဆွဲမချ၊ ကိုယ့်ပိုက်ကို ဓားနဲ့မထိုး၊ မြွေနှစ်ကောင်ပွေးဆေးအား အဆိပ်ရည်သဘောထားပြီး သောက်ချလိုက်သည်၊ အနီးရှိ ကျောင်းသားများမှာ မနေသာဘဲ ဆေးရုံပို့လိုက်ရသည်။ လူဦး၍ ဆေးဦးသောကြောင့် ၎င်းတပည့်ဘာမှမဖြစ်ဘဲ ဆေးရုံမှဆင်းရသည်။ ဆရာများသက်ပြင်းချနိုင်သွားသည်၊ သို့သော် ထူးခြားသည်မှာ ၎င်းတပည့်သည် မြွေနှစ်ကောင် ပွေးဆေးသောက်ပြီးခါမှ ဝလာပြီး အသားအရည် စိုပြည်ခံ့ညားလာသည်။ မြင်

ရသူတိုင်း အံ့အားသင့်ကြရသည်။ ထို့ကြောင့် ပိန်ကပ်ကပ်ဖြစ်နေသော တပည့်များအား တွေ့ပါက ဝဖီးလာစေရန် မြွေနှစ်ကောင်အားဆေးကိုသာညွှန်းရပါသည်။

## ၂။ သစ်တောကျောင်းသား၊ ခိုင်းကျွဲတစ်ကောင်

ဤခေါင်းစဉ်သည် ရိုင်းနေသယောင်ထင်ရသည်။ တကယ်ပင် ကျွန်တော်မမြို့ (ယခင်နာမည်ဟောင်း)ဈေးထဲ ဝါယာကြိုးဝယ်ရန်ဆိုင်ထဲ၌ ဈေးမေးနေစဉ် သစ်တောကျောင်းသား(၁၉၈၄ ဆင်း)တစ်ဦး ဈေးဝယ်နေသည်ကို သတိထားမိသည်။ ၎င်းသည် ကျောင်းသား Mess မှတာဝန်ခံဖြစ်သည်။ အစိမ်းကြော် ကြော်ရန် မုန်လာဥနီ၊ ပဲပင်ပေါက်များဝယ်နေသည်။ ဈေးသည်ကလေးကိုအမိပွါယ်ပါသော မျက်နှာထားနှင့် ဈေးဆစ်ခြင်း၊ ဈေးသည်ကလေး၏ လက်ကိုအခွင့်သာသလို ကိုင်နေသည်ကိုလည်းကောင်း၊ ဟင်းရွက်သည်၏ နံဘေးရှိကောက်ညှင်းပေါင်းသည်နှင့် နာနတ်သီးရောင်းသည့်အမျိုးသမီးနှစ်ဦးမှ တစ်ဦးကိုတစ်ဦးမေးငေ့ါပြနေသည်ကိုလည်းကောင်း၊ တပည့်ကျောင်းသားမှာလည်း မက်ဇင် ပိုက်ဆံတစ်ထပ်ကြီးကို ဟန်တပြုပြုနှင့် ရေတွက်နေ၍လည်းကောင်း၊ ကျွန်တော်သည် ဈေးဝယ်နေရာမှ သတိထားမိ၍ ပြုံးနေသည်။ ဈေးသည်ကလေးမှာ ရုပ်ရည်အညံ့စားမဟုတ်၊ နာတံပေါ်ပေါ်နှင့် ကုလားချောချောသည် တပည့်ကျောင်းသားအားလည်း သဘောကျဟန်တူသည်။ ပြုံး၍ဟင်းရွက်များထည့်ပေးသည်။ ရွှင်ပြုံးနေသောကျောင်းသားအား မခို့တရို့လေးကြည့်နေသည်။ ကျောင်းသားမှာ ဝမ်းပန်းတသာနှင့်ကျသင့်ငွေရှင်းပေးပြီး ဈေးသည်မကလေး၏လက်ကိုဖျတ်ကနဲကိုင်ပြီး ထွက်သွားသည်။ ကျောင်းသား ခပ်ဝေးဝေးရောက်မှ ဟင်းရွက်သည်ကလေး၏ တစ်ဆိုင်ကျော် ကောက်ညှင်းပေါင်းသည်မှ ဟင်းရွက်သည်ကလေးကို အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်မှာ ....

'ညည်းစိတ်ကူးမလွဲနဲ့တော့၊ သစ်တောကျောင်းသားဆိုတာ ရေစိမ်ခံ၊ အကြမ်းခံ၊ ကျွဲတစ်ကောင်အိမ်မှာရသလိုပဲ၊ အကုန်ခိုင်းလို့ရတယ်'

ဤစကားအား ဈေးဝယ်သည့် တပည့်ကြားပါက ဝမ်းသာအားရစွာဖြင့် ခွာစုန်ပေါက်၍ ဟီနေမည်လော။ ဂွတ်တက်လာမည့်ပုံနှံအား ပွတ်နေမည်လောမပြောတတ်။

## ၃။ ညံ့ကြပြီဟုဆိုလျှင်

သစ်တောကျောင်းသို့ တက်ခွင့်ရရန်မှာ မြို့နယ်၊ တိုင်း၊ ပြည်နယ်စာမေးပွဲနှင့်နောက်ဆုံးသင်တန်းကျောင်း၌ ဖြေဆိုပြီးမှရွေးချယ်သည်။ အဆင့်ဆင့်စစ်ဆေးသောကြောင့် ကျောင်းသားများသည် အရေအတွက်ရော၊ အရည်အချင်းပါ ပြည့်မီသူများများသည်။ သို့သော် ၁၉၈၆ ခုနှစ်တွင် သစ်တောကျောင်းသို့ စစ်ဆေးမှု(ဝါ)စာမေးပွဲမလိုတဲ့တက်ရောက်ခွင့်ပြုလိုက်သည်။ ယင်းကဲ့သို့ ခွင့်ပြုမှုကြောင့် သင်ကြားရေး၌ တွေ့ရသော အတွေ့အကြုံတစ်ရပ်ဖြစ်ပါသည်။

(က)ကျွန်တော် သစ်တောစီမံအုပ်ချုပ်မှုဘာသာရပ်သင်စဉ် ကျွန်းပင်များလုံးပတ်လျော့၍ထုတ်ရကြောင်းနှင့် ပတ်သက်၍ပြောကြားပါသည်။ ဒုတိယတန်းအလယ်ထိုင်ခုံ၌ထိုင်နေသောကျောင်းသားအား ကျွန်တော်မှယခင်တုန်းက ကျွန်းပင်ကို ၇' ၆" ထုတ်တယ်။ အဲဒီတုန်းက အခြေအနေအရပ်ရပ်ကြောင့် ၆' ၆" ထုတ်ရတယ်၊လုံးပတ်ဘယ်နှစ်ပေလျော့သွားလဲဟုမေးရာ ၎င်းတပည့်မှာ ၁၀ ပေလျော့သွားသည်ဟု ဖြေသောကြောင့် တစ်တန်းလုံးပွဲကျသွားပါသည်။

(ခ) ၁၉၈၇ခုနှစ်အစပိုင်း၌ ကောလင်းမြို့နယ်၊ ဒေါ်စီ စခန်း၌ရှိစဉ် ကျောင်းသားများ သချ်ာညံ့မှန်းသိ၍ မြေတိုင်းပညာကိုတနင်္ဂနွေနေ့ သို့မဟုတ် စနေနေ့တွင် စာတွေ့လက်တွေ့ သင်ကြားပေးပါသည်။ မြေတိုင်းပညာ၌ အရှေ့ဘယ်ရင်(Forward Bearing)၊ အနောက်ဘယ်ရင်(Backward Bearing)များ တွက်ချက်နည်းများပါရှိသည်။ ထို့ကြောင့် စာသင်တိုင်း ဘယ်ရင်, ဘယ်ရင် ဟူသောစကားသည် ထပ်နေပါသည်။ ကွန်ပါကိုင်၍ ကျွန်တော်မှ ဘယ်ရင်ဖတ်ပုံကို ရှင်းပြသည်။ ကျောင်းသားများအား ဘယ်ရင်တွက်ရန် ပုစ္ဆာပေးပြီး ကျွန်တော်မှ ကျောင်းသားများဘေးမှ လျှောက်ကြည့်သည်။ ခေါင်းကို ခဏခဏ ကုတ်လိုက်၊ တခြားသူတွေဘက်ကိုကြည့်လိုက်ဖြစ်နေသော ဂနာမငြိမ်သည့် ကျောင်းသားတစ်ဦးကို သတိထားမိ၍ ၎င်းအနားကပ်သွားသည်။ ပုစ္ဆာသာရေးထားသည်၊ ကျန်တာဘာမှမရေးသေး၊ ထို့ကြောင့် ကျွန်တော်မှ တပည့်မင်းလိုက်နိုင်ရဲ့လား ဟုမေးရာ ၎င်းတပည့်မှ ''ဆရာ ကျွန်တော် မလိုက်နိုင်ဘူး၊ ဆရာပြောနေတဲ့ ဘယ်ရင်ဘယ်ရင်ဆိုတာကို ကျွန်တော်ကွန်ပါအောက်လှန်ကြည့်တာ ဘယ်ရင်ခြမ်းတွေလည်း မတွေ့ဘူး'ဟု ပြန်ပြောလေသည်။ ကျွန်တော်မှ မင်းကျောင်းမလာမီ အရင်ဘာလုပ်လဲမေးရာ 'ကျွန်တော် ပျိုးဥယျာဉ်မှာ နေ့စားရေစက်မောင်းပါ ဆရာ၊ ဘယ်ရင်ခြမ်း ကောင်းကောင်းကိုင်တတ်ပါတယ်' ဟု ဖြေလေသည်။

## ၄။ ကြယ်တစ်ပွင့်ဆိုရင် ရပါတယ်ဆရာ

၁၉၈၅ ခုနှစ်ဆင်းမည့်ကျောင်းသားများအား Silviculture ဘာသာရပ်စစ်ဆေးရာ ရခိုင်ပြည်နယ်မှ ကျောင်းသားတစ်ဦးမှာကျနေသည်။ အမှတ် ၃၁ သာရသည်။ ကျောင်းသားမှာအခြား ၃ ဘာသာကိုလည်းဖြေတာအားမရဟုဆိုသည်။ ကျွန်တော်သည် နည်းပြချုပ်နှင့်တိုင်ပင်ပြီး ၎င်းကျောင်းသားကို သီးခြားမေးဖြေ(Viva)လုပ်၍တင်လို့ရစေရန် စီစဉ်လေသည်။ သီးခြား (Viva)၌လည်း အားရရုံသာဖြေနိုင်သည်။

သို့ဖြစ်၍ ကျွန်တော်မှ တပည့်မောင်–မင်းကြိုးစားရဦးမယ်၊ ဒီအတိုင်းဆို ရှုံးနိုင်သည်ဟုပြောရာ ၎င်းတပည့်မှ အောက်ပါအတိုင်းပြန်ပြောပါသည်–

'ဆရာ ကျွန်တော့ကို အောင်ရုံပဲပေးပါ ဆရာ၊ အမှတ်အများကြီးမလိုပါဘူး၊ ကျွန်တော်အောင်ရင် သူများတောအုပ်တွေလို ပခုံးတစ်ဖက်စီမှ ကြယ်တစ်ပွင့်စီမတပ်ပေးပါနဲ့ဆရာ၊ ပခုံးမှာကြယ်တစ်ပွင့်ပဲ တပ်ပေးပါဆရာ'ဟုပြောသည်။

ကျွန်တော်မှ 'ကြယ်တစ်ပွင့်ပဲဆိုရင် မင်းကိုဘယ်သူကလေးစားမှာတုန်း'ဟုပြောရာ တပည့်မှ'ဆရာကြယ်တစ်ပွင့်ပဲ ပခုံးမှာတပ်၊ ကျန်ပခုံးကို လွယ်အိတ်နဲ့ ဖုံးပြီး ကျွန်တော်တို့ဘက်မှ ရွာစဉ်လမ်းလျှောက်တာတောင် အများကြီးအဆင်ပြေတယ်ဆရာ' ဟုဖြေလေသတည်း။

# မြန်မာနိုင်ငံသစ်တောကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော ကျောင်းအုပ်ကြီးများ

| စဉ် | ခုနှစ် | အမည် | မြို့ |
|---|---|---|---|
| ၁။ | ၁၈၉၈–၁၈၉၉ | Mr.E.M.Buchanan | သာယာဝတီ |
| ၂။ | ၁၈၉၉–၁၉၀၀ | Mr.T.A.Hauxwell | သာယာဝတီ |
| ၃။ | ၁၉၀၀–၁၉၀၁ | Mr.J.Copeland | သာယာဝတီ |
| ၄။ | ၁၉၀၁–၁၉၀၂ | Mr.G.F.R.Blackwell | သာယာဝတီ |
| ၅။ | ၁၉၀၂ | Mr.C.E.Muriel | သာယာဝတီ |
| ၆။ | ၁၉၀၂ မှ ၁၉၀၅ | Mr.R.S.Troup | သာယာဝတီ |
| ၇။ | ၁၉၀၅ မှ ၁၉၀၇ | Mr.S.Carr | သာယာဝတီ |
| ၈။ | ၁၉၀၇ မှ ၁၉၀၈ | Mr.G. R.Long | သာယာဝတီ |
| ၉။ | ၁၉၀၈ မှ ၁၉၀၉ | Mr.F.A.Leete | သာယာဝတီ |
| ၁၀။ | ၁၉၀၉ မှ ၁၉၁၀ | Mr.H.L.P.Walsh | သာယာဝတီ |
| ၁၁။ | ၁၉၁၀ မှ ၁၉၁၁ | Mr.F.A.Leete | သာယာဝတီ |
| ၁၂။ | ၁၉၁၁ မှ ၁၉၁၃ | Mr.E.Marsden | ပျဉ်းမနား |
| ၁၃။ | ၁၉၁၃ မှ ၁၉၁၄ | Mr.J.D.Clifford | ပျဉ်းမနား |
| ၁၄။ | ၁၉၁၄ မှ ၁၉၁၅ | Mr.W.A.Robertson | ပျဉ်းမနား |
| ၁၅။ | ၁၉၁၅ မှ ၁၉၁၉ | Mr.J.D.Clifford | ပျဉ်းမနား |
| ၁၆။ | ၁၉၁၉ မှ ၁၉၂၁ | Mr.C.H.Philipp | ပျဉ်းမနား |
| ၁၇။ | ၁၉၂၁ မှ ၁၉၂၂ | Mr.D.P.Hewett | ပျဉ်းမနား |
| ၁၈။ | ၁၉၂၂ | Mr.C.H.Philipp | ပျဉ်းမနား |
| ၁၉။ | ၁၉၂၂ မှ ၁၉၂၄ | Mr.V.H.T.Fields-Clarke | ပျဉ်းမနား |
| ၂၀။ | ၁၉၂၄ | Mr.C.W.Scott | ပျဉ်းမနား |
| ၂၁။ | ၁၉၂၄ မှ ၁၉၂၅ | Mr.A.H.Lloyd | ပျဉ်းမနား |
| ၂၂။ | ၁၉၂၅ | Mr.C.W.Scott | ပျဉ်းမနား |
| ၂၃။ | ၁၉၂၅ | Mr.P.Burnside | ပျဉ်းမနား |
| ၂၄။ | ၁၉၂၅ | Mr.A.H.Lloyd | ပျဉ်းမနား |
| ၂၅။ | ၁၉၂၈ မှ ၁၉၃၂ | Mr.D.E.B.Manning | ပျဉ်းမနား |

| စဉ် | ခုနှစ် | အမည် | မြို့ |
|---|---|---|---|
| ၂၆။ | ၁၉၃၃ | Mr.W.G.Crawford | ပျဉ်းမနား |
| ၂၇။ | ၁၉၄၆ မှ ၁၉၄၇ | Mr.L.F.Edgerley | ပျဉ်းမနား |
| ၂၈။ | ၁၉၄၈ မှ ၁၉၄၉ | သီရိပျံချီဦးတင်ထွဋ် | ပျဉ်းမနား |
| ၂၉။ | ၁၉၅၀ မှ ၁၉၅၂ | ဦးစောထွန်းအောင် | အင်းစိန် |
| ၃၀။ | ၁၉၅၃ မှ ၁၉၅၄ | ဦးအောင်ဒင် | အင်းစိန် |
| ၃၁။ | ၁၉၅၄ မှ ၁၉၅၆ | Mr.H.G. Hundeley | မေမြို့(ပြင်ဦးလွင်) |
| ၃၂။ | ၁၉၅၆ မှ ၁၉၅၉ | Mr.A.S. Vardon | မေမြို့(ပြင်ဦးလွင်) |
| ၃၃။ | ၁၉၅၉ မှ ၁၉၆၁ | ဦးစောအောင်ခင်လှ | မေမြို့(ပြင်ဦးလွင်) |
| ၃၄။ | ၁၉၆၁ မှ ၁၉၆၃ | ဝဏ္ဏကျော်ထင် ဦးပြူး | မေမြို့(ပြင်ဦးလွင်) |
| ၃၅။ | ၁၉၆၃ မှ ၁၉၆၅ | ဦးစန်းမောင် | မေမြို့(ပြင်ဦးလွင်) |
| ၃၆။ | ၁၉၆၅ မှ ၁၉၆၆ | ဦးစိန်ထွန်း(၁) | မေမြို့(ပြင်ဦးလွင်) |
| ၃၇။ | ၁၉၆၆ မှ ၁၉၈၇ | ဦးတင်ညွန့် | မေမြို့(ပြင်ဦးလွင်) |
| ၃၈။ | ၁၉၈၇ မှ ၁၉၈၉ | ဦးစိန်ထွန်း(၂) | မေမြို့(ပြင်ဦးလွင်) |
| ၃၉။ | ၁၉၈၉ မှ ၁၉၉၀ | ဦးစိန်ထွန်း(၂)/ဦးတင်ညွန့် | မေမြို့(ပြင်ဦးလွင်) |
| ၄၀။ | ၁၉၉၀ မှ ၁၉၉၃ | ဦးကျော်မြင့် | မေမြို့(ပြင်ဦးလွင်) |
| ၄၁။ | ၁၉၉၃ မှ ၁၉၉၆ | ဦးမောင်မောင်အေး | မေမြို့(ပြင်ဦးလွင်) |
| ၄၂။ | ၁၉၉၆ မှ ၁၉၉၇ | ဦးအုန်းလွင် | မေမြို့(ပြင်ဦးလွင်) |
| ၄၃။ | ၁၉၉၇ မှ ၁၉၉၉ | ဦးဇော်ဝင်း | မေမြို့(ပြင်ဦးလွင်) |
| ၄၄။ | ၁၉၉၉ မှ ၁၉၉၉ | ဦးမြင့်အောင် | မေမြို့(ပြင်ဦးလွင်) |
| ၄၅။ | ၁၉၉၉ မှ ၂၀၀၂ | ဦးကိုကိုလတ် | မေမြို့(ပြင်ဦးလွင်) |
| ၄၆။ | ၂၀၀၂ မှ ၁၇-၁၁-၂၀၀၄ | ဦးလူးစိန် | မေမြို့(ပြင်ဦးလွင်) |
| ၄၇။ | ၁၈-၁၁-၂၀၀၄ မှ ၈-၇-၂၀၀၆ | ဦးတင်အုန်း | မေမြို့(ပြင်ဦးလွင်) |
| ၄၈။ | ၈-၇-၂၀၀၆ မှ ၂၈-၉-၂၀၀၇ | ဦးမောင်မောင်ထွန်း | မေမြို့(ပြင်ဦးလွင်) |
| ၄၉။ | ၁၈-၁၁-၂၀၀၄ မှ ၈-၇-၂၀၀၆ | ဦးတင်အုန်း | မေမြို့(ပြင်ဦးလွင်) |
| ၅၀။ | ၈-၇-၂၀၀၆ မှ ၂၈-၉-၂၀၀၇ | ဦးမောင်မောင်ထွန်း | မေမြို့(ပြင်ဦးလွင်) |
| ၅၁။ | ၂၉-၉-၂၀၀၇ မှ ၃၀-၅-၂၀၁၀ | ဦးမြ | မေမြို့(ပြင်ဦးလွင်) |
| ၅၂။ | ၁-၆-၂၀၁၀ မှ ၈-၇-၂၀၁၁ | ဦးခင်မောင်ဦး | မေမြို့(ပြင်ဦးလွင်) |
| ၅၃။ | ၈-၈-၂၀၁၁ မှ ၁၀-၈-၂၀၁၃ | ဦးမြင့်သိန်း-၃ | မေမြို့(ပြင်ဦးလွင်) |
| ၅၄။ | ၂၈-၈-၂၀၁၃ မှ ၂၀-၆-၂၀၁၄ | ဦးသိန်းမြင့်-၁ | မေမြို့(ပြင်ဦးလွင်) |
| ၅၅။ | ၂၅-၆-၂၀၁၄ မှ ၁၀-၅-၂၀၁၅ | ဦးတင်သိန်း | မေမြို့(ပြင်ဦးလွင်) |
| ၅၆။ | ၂၁-၅-၂၀၁၅ မှ ၉-၃-၂၀၁၆ | ဦးအောင်မြ | မေမြို့(ပြင်ဦးလွင်) |
| ၅၇။ | ၁၀-၃-၂၀၁၆ မှ ယနေ့အထိ | ဦးခင်မောင်မြင့် | မေမြို့(ပြင်ဦးလွင်) |

# လေးမည်ရ ဆင့်မြသစ်တောကျောင်း၏ အမှတ်စဉ်(၁၁၂) သင်တန်းကျောင်းဆင်းပွဲဆီသို့-



**ခင်မောင်မြင့် (၈၂ သစ်တော)**

**''ဘယ် ညာ ဘယ် ညာ ဘယ် ညာ ဘယ် အမှတ်စဉ် အမှတ်စဉ် အမှတ်စဉ် ဆို ''**

**'' တစ်- နှစ်- သုံး- လေး၊ တစ်- နှစ်- သုံး- လေး၊ သစ်တောကျောင်းသား၊ သစ်တောကျောင်းသား၊ ဘာလုပ်နေလဲလေ့ကျင့်နေတယ်၊ဘာလုပ်ဖို့လဲလုပ်ငန်းဝင်ဖို့၊ ဘယ်သူ့အတွက်လဲ ပြည်သူ့အတွက်ပဲ၊ ဘာစိတ်ဓာတ်လဲဖွဲ- ဖွဲ - ဖွဲ - စိတ်ဓာတ်ပဲ ဘယ် ညာဘယ်ညာ ဘယ်ညာ ဘယ်''**

**''ကျန်းမာရေးဆောင်ပုဒ်ဆို- စောစောထ- စောစောပြေး- အစဉ်ရွှေ့ရှု- ကျန်းမာမှု၊ မူဝါဒ(၆)ချက် ဦးထိပ်ရွက်၊ တက်ကြွနိုးကြား သင်တန်းသား၊ သစ်တောကျောင်းသား၊ သစ်တောကျောင်းသား''**

နေ့စဉ် နံနက်(၅)နာရီအချိန် အိပ်ရာထ၊ တန်းစီပြီး ပြင်ဦးလွင်မြို့၊ မြန်မာနိုင်ငံ သစ်တောကျောင်းသား၊ အမှတ်စဉ်(၁၁၂) သင်တန်းသား(၇၈)ဦးတို့သည် ကိုယ်လက်လှုပ်ရှားလေ့ကျင့်နိုင်ရေး P.T ပြေးရင်း သံပြိုင်ညီညာစွာ အော်ဟစ်နေသော အသံများသည် သစ်တောကျောင်းပင်မ ရုံးဝင်းမှ မြို့ပတ်လမ်း၊ ဇီဝကလမ်းမှတစ်ဆင့် ကန်တော်ကြီး အမျိုးသားဥယျာဉ် ကန်ပေါင်ပတ်လမ်းဆီသို့ မြူနှင်းမှုန်များ ကြားတွင် ပျံ့လွင့်နေပါသည်။

ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံသစ်တောကျောင်းသည် ကျောင်း Logo တံဆိပ်တွင် ပါရှိသော ''**ဖွဲ ၊ စိတ်ဓာတ်၊ စည်းကမ်း၊ ဝီရိယ၊ ပညာ**'' ဟူသည်နှင့်အညီ သစ်တောကျောင်းသို့ တက်ရောက်လာသည့် သင်တန်းသားများအား မည်သည့်အခက်အခဲတွေနဲ့ ကြုံတွေ့တွေ့ ရည်မှန်းချက်ပန်းတိုင်ရောက်အောင် '' **ဖွဲ** '' ရှိရှိနှင့် ကြိုးစားအားထုတ်ရန်၊ ''**ဖွဲ**'' ရှိမှုကို အခြေခံပြီး၊ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်နှင့် စာရိတ္တစွမ်းရည်များ အချိုးညီစွာဖွံ့ဖြိုးတိုးတက်လာရန်၊ ကျရာတာဝန်များကို ကျေပြွန်စွာထမ်းဆောင်လိုစိတ်နှင့် ပြည်သူ့အကျိုး သယ်ပိုးလိုစိတ်ရှိသော ဝန်ထမ်းကောင်းများ ပေါ်ထွန်းလာစေရန်၊ အသိပညာ၊ အတတ်ပညာ၊ လက်တွေ့လုပ်ငန်းများသည် လူတော်များ ဖြစ်လာစေရေး လေ့ကျင့်သင်ကြားပေးမှာ ဖြစ်သကဲ့သို့




(၁၁၂) ကြိမ်မြောက် မြန်မာနိုင်ငံသစ်တောကျောင်း သင်တန်းသားများ တောတွင်းလက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်း

အကျင့်စာရိတ္တပိုင်းကောင်းသည့်တောအုပ်၊ သစ်အုပ်အဆင့် ဝန်ထမ်းကောင်းများကို မွေးထုတ်ပေးနေသော သမိုင်းတစ်လျှောက် အစဉ်အလာကြီးမားခဲ့သော သင်တန်းကျောင်းကြီးဖြစ်ပေသည်။

မြန်မာနိုင်ငံသစ်တောကျောင်းကို ၁၈၉၈ခုနှစ်တွင် သာယာဝတီမြို့တွင် စတင်တည်ထောင်ခဲ့ရာ ယခုဆိုလျှင် (၁၁၈) နှစ်တိုင်ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ ဤမျှသက်တမ်းကာလအတွင်း စစ်ဘေးစစ်ဒဏ်ကာလ၊ ပြည်တွင်းရောင်စုံသောင်းကျန်းမှု ကာလ များ၌ပင်လျှင် သစ်တောကျောင်းကြီး ဖွင့်လှစ်နိုင်ရေးကို ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပေသည်။

''**မြန်မာပြည် သစ်တောကျောင်း**'' ကို ၁၈၉၈ ခုနှစ်မှ ၁၉၁၀ ခုနှစ်အထိ ပဲခူးတိုင်း၊ သာယာဝတီခရိုင်၊ သာယာဝတီ မြို့တွင် ''ပထမသစ်တောကျောင်း'' အဖြစ်လည်းကောင်း၊ ''ဒုတိယ သစ်တောကျောင်း''ကို ၁၉၁၁ခုနှစ်မှ ၁၉၄၂ ခုနှစ်အထိ ပျဉ်းမနား မြို့တွင်လည်းကောင်း၊ ''တတိယသစ်တောကျောင်း''ကို ဒုတိယ ကမ္ဘာစစ်အတွင်း(ဂျပန်ခေတ်)မှာပင် ၁၉၄၂ခုနှစ်မှ ၁၉၄၅ ခုနှစ် မတ်လအထိ သာယာဝတီမြို့တွင် လည်းကောင်း ဖွင့်လှစ်ခဲ့ပါသည်။ '' စတုတ္ထ သစ်တောကျောင်း'' ကို ဒုတိယကမ္ဘာစစ်ကြီးပြီးသောအခါ ၁၉၄၇ခုနှစ် မှ ၁၉၄၈ခုနှစ် မြန်မာပြည်လွတ်လပ်ရေးရသည့်နှစ်အထိ ပျဉ်းမနားမြို့တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၄၈ခုနှစ် လွတ်လပ် ရေးရပြီးနောက် ''**မြန်မာနိုင်ငံတော် သစ်တောကျောင်း**'' ဟု ပြောင်းလဲခေါ်ဆိုခဲ့သည့်''ပဉ္စမသစ်တောကျောင်း'' ကို ၁၉၅၀ခုနှစ် မှ ၁၉၅၃ခုနှစ်အထိ အင်းစိန်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။ ''ဆဋ္ဌမသစ်တောကျောင်း''ကို ၁၉၅၃ ခုနှစ်တွင် အင်းစိန်မြို့မှ ပြင်ဦးလွင်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်မှာ ယနေ့အထိ(၆၃) နှစ်ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။

၁၉၈၃ ခုနှစ်မှ ၁၉၈၆ ခုနှစ်အတွင်း နိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်တို့ဖြင့် ပူးပေါင်းဆောင်ရွက်သည့် သစ်တောလုပ်ငန်းအတတ်သင်ကျောင်း စီမံကိန်းကာလ၌ ''**သစ်တောလုပ်ငန်း အတတ် သင်ကျောင်း**'' ဟုပြင်ဆင်ခေါ်ဆိုခဲ့ပြီး သစ်တောကျောင်းစီမံကိန်းကုန်ဆုံးသည့် ၁၉၈၆ခုနှစ်မှ ၁၉၉၇ခုနှစ်တိုင်ဖြစ်ပါသည်။ ၁၉၉၇ ခုနှစ်စတင်၍ ပြင်ဦးလွင်မြို့ရှိ သစ်တောကျောင်းကို'' **မြန်မာနိုင်ငံသစ်တော ကျောင်း**'' (Myanmar Forest School )ဟု ပြောင်းလဲခဲ့ရာ ယနေ့ထိတိုင်ဖြစ်ပေသည်။ သစ်တောကျောင်း၏အမည်အား အထက်ပါအတိုင်း (၄)ကြိမ်တိုင်တိုင် ပြောင်းလဲခေါ်ခဲ့သဖြင့် ''**လေးမည်ရသစ်တောကျောင်း**'' ဟု ခေါ်ဆိုနိုင်ပေသည်။

ဤသို့ သမိုင်းခေတ်တစ်လျှောက် အစဉ်အလာကြီး မားခဲ့သော မြန်မာနိုင်ငံသစ်တောကျောင်းသည် ဌာနအတွက် ဝန်ထမ်းကောင်းများ လေ့ကျင့်မွေးထုတ်ပေးခဲ့ရာ ၁၈၉၈ခုနှစ် မှ ယနေ့အထိ (၁၉၁၂ ခုနှစ်မှ ၁၉၃၃ ခုနှစ်အထိ တက်ရောက် ခဲ့သည့် ထိုင်းနိုင်ငံသင်တန်းသား (၃၂)ဦး အပါအဝင်) အကြီးတန်း၊ အငယ်တန်း စုစုပေါင်း သင်တန်းသား(၅၉၅၈) ဦး ရှိခဲ့ပြီဖြစ်ပါသည်။

နိုင်ငံတော်အတွက် နှစ်စဉ်သင်တန်းသားများကို သစ်တော လုပ်ငန်းများတွင် လက်တွေ့အသုံးချနိုင်မည့် လုပ်ငန်းကျွမ်းကျင် သူများ ဖြစ်လာစေရန်၊ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင် လိုစိတ်နှင့် ပြည်သူ့အကျိုးကို သယ်ပိုးလိုစိတ်ရှိသော ဝန်ထမ်း

## မြန်မာနိုင်ငံသစ်တောကျောင်းများ


(သာယာဝတီ)(၁၈၉၈-၁၉၁၀)(ယခုမူလအဆောက်အဦ မရှိတော့ပါ)


(ပျဉ်းမနား)(၁၉၁၁-၁၉၄၉)


(အင်းစိန်)(၁၉၅၀-၁၉၅၃)


(ပြင်ဦးလွင်)(၁၉၅၃-ယနေ့အထိ)

ကောင်းများဖြစ်လာစေရန်၊ နိုင်ငံတော်မှ ချမှတ်ပေးထားသည့် လူမှုရေး၊ စီးပွားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစသည့် စီမံကိန်းများနှင့် တာဝန်များကို ပြည်သူလူထုနှင့် ပူးပေါင်းပြီး စီမံကိန်းများ အောင်မြင်သည်အထိ စည်းရုံးဆောင်ရွက်သွားရန်၊ အမျိုးသား စီးပွားရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အင်တိုက်အားတိုက် ပါဝင်လှုပ်ရှားမည့် ဌာန၏ ဝန်ထမ်းကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ အမိသစ်တောကျောင်းကြီးက အရည်အသွေးမြင့် တောအုပ်၊ သစ်အုပ်ဝန်ထမ်းများ မွေးထုတ်ပေးလျက် ရှိပေသည်။

''**သင်တန်းကောင်းမှ ဝန်ထမ်းကောင်းမည်** '' ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ယနေ့လက်ရှိ မြန်မာနိုင်ငံသစ်တောကျောင်းရှိ သင်တန်းသားများအား ဝန်ထမ်း စည်းမျဉ်းစည်းကမ်း၊ သင်တန်းစည်းမျဉ်းစည်းကမ်း၊ ကျောင်းအုပ်ကြီး၏ သင်တန်းသားများအမြဲလိုက်နာရန် အမိန့်လက်စွဲတို့နှင့်အညီ ကြပ်မတ်အုပ်ချုပ်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိပေသည်။ လက်ရှိသင်တန်းကာလမှာ (၉)လဖြစ်ပြီး '' စာတွေ့ပိုင်၍ လက်တွေ့နိုင်ရမည်'' ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စာတွေ့လက်တွေ့လုပ်ငန်းများကို ဦးစားပေး၍ သစ်တောဦးစီးဌာန၏ အဓိက သစ်တောလုပ်ငန်းကြီး (၁၆)ခုကိုလက်တွေ့ ကျွမ်းကျင်တတ်မြောက်လာစေရန်နှင့် လုပ်ငန်းခွင်တွင် သင်ကြားမှုနှင့်အတွေ့အကြုံပေါင်းစပ်၍ တီထွင်ကြံဆလုပ်ကိုင်လာတတ်စေရန် လုပ်ငန်းအတွေ့အကြုံရင့်ကျက်သော သင်တန်းကျောင်းဆရာများမှ စေတနာအရင်းခံကာ သင်ကြားပို့ချပေးလျက်ရှိပါသည်။

သစ်တောကျောင်းသည် အနာဂတ်မျိုးဆက်၏ သစ်တောဝန်ထမ်းများအနေဖြင့် သစ်တောများကို နည်းစနစ်တကျ ထိန်းသိမ်းအုပ်ချုပ်တတ်စေရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့ပြီး အများပြည်သူ အကျိုးခံစားခွင့် ရစေရေးဟူသော စေတနာဖြင့် လေ့ကျင့်သင်ကြားပေးသော ''**အာစရိယ**'' တာဝန်ထမ်းဆောင်နေသည့်နေရာလည်း ဖြစ်ပေသည်။ ''အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့ ဆရာတို့ ကျင့်ဖို့ဝတ်ငါးဖြာ''ရဟူသည့် အာစရိယကျင့်ဝတ်ဖြစ်သည်နှင့်အညီ သစ်တောပညာ၊ စီမံအုပ်ချုပ်ရသော ပညာ၊ အင်ဂျင်နီယာပညာစသည်တို့ကို မခြွင်းမချန်သင်ပေးခဲ့၏။ သစ်တောဝန်ထမ်းလောကတွင် တွေ့ရတတ်သောပြဿနာများကို ဖြေရှင်းဆောင်ရွက်တတ်စေရန်နှင့် အမှန်ကိုဆောင်နိုင်ရန်လည်း ပွဲပြင်ဆုံးမပေးခဲ့၏။ ထို့အပြင် မိမိအပေါ်ကျရောက်လာမည့် အန္တရာယ်နှင့် တိုင်းပြည်အပေါ်ကျရောက်လာမည့် ဘေးအန္တရာယ်နှင့် ပတ်သက်၍လည်း သစ်တောကျောင်းဆင်းများပါဝင်သည့် သစ်တောလက်နက်ကိုင်တပ်ဖွဲ့က အမိမြန်မာပြည်၏ ဘေးရန်ဆီးကာခဲ့ပုံများမှာ သမိုင်းတွင်ရစ်ခဲ့ပြီးဖြစ်၏။

သစ်တောကျောင်းကလေ့ကျင့်ပေးခဲ့သော ကိုယ်လက်ကြံ့ခိုင်ရေးသင်တန်းနှင့် သင်ကြားရေးနည်းစနစ်အရ သစ်တောကျောင်းဆင်းဝန်ထမ်းများသည် ကာယကြံ့ခိုင်ခြင်း၊ ဖွဲလုံ့လရှိခြင်း၊ အလုပ်ဟူသမျှ မကြောက်ရွံ့ခြင်း၊ ဌာန၏အဓိကလုပ်ငန်း တာဝန်များကို ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်နိုင်ခြင်းစသည်တို့သည် ဘယ်အခါမှပျောက်ကွယ်သွားမည်မဟုတ်ပါပေ။

သစ်တောကျောင်းမှ မွေးထုတ်ပေးသည့် အငယ်တန်းသစ်တောအရာရှိများအနေဖြင့် သစ်တောလုပ်ငန်းမျိုးစုံ၌ အမာခံဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်လာခဲ့ကြရာ အများအပြားသည် လုပ်ငန်းခွင်တွင် ထူးချွန်ကြသည့်အလျောက် အကြီးတန်း သစ်တောအရာရှိများအဖြစ် တိုးမြှင့်တာဝန်ပေးအပ်ခြင်း ခံကြရပေသည်။ ပမာပြရလျှင် ၁၉၁၂ခုနှစ်မှ ၁၉၃၃ခုနှစ်အထိ မြန်မာနိုင်ငံ သစ်တောကျောင်းသို့ ထိုင်းနိုင်ငံမှ စေလွှတ်တက်ရောက်ခဲ့သည့် သင်တန်းသား(၃၂)ဦးအနက်မှ ထိုင်းနိုင်ငံသစ်တောဌာနအတွက် အဆင့်မြင့်အရာရှိကြီးများအဖြစ် ဒုတိယညွှန်ကြားရေးမှူးချုပ် (၂)ဦး၊ ညွှန်ကြားရေးမှူးချုပ် (၄)ဦး အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး၊ တစ်ဦးမှာ အောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ တစ်ဦးမှာ အထက်လွှတ်တော် ကိုယ်စားလှယ်အဖြစ်လည်း ခန့်အပ်ခြင်းခံခဲ့ရပြီး တစ်ဦးမှာမူ လယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးတာဝန်ကိုပင် ထမ်းဆောင်ခဲ့ရကြောင်း သိရှိရပေသည်။ ယင်းအောင်မြင်မှုများက မြန်မာနိုင်ငံသစ်တောကျောင်း၏ ဂုဏ်ပုဒ်ကိုပိုမိုမြင့်မားစေခဲ့ပါသည်။

သစ်တောကျောင်းဆင်း ဝန်ထမ်းအများစုမှာ သစ်တောကဏ္ဍအတွက် အရေးပါသော ရှေ့တန်းတိုက်စစ်မှူးများ ဖြစ်ပေသည်။ ယနေ့မြန်မာ့သစ်တောကြီးများက ရှေ့တန်းမှ အကျိုးပြုလျက်ရှိသည်မှာ မြန်မာနိုင်ငံသစ်တော ကျောင်းဆင်းဝန်ထမ်းများ၏ စွမ်းအင်စွမ်းပကားကလည်း အရေးပါသောကဏ္ဍမှ ပါဝင်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ သစ်တောဦးစီးဌာန၏ အမာခံကျောရိုးသဖွယ်တာဝန်ထမ်းဆောင်နေရသည့် ဝန်ထမ်းများအား ဘက်စုံကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးနေသော လေးမည်ရဆဋ္ဌမသစ်တောကျောင်းအဖြစ် ပြင်ဦးလွင်မြို့၊ မြန်မာနိုင်ငံသစ်တောကျောင်းကြီးမှ ဝန်ထမ်းကောင်းများထွက်ရှိရန် အစဉ်မွေးထုတ်ပေးလျက်ရှိပေသည်။ ယခုဆိုလျှင် မြန်မာနိုင်ငံသစ်တောကျောင်းမှ ဝန်ထမ်းကောင်းများ မွေးထုတ်ပေးခဲ့သည်မှာ အမှတ်စဉ်(၁၁၂) ကြိမ်မြောက်တိုင် ရောက်ရှိခဲ့ပြီဖြစ်ပေသည်။ အမှတ်စဉ်(၁၁၂) သင်တန်းသားများသည် စာတွေ့ သင်ကြားချိန်များကို (၂၈)ပါတ်ကြာ သင်ယူရပြီး၊ (ပထမနှစ်ဝက်) တောတွင်းလက်တွေ့အဖြစ် သစ်တောလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်နှင့် ရေတာရှည်မြို့နယ်တို့ရှိ ပဲခူးရိုးမ(အရှေ့)၊ သစ်တောကြိုးဝိုင်းများအတွင်း ယာယီစခန်းတဲများ ဆောက်လုပ်စခန်းချ၍ စိုက်ခင်းတည်ထောင်ခြင်း၊ မြေတိုင်းတာခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်း၊ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်း၊ သစ်မျိုးခွဲခြားခြင်း၊ ကျောက်မဆင်ကြိုးဝိုင်းအကွက်(၂၀)အတွင်း သစ်တောဦးစီးဌာနမှ စံနမူနာအဖြစ်ဆောင်ရွက်မည့် MMSS ( Modified Myanmar Selection System)အတွက် အကွက်နယ်နိမိတ်ပြင်ဆင်ခြင်း၊ သစ်တောသယံဇာတ စာရင်းကောက်ယူခြင်း စသည့်ဘာသာရပ်ဆိုင်ရာ လက်တွေ့လုပ်ငန်းများကို(၃၂)ရက်ကြာ အပင်ပန်းခံကွင်းဆင်းဆောင်ရွက်ခဲ့ကြပေသည်။

ယခုအမှတ်စဉ်(၁၁၂)သင်တန်း၏ ထူးခြားချက်မှာ ရေတာရှည်မြို့နယ် ကျောက်မဆင်ကြိုးဝိုင်းအတွင်း လက်တွေ့



၁၁၂ ကြိမ်မြောက် မြန်မာနိုင်ငံသစ်တောကျောင်း သင်တန်းသားများ စစ်ရေးပြလေ့ကျင့်စဉ်

လုပ်ငန်းများဆောင်ရွက်နေစဉ် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင်အဖွဲ့နှင့်အတူ လာရောက်၍ စခန်းချဆောင်ရွက်မှု၊ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်မှုတို့အပြင် သင်တန်းသားများ ကျင့်ကြံလိုက်နာရမည့် စည်းမျဉ်းစည်းကမ်း စသည်တို့ကို သင်တန်းသားများအား လမ်းညွှန်မှာကြားခဲ့ခြင်းဖြစ်ပါသည်။

(ဒုတိယနှစ်ဝက်)တောတွင်းလက်တွေ့ကွင်းဆင်းခြင်း လုပ်ငန်းများအဖြစ် ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်အတွင်း သစ်တောစိုက်ခင်းများ ပင်ကျပ်နုတ်ခြင်း၊ ပင်ပူးခွာကိုင်းချိုင်ခြင်း၊ ကြိုးဝိုင်း/အကွက်နယ်နိမိတ် ပြင်ဆင်ခြင်း၊ သစ်မာပင်ထောင်ရိုက်မှတ်ခြင်း၊ မြေတိုင်းတာခြင်း၊ သစ်တောလမ်းဖောက်လုပ်ခြင်း၊ သစ်မျိုးခွဲခြားခြင်း/စုဆောင်းခြင်းစသည့် သစ်တောလုပ်ငန်းများကို ဘာသာရပ်အလိုက်(၄၂)ရက်ကြာ လက်တွေ့ကွင်းဆင်း ဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာနိုင်ငံသစ်တောကျောင်း၏ အမှတ်စဉ်(၁၁၂) သင်တန်းမှ သင်တန်းသား(၇၈)ဦး၏ သင်တန်းကျောင်းဆင်းပွဲ အခမ်းအနားကို ယခင်အစဉ်အလာများအတိုင်း ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပေသည်။ သစ်တောဦးစီးဌာနက အထူးဆောင်ရွက်မည့် မြန်မာ့သစ်တောများ ပြန်လည်တည်ထောင်ခြင်း အစီအစဉ် (Myanmar Reforestation and Rehabilitation Programme)ကို ပထမ(၅)နှစ် စီမံကိန်းကာလ (၂၀၁၇- ၂၀၁၈)ခုနှစ်မှ (၂၀၂၁- ၂၀၂၂)ခုနှစ်အထိနှင့် ဒုတိယ(၅)နှစ် စီမံကိန်းကာလ(၂၀၂၂- ၂၀၂၃)ခုနှစ်မှ(၂၀၂၆- ၂၀၂၇)ခုနှစ်အထိ ဆောင်ရွက်ကြမည်ဖြစ်ရာ သင်တန်းဆင်းကြတော့မည့် ဝန်ထမ်းများသည် အမိသစ်တောကျောင်းကြီးမှ သင်ကြားပို့ချပေးလိုက်သည့် အသိပညာ၊ အတတ်ပညာများ အသုံးချ၍ စွမ်းစွမ်းတမံဖြင့် နောင်တော်ဝန်ထမ်းများ၊ ပြည်သူများနှင့်အတူ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ကျရာနေရာမှ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြတော့မည် ဖြစ်ပါသည်။

## သစ်တော သဘာဝ ကြုံတွေ့ရ စာမူများ

ဦးသိန်းလွင်၊ ဒု-ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

မိုင်းနောင်ကြိုးဝိုင်းတွင် သစ်တောလုပ်ငန်းများ ဆောင်ရွက်စဉ် ညောင်ပင်များကိုတွေ့တိုင်း ကျွန်တော်တို့ လှဲရပါသည်။ သင်းသတ်ခြင်းနှင့်အတူ ဆောင်ရွက်ရသောသစ်တောလုပ်ငန်းဖြစ်ပြီး တစ်နေ့တွင် ဆရာမှ စာရေးသူနှင့်ကိုဖြိုးမောက်တို့ ၂-ဦးအား ရင်စို့လုံးပတ် ၅-ပေခန့်ရှိသော ညောင်ပင်ကို လှဲခိုင်းပါသည်။

ဆရာသည် ညောင်ပင်အားလှဲရန် အပ်ထားခဲ့ပြီး၊ ကျောင်းသားများနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ရန်ဆက်သွားပါသည်။ စာရေးသူတို့တွင် ပါလာသောပေါက်ဆိန်မှာ ရန်ကုန်တွင် ထင်းခွဲသောပေါက်ဆိန်အငယ်သာဖြစ်၍ အသားကျစ်သောညောင်ပင်ကိုလှဲရန်မှာ ခက်ခဲပါသည်။ ကိုဖြိုးမောက်မှ "တို့လှဲရင် တော်တော်နဲ့ပြီးမှာ မဟုတ်ဘူး၊ ရွာထဲသွားပြီး အလုပ်သမားငှားခိုင်းရအောင်"ဟု ပြောပါသည်။ စာရေးသူမှ "ဆရာလာလို့တွေ့ရင် တို့ဒုက္ခရောက်မယ်"ဟုပြောပါသည်။ ကိုဖြိုးမောက်မှ "မင်းဆရာဒီနေ့လာမှာ မဟုတ်ပါဘူး"ဆိုပြီး ကိုဖြိုးမောက်သည် ရွာထဲသွားပြီး ငွေတစ်ကျပ်ပေး၍လှဲခိုင်းပါသည်။

ဆောင်းရာသီဖြစ်၍ တောထဲတွင်ပင် မီးဖိုရင်းနှင့် နှစ်ယောက်သားအိပ်ပျော်သွားပါသည်။ နေ့လယ် ၁၂-နာရီ လောက်တွင် ဆရာရောက်ရှိလာပြီး ကျွန်တော်တို့နှစ်ယောက်အားနှိုးပြီး "ဟေ့ကောင်တွေ -ငါနဲ့လိုက်ခဲ့"ဟု စခန်းသို့ ခေါ်သွားပါသည်။ စာရေးသူတို့စိတ်ထဲတွင် အလုပ်ကထုတ်ပစ်မည်ဟု ယုံကြည်နေကြပါသည်။ ဆရာသည် စခန်းသို့ရောက်သောအခါ ဘာမှမပြောဘဲ ကျွန်တော်တို့အား ပြန်ခိုင်းပါသည်။ စာရေးသူတို့မှာ ဘယ်အချိန်ခေါ်ပြီး အပြစ်ပေးမှာလဲဟု စိုးရိမ်နေကြပါသည်။ မိုးချုပ်သွားသည်အထိ ဆရာခေါ်ယူခြင်းမခံခဲ့ရပါ။

နောက်နေ့အလုပ်သွားရန် တန်းစီသောအခါ ဆရာမှ" ဟေ့- ဟိုနှစ်ကောင် ရှေ့ ကိုထွက်ခဲ့၊ ပြီးတော့ ငါနဲ့လိုက်ခဲ့"ဟု ပြောဆိုပါသည်။ စာရေးသူတို့လည်း ဆရာနောက်မှ လိုက်ပါသွားကြရာ လုံးပတ်ခြောက်ပေခန့်ရှိ ညောင်ပင်တွေ့သောအခါ ကျွန်တော်တို့ ၂-ဦးအား လှဲခိုင်းပြီး၊ ဘယ်မှမသွားဘဲ ထိုင်စောင့်နေပါသည်။ စာရေးသူတို့လက်များကို အဝတ်ဖြင့်ပတ် ညောင်ပတ်လှဲရပါသည်။ ဆရာမှ " အေး-ဒါမှ မင်းတို့တတ်မှာကွာ"ဟုပြောဆိုပြီး ညောင်ပင်လဲသည်အထိ စောင့်ဆိုင်းသွားခဲ့ပါသည်။ သစ်တောဝန်ထမ်းများ တောတွင်းအခြေအနေလက်တွေ့သိရှိစေခြင်းဖြစ်ပါသည်။

# "မောင်တို့ မယ်တို့ရေ (၂)"

ဦးသန်းနွယ်(သစ်တော)

ဒို့တတွေရဲ့အခေါ်က ဟိုစဉ်က "သစ်တောဌာန" လို့အခေါ်ခံကြတယ်။ နောက်ပိုင်းဦးစီးဌာနနဲ့ ကော်ပိုရေးရှင်းလို့ ပြောင်းလိုက်ခါမှ 'သစ်တောဦးစီးဌာန' ဖြစ်သွားတာ။ နှစ်တွေတော့ မမှတ်မိတော့လို့ မပြောတော့ပါဘူး။ သစ်တောဌာနတုန်းက ရာထူးအခေါ်အဝေါ်တွေကို နည်းနည်းရေးပြချင်တယ်။ မောင်တို့မယ်တို့ မမှီလို့ပါ။ ဆရာလုပ်တာ မဟုတ်ပါဘူး။

| | | |
|---|---|---|
| သစ်တောမင်းကြီးချုပ် | = | ညွှန်ကြားရေးမှူးချုပ် |
| သစ်တောမင်းကြီး | = | ညွှန်ကြားရေးမှူး |
| သစ်တောဝန် | = | ဒု-ညွှန်ကြားရေးမှူး<br>လ/ထညွှန်ကြားရေးမှူး |
| သစ်တောဝန်ထောက် | = | မြို့နယ်ဦးစီးမှူး |
| တောအုပ်ကြီး | = | တောအုပ်ကြီး |
| ဒုတိယတောအုပ် | = | တောအုပ် |
| တောခေါင်း | = | တောခေါင်း |

ထိုစဉ်က ရခဲ့တဲ့လစာတွေကတော့

ဒုတိယညွှန်ကြားရေးမှူး

- ၁၀၀၀ိ/ - ၅ဝိ/ - ၁၂၀ဝိ/

လ/ထ ညွှန်ကြားရေးမှူး

- ၈၀ဝိ/ - ၄ဝိ/ - ၁၀၀ဝိ/

သစ်တောဝန်က

- ၈၀ဝိ/ - ၅ဝိ/ - ၁၂၀ဝိ/ရခဲ့ပါတယ်။

ထိုစဉ်က အုပ်ချုပ်ရေးနယ်ပယ်များကို သစ်တောပေါက်ရောက်မှုနဲ့ ရေဝေရေလဲ(Water Drainage)အရ ခွဲခြားခဲ့တာ။ နောက်ပိုင်းမှာ အရပ်အုပ်ချုပ်ရေးနယ်မြေပေါ်မူတည်ပြီး ဖွဲ့စည်းခဲ့ကြပြန်တယ်။ လွတ်လပ်ရေးရပြီး တော်လှန်ရေးအစိုးရတက်ပြီးသည်အထိ စနစ်ဟောင်းအရ အုပ်ချုပ်ခဲ့ကြတယ်။ သစ်တောခရိုင်၊ သစ်တောတိုင်း - ရုံးချုပ်ဆိုပြီးရှိတယ်။ ထိုစဉ်က သစ်တောတိုင်း (အုပ်ချုပ်ရေးတိုင်း မဟုတ်ဘူး) - ရှစ်တိုင်းရှိတယ်။

(၁) Northern Forest Circle - C.F
(၂) Chindwin Forest Circle - C.F
(၃) Sittaung Forest Circle - C.F
(၄) Hlaing Forest Circle - C.F
(၅) Maritime Forest Circle - C.F
(၆) Shan State Forest Circle - Principle
(၇) Research & Training Circle
(၈) Maymyo Depot

Forest Division ဆိုတာက ယခုအခေါ် ခရိုင် - District ကို ခေါ်တာ၊

ဝန်ထမ်းအခေါ်အဝေါ်ကိုက-

- Forest Ranger - R.O
- Deputy Forest Ranger - D.R
- Forester

ယခင်က အဲဒီအဆင့်ကို Subordinate လို့ခေါ်တယ်။ အဲဒီအဆင့်တွေသာ Uniform နဲ့ အဆင့်တွေ တပ်ရတယ်။ ခရေပွင့်ကြယ် - ၂ပွင့် - ၁ပွင့် နဲ့ စာတန်းပေါ့။

သစ်တောဝန်ထောက်ကို Extra Assistance Conservation of Forest = E.A.C.F ခေါ်တယ်။

သစ်တောဝန်ကို Divisional Forest Officer (D.F.O)= Deputy Conservation of Forest(D.C.F) ခေါ်တယ်။

သစ်တောမင်းကြီးကို Conservator of Forest (CF) ခေါ်ပြီး သစ်တောမင်းကြီးချုပ်ကို Chief Conservator of Forest (CCF)ခေါ်တယ်။

တော်လှန်ရေးအစိုးရတက်တဲ့အခါမှာ ဝန်ကြီးတွေကို 'တာဝန်ခံ' လို့ခေါ်ခဲ့တယ်။ သစ်တောရေးရာဝန်ကြီးကို သစ်တောဝန်ကြီးဌာနတာဝန်ခံလို့ ခေါ်တယ်။

အဲဒီမှာ ပြဿနာစတက်ပြီ။ ဌာနတွေကို ဦးစီးဌာနအဖြစ် ပြောင်းခေါ်တဲ့အခါ - ဒီလိုဖြစ်ကုန်တယ်-

C.C.F - Director
C.F - Dy.Director
D.F.O - Assistant Director
E.A.C.F - Third Director
(စတုတ္ထညွှန်ကြားရေးမှူး)
Ranger -Ranger - တောအုပ်ကြီး

ကျန်တာတွေ မပြောင်းဘူး။ နောက်မှပြန်ပြီးတော့ ပြောင်းရပြန်တယ်။

Director General - C.C.F
Director - C.F

Dy. Director - D.F.O
Assistant Director- E.A.C.F

အဲဒီအခါမှာ မြန်မာလိုခေါ်တော့ ဒုက္ခရောက်ကုန်ပြန်ရော။

D.G = ညွှန်ကြားရေးမှူးချုပ်
Director = ညွှန်ကြားရေးမှူး
Dy.Director= ဒုတိယညွှန်ကြားရေးမှူး
Assistant Director = တတိယညွှန်ကြားရေးမှူး
E.A.C.F =စတုတ္ထ ညွှန်ကြားရေးမှူး

ပြဿနာက အခေါ်အဝေါ် အဆင်မပြေဘူး။ တစ်ခါ ထပ်ပြောင်းပြန်တယ်။ Dy. Director နဲ့ Asst. Director ကို ဦးစီးမှူး၊ E.A.C.F = ဒုတိယဦးစီးမှူးလို့ ခေါ်ပြန်တယ်။ အဲဒီနောက် အရေးကြီးဆုံး အပြောင်းအလဲတစ်ခုဖြစ်တယ်။ အုပ်ချုပ်ရေးစနစ်ကို ပြောင်းပြန်တယ်။

သစ်တောဌာနမှာ အဓိကအကျဆုံး ရုံးဟာ D.F.O ရုံး- ခရိုင်သစ်တောဝန်ရုံးဖြစ်တယ်။ အားလုံးသော Records တွေ

ဥပမာ- Divisional Working Plan
Controlled Forms
W.A.3 (A)
W.A.3 (B)
W.A.3(C) ခေါ်တဲ့ဟာတွေ

အားလုံး - နှစ်ပေါင်းများစွာဟာ အဲဒီရုံးမှာရှိတယ်။ Library- စာကြည့်တိုက်မှာ စာအုပ်မျိုးစုံရှိတယ်။ အဲဒါကို မြို့နယ်နှင့် တိုင်းဆိုပြီး ဖွဲ့ပြန်တယ်။

သစ်တောမြို့နယ်ဦးစီးမှူး
တိုင်းသစ်တောဦးစီးမှူး
ဦးစီးရုံးချုပ်

ဆိုပြီး ဖွဲ့ပြန်တယ်။ ပြဿနာ အကြီးအကျယ် တက်တာက 'ငွေစာရင်း' ဘဲ။ ယခင်က သစ်တောခရိုင်က (၄၄)ခုရှိတော့ ငွေစာရင်းကလည်း (၄၄)ခုရှိတယ်။ ထိုစဉ်က ငွေစာရင်းကို ညွှန်ကြားရေးမှူးချုပ်ရုံးက ငွေစာရင်းရုံးပို့ရတယ်။ ငွေထုတ်ချက်စာအုပ်ကိုလည်း D.F.O ကဘဲကိုင်တယ်။

မြို့နယ်ဖွဲ့လိုက်တော့ မြို့နယ်(၃၀၀)ကျော် ဖြစ်သွားတယ်။ ငွေစာရင်းစနစ်လဲပြောင်းတယ်။ ယခင်လို Double Entry မဟုတ်တော့ဘဲ [ ၄စ ] စနစ်ဖြစ်သွားတယ်။ မြို့နယ်ရုံးတွေမှာ ငွေစာရင်းလုပ်တတ်တဲ့ စာရေးကနည်းသွားတယ်။ အကြီးအကျယ် ပြဿနာတက်တော့တယ်။ ဘာလို့တုန်းလည်း 'ငွေစာရင်း' ရုံးချုပ်ကို အချိန်မီမရောက်တော့ဘူး။

ခရိုင်ရုံးဝန်ထမ်းတွေကို မြို့နယ်ဦးစီးရုံးတွေကို ပြောင်းခန့်ရတယ်။ ခရိုင်ရုံးမှ ငွေစာရင်းနှင့် ပါတ်သက်ရင် ငွေစာရင်းကိုင်နှင့် လက်ထောက်(၂)ယောက်ရှိတယ်။ ခရိုင်တစ်ခုမှာ မြို့နယ်က(၅)ခုလောက်ရှိတယ်။

ခရိုင်ရုံးရဲ့ဖွဲ့စည်းပုံအရ ခန့်ထားရတဲ့ စာရေးဝန်ထမ်းကို ပြောပြမယ်။ အကြမ်းအားဖြင့်-

ရုံးအုပ်ကြီး
ငွေစာရင်းကိုင်နှင့် လက်ထောက်
အခွန်တော်စာရေးကြီးနှင့် လက်ထောက်
စာပေးစာယူ စာရေးနှင့် လက်ထောက်

ခရိုင်အတွင်းရှိ မြို့နယ်တွေကို ခွဲဝေပေးတဲ့အခါမှာ အရေးကြီးတဲ့ ငွေစာရင်းကိုင်က မမျှမတဖြစ်တယ်။ ကျန်တဲ့စာရေးတွေက သက်ဆိုင်ရာအလိုက်သာ ကျွမ်းကျင်ကြတာဆိုတော့ အင်အားကမမျှတော့ဘူး။ ငွေစာရင်းပုံစံကလဲပြောင်း၊ ဝန်ထမ်းမကျွမ်းကျင်တော့ ' မြို့နယ်ငွေစာရင်း'တွေ အချိန်မီ မပြီးတော့ဘူး။

နောက်တစ်ခါ မြို့နယ်မှူးဆိုတဲ့အဆင့်မှာရှိတဲ့ တောအုပ်ကြီးတွေရဲ့အဆင့်ကို ပြောချင်တယ်။ သစ်တောကျောင်းအကြီးတန်းဆင်းတဲ့ တောအုပ်ကြီးက လုပ်ငန်းရော ရုံးလုပ်ငန်းများကို နိုင်နင်းကြတယ်။

အငယ်တန်းဆင်း ဒုတိယတောအုပ်က တက်တဲ့တောအုပ်ကြီးကျတော့ တစ်မျိုးဖြစ်သွားတယ်။ သူတို့က သင်ကြားပြီး 'သစ်တောလုပ်ငန်း'ကို အဓိကထား ဆောင်ရွက်ခဲ့ရတော့ အတွေ့အကြုံအရ တောလုပ်ငန်းသာ ကျွမ်းကျင်ကြတယ်။ အုပ်ချုပ်ရေးမှာ အားနည်းသွားတယ်။ အဲဒီအခါမှာ သူတို့ အုပ်ချုပ်တဲ့မြို့နယ်ရုံးတွေကပြဿနာတက်တာပေါ့။ ဒီအပြင် ချက်လက်မှတ်တွေကို သူတို့ကိုယ်တိုင်ကိုင်ရတဲ့အခါ ပြဿနာတွေ အတော်များများဖြစ်ပြန်တယ်။

ကဲ - ဒီတစ်ခေါက်တော့ နားဦးမယ်။ နောက်ဆက်လက်ရေးပါမယ်။

Damaging of natural environment also burdens daily live making.

သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုကြောင့်လည်း နေ့စဉ်ဘဝရပ်တည်မှု အခြေအနေပိုမိုခက်ခဲလာရသည်။



# ပြောင်းလဲရာသီထိန်းသွဲ့ဖို့ REDD+ ဖြင့်လုပ်ဆောင်စို့




ပန်းပျိုးသူ (FRI)

ယနေ့ကမ္ဘာမြေကြီး၏ ၃၀ရာခိုင်နှုန်းခန့်အား သစ်တောများ ဖုံးလွှမ်းလျက်ရှိနေသေးသော်လည်း အဆိုပါသစ်တောများသည် အလွန်လျင်မြန်သောအရှိန်အဟုန်ဖြင့် ပြုန်းတီးပျောက်ကွယ်လျက်ရှိသည်။ သက္ကရာဇ် ၂၀၀၀ မှ ၂၀၁၀ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းရှိသစ်တောများသည် တစ်နှစ်လျှင် ဟက်တာ ၆.၂ သန်းနှုန်းဖြင့် ပျက်စီးဆုံးရှုံးလျက်ရှိသည်။ မျက်မှောက်ကာလတွင် သစ်တောပြုန်းတီးမှုကြောင့် ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်တောကိုအမှီပြုနေထိုင်သော ဒေသခံများအပေါ် သက်ရောက်မှုများအပြင် သစ်တောများပြုန်းတီးခြင်းနှင့် တောအဆင့်အတန်းကျဆင်းခြင်းတို့ကြောင့် အဓိကကြုံတွေ့ရသည့် အကျိုးဆက်တစ်ခုမှာ ကမ္ဘာ့လေထုအပူချိန်မြင့်မားစေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓါတ်ငွေ့များထုတ်လွှတ်ခြင်းပင်ဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ သစ်တောများသည် ကာဗွန်ကို သိုလှောင်ပေးသည့် နည်းတူ ၎င်းသစ်တောများပျက်စီးသွားလျှင် ကာဗွန်ဒိုင်အောက်ဆိုက်ဓါတ်ငွေ့ထုတ်လွှတ်ပေးသောရင်းမြစ်တစ်ခုလည်း ဖြစ်နေသည်။ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်များအရ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် အကျိုးဆက်များသည် မျှော်မှန်းထားသည်ထက် ပိုမိုမြန်ဆန်စွာအကျိုးသက်ရောက်လာနေကြောင်း ထိတ်လန့်ဖွယ်ရာ သိရှိလာခဲ့သည်။ သစ်တောပြုန်းတီးခြင်းအပါအဝင် သစ်တောမြေမှ အခြားမြေအသုံးချမှု ပြောင်းလဲခြင်းဖြစ်စဉ်မှ ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓါတ်ငွေ့သည် ကမ္ဘာ့ကာဗွန်ထုတ်လွှတ်မှုပမာဏ စုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းမျှရှိရာ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းပြဿနာများ အား ဖြေရှင်းနိုင်မည်ဆိုပါက ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အား ထိထိရောက်ရောက် လျှော့ချနိုင်မည်ဖြစ်သည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်ကို လူသားမျိုးနွယ်များနှင့် သဘာဝတရားကြီးအပေါ်တွင် မြင်သာသော ဆိုးကျိုးများဖြင့် ကနဦးသက်ရောက်လျက်ရှိသော ခြိမ်းခြောက်မှုကြီးတစ်ရပ်အဖြစ် မြင်တွေ့နိုင်ပြီး၊ ၂၁-ရာစု အတွက် အကြီးမားဆုံးသော၊ ဖြေရှင်းရန်ခက်ခဲသော စိန်ခေါ်မှုများထဲမှတစ်ခုအဖြစ် သတ်မှတ်နိုင်သည်။ မြန်မာနိုင်ငံသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကလည်း ကမ္ဘာကြီးနှင့်ကမ္ဘာ့လူသားများအားခြိမ်းခြောက်နေသော၊ ၂၁-ရာစု အတွက် ဖြေရှင်းရန်ခက်ခဲသည့် အကြီးမားဆုံးသော စိန်ခေါ်မှုတစ်ခုအား လူသားများကောင်းကျိုးအတွက် စိတ်အားထက်သန်စွာ ကြိုးစားအဖြေရှာဖွေလျက်ရှိရာ နည်းလမ်းတစ်ခုအနေဖြင့် REDD+ ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ REDD+ (Reducing Emissions From Deforestation and Forest Degradation and Enhancement of Carbon Stock-REDD-Plus) ဆိုသည်မှာ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း လုပ်ငန်းစဉ်ဖြစ်သည်။ အစောပိုင်းကာလများကREDD+ ကို သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းလုပ်ငန်းစဉ်ဖြင့် စတင်ခဲ့ပြီး၊ ၂၀၁၀ခုနှစ်၊ မက္ကဆီကိုနိုင်ငံ ကန်ကူးမြို့၌ ကျင်းပသည့် (၁၆) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံသဘောတူညီချက်တွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း လုပ်ငန်းစဉ်အပြင် အထူးအရေးကြီးသော သစ်တောသစ်ပင်များ ထိန်းသိမ်းရေးလုပ်ငန်း၊ ရေရှည်တည်တံ့စေသော သစ်တောစီမံ အုပ်ချုပ်မှုနှင့် ကာဗွန်သိုလှောင်နိုင်မှုပမာဏ တိုးပွားလာစေရေးအတွက် သဘာဝတောထိန်းနှင့်သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများ ပါဝင်လာခဲ့သည်။

၂၀၁၅ ခုနှစ်၊ ပြင်သစ်နိုင်ငံ၌ ကျင်းပသည့် (၂၁) ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ညီလာခံတွင် ကမ္ဘာကြီး၏ပျှမ်းမျှအပူချိန်အား စက်မှုခေတ် မတိုင်မီအပူချိန်အထက် ၂ °C တိုးမြင့်မှုအောက်တွင်ထိန်းထားရန် ရည်ရွယ်ချက်ထားလုပ်ဆောင်ခဲ့ပါသည်။ စက်မှုခေတ်မတိုင်မီ အပူချိန်အထက် တိုးမြင့်လာသော ကမ္ဘာကြီး၏ ပျှမ်းမျှအပူချိန် ၂ C အား ကမ္ဘာ့ရာသီဥတု၊ ပတ်ဝန်းကျင်တို့ကို သိသာသော ထိခိုက်မှုမဖြစ်စေဘဲကမ္ဘာကြီး၏ အဆုံးစွန်ခံနိုင်စွမ်း

အားအဖြစ်သတ်မှတ်ထားရာ အကယ်၍ မှန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်မှုအား လျှော့ချနိုင်ခြင်းမရှိပါက ကမ္ဘာကြီး၏ အပူချိန်သည် စက်မှုခေတ်မတိုင်မီ ကာလက အပူချိန်ထက် ၅C ခန့်အထိ တိုးလာနိုင်သည့် အလားအလာရှိကြောင်းနှင့် ကမ္ဘာ့ပူနွေးမှုဖြစ်စဉ်ကြောင့် ဆိုးရွားသော ကပ်ဘေးများကြုံတွေ့ရဖွယ်ရှိပြီး ယခင်ကကဲ့သို့ သာယာလှပသည့်ကမ္ဘာမြေအဖြစ် တစ်ဖန်ပြန်လည်ရရှိတော့မည်မဟုတ်ကြောင်း သိပ္ပံပညာရှင်များက ထောက်ပြ ကြပါသည်။ ပဲရစ်ကြေညာချက်တွင်လည်း မှန်လုံအိမ်ဓါတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရန် ကြိုးပမ်းမှုများနှင့် ဖြစ်နိုင်ပါက ကမ္ဘာနှင့်အဝန်းရှိနိုင်ငံများသည် မိမိနိုင်ငံအတွင်း၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသတွင်း ရာသီဥတုဆိုင်ရာလုပ်ဆောင်ချက်များကို ပြည်နယ်နှင့် တိုင်း ဒေသကြီးအစိုးရများ၏ အစီရင်ခံစာများမှတစ်ဆင့် ထုတ် ဖော်ပြောဆိုရန်နှင့် လူထုသို့ ချပြရန် သဘောတူညီချက်ချမှတ်နိုင်ခဲ့ပါသည်။

REDD+ သည် အပူပိုင်းဒေသ၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သစ်တောများမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချပြီး ကာဗွန်ထုတ်လွှတ်မှုနည်းသော ရေရှည်ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းတွင် ရင်းနှီးမြှုပ်နှံသွားနိုင်ရေးအတွက် မက်လုံးပေးသည့် အနေဖြင့် သစ်တောများမှ သိုလှောင်ထားသောကာဗွန်တန်ဖိုး သတ်မှတ်ရန် ကြိုးပမ်းအားထုတ်မှုတစ်ရပ်ဖြစ်သည်။ REDD+ လုပ်ငန်းကို နိုင်ငံတော်အဆင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက သစ်တောသစ်ပင်များမှ ရရှိနိုင်သည့်တိုက်ရိုက်အကျိုးကျေးဇူးများအပြင် နိုင်ငံနှင့် သစ်တောအမှီပြုနေထိုင်သော ဒေသခံပြည်သူလူထုအတွက် လူမှုစီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများ ဖြစ်ထွန်းရရှိလာမည်ဖြစ်သည်။

REDD+ လုပ်ငန်းစဉ်တွင် ဆက်စပ်ပတ်သက်သည့်အဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံပြည်သူလူထုတို့ ပူးပေါင်းပါဝင်ရန်လိုအပ်ပြီး ၎င်းတို့၏ ပါဝင်မှုအခန်းကဏ္ဍအလိုက် လူမှုစီးပွားရေး အကျိုးကျေးဇူးများ ရရှိခံစားရမည်ဖြစ်သည်။ ဒေသခံပြည်သူလူထုဆိုသည်မှာ သက်ဆိုင်ရာဒေသတွင် အတူယှဉ်တွဲနေထိုင်သူများ ဖြစ်ကြပြီး လူမှုရေးနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ဆက်စပ်ပတ်သက်နေကြသူများ၊ သဘောထားအမြင်များ ပေါင်းစည်းကာ ပူးပေါင်းလုပ်ဆောင်ကြသူများဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ မြန်မာနိုင်ငံအတွင်းရှိ ဒေသခံ ပြည်သူလူထုများသည် သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏စာရင်းအရ သက်ဆိုင်ရာဒေသတွင် နှစ်ကာလကြာရှည်စွာ အမှန်တကယ်နေထိုင်ကြသူများ ဖြစ်ပါသည်။ REDD+ လုပ်ငန်းစဉ်တွင်ပါဝင်ဆောင်ရွက်သော တိုင်းရင်းသားလူမျိုးစုများနှင့် ဒေသခံပြည်သူလူထုတို့အား သစ်တောမြေ၊ သစ်တောထွက်ပစ္စည်းအသုံးပြုခွင့်၊ ဆိုင်ရာ ဆိုင်ခွင့်အစရှိသည်များကို နိုင်ငံတော်၏တည်ဆဲဥပဒေများ၊ သစ်တောမူဝါဒ၊ ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုပေးမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုလျော့နည်းစေရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးတွင် REDD+ သည် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်လာမည့် အလားအလာရှိနေသဖြင့် နိုင်ငံတော်အဆင့်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ပြီး သင့်တင့်ညီမျှသောREDD+ လုပ်ငန်းစဉ်ဖြစ်ပေါ်လာရေးအတွက် ၂၀၁၁ ခုနှစ်၊ UN-REDD Programme အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခဲ့သည်မှ အစပြု၍ ၂၀၁၃ ခုနှစ်တွင် REDD+ လမ်းပြမြေပုံရေးဆွဲနိုင်ခဲ့သည်အထိ အစကောင်းခဲ့ပြီဖြစ်သည်။ REDD+ အကောင်အထည်ဖော်ဆောင်ရာတွင် ကြုံတွေ့လာရဖွယ်ရှိသည့် ထိခိုက်နစ်နာမှုများကို ကာကွယ်နိုင်စေရန် လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်များ ရေးဆွဲခြင်းနှင့် သစ်တောများမှ ကာဗွန်ထုတ်လွှတ်မှုပမာဏ ညွှန်းကိန်းသတ်မှတ်ခြင်းလုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်နေပြီဖြစ်သည်။

ဒေသခံပြည်သူများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် နိုင်ငံအတွင်းရှိ ဆက်စပ်ပတ်သက်သူများအားလုံး၏ လူမှုစီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် REDD+ကို အကောင်အထည်ဖော်နိုင်ရန် ကာကွယ်မှုအစီအစဉ်များရေးဆွဲရာတွင် နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် ညီညွတ်ရမည်ဖြစ်ပြီး လိုအပ်ပါက REDD+ အထောက်အကူပြုဥပဒေများ၊ နည်းဥပဒေများ ထပ်မံပြဋ္ဌာန်းရမည်ဖြစ်သည်။ နိုင်ငံအဆင့် REDD+ ကာကွယ်မှုအစီအစဉ်များသည် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း၏ ကာကွယ်မှုအစီအစဉ်များ UNFCCC Safeguards နှင့်လျော်ညီမှုရှိရမည် ဖြစ်သည်။

REDD+ ကိုအကောင်အထည်ဖော်ရာ၌ ဒေသခံပြည်သူများနှင့်တိုင်းရင်းသားလူမျိုးစုများ ထိခိုက်နစ်နာမှုများကြုံတွေ့လာပါက ဖြေရှင်းမည့်နည်းလမ်းအား နိုင်ငံအဆင့် REDD+ ကာကွယ်မှုအစီအစဉ်များတွင် ထည့်သွင်းရေးဆွဲရမည်ဖြစ်သည်။ အထူးသဖြင့် REDD+ စီမံကိန်းတွင်ပြည်သူများ ပူးပေါင်းပါဝင်မှုရှိစေပြီး အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် စီမံကိန်းကြောင့်ဖြစ်ပေါ်ရရှိလာမည့် အကျိုးကျေးဇူးများ၊ ပြည်သူများခံစားရဖွယ်ရှိသော ထိခိုက်နစ်နာမှုများအကြောင်း ဆွေးနွေးညှိနှိုင်းပြီး သဘောတူညီချက်များကို စီမံကိန်းမစတင်မီက ပင်ကြိုတင်ရယူထားရမည်ဖြစ်သည်။ ပြည်သူ ကိုအခြေပြု၍ ပြည်သူများ၏အခြေခံစားဝတ်နေရေး ပိုမိုတိုးတက် ကောင်းမွန်စေရန်ရည်ရွယ်ချက်များဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သဖြင့် ကြိုတင်သဘောတူညီချက်

များနှင့် သင့်တင့်လျော်ညီမှုရှိမရှိ စောင့်ကြည့်စစ်ဆေးရာတွင် ပြည်သူများသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နိုင်ကြောင်း ဒေသခံပြည်သူများနှင့် အဖွဲ့အစည်းများအား အသိပေးထားရန်လိုအပ်ပါသည်။

ကြိုတင်သဘောတူညီချက်များကိုအခြေခံ၍ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သော်လည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိခိုက်နစ်နာမှုကိုအခြေခံသည့် သဘောကွဲလွဲမှုများပေါ်ပေါက်လာနိုင်ပေသည်။ ဒေသခံပြည်သူလူထုကြုံတွေ့ရသည့် ထိခိုက်နစ်နာမှုများနှင့် ပတ်သက်၍ တိုင်ကြားလာပါက လက်ခံဖြေရှင်းပေးမည့် စနစ်တစ်ခုကို စတင်ဖော်ဆောင်ရန်လိုအပ်ပါမည်။ ထိခိုက်နစ်နာမှုများနှင့်ပတ်သက်သည့် တိုင်ကြားမှုများလက်ခံဖြေရှင်းပေးမည့်စနစ်တွင် လက်ခံဖြေရှင်းပေးမည့်ဌာန(သို့မဟုတ်)အဖွဲ့အစည်းများသည် ဒေသခံပြည်သူလူထုနှင့်စီမံကိန်း နှစ်ဘက်စလုံးက သဘောတူလက်ခံသည့် အဖွဲ့ဝင်များပါဝင်သော အဖွဲ့အစည်းများဖြစ်ရန် လိုအပ်သကဲ့သို့ ဆွေးနွေး ညှိနှိုင်းစေ့စပ်ဖျန်ဖြေပေးခြင်းအပါအဝင် လိုအပ်ပါကတည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းခြင်းများ ဆောင်ရွက်ရပါမည်။ ထို့အပြင် လက်ခံဖြေရှင်းပေးမည့်ဌာန(သို့မဟုတ်)အဖွဲ့အစည်း၊ အဆိုပါဌာန (သို့မဟုတ်)အဖွဲ့အစည်းမှ လက်သင့်ခံဖြေရှင်းပေးမည့် တင်ပြစာဖြစ်လာစေရန် တင်ပြစာတွင်ပါဝင်သင့်သည့်အကြောင်းအရာများ (ဥပမာ- တင်ပြသူ၏ကိုယ်ရေးအချက်အလက်၊ တင်ပြရသည့်အကြောင်းရင်းနှင့် မိမိအားထိခိုက်နစ်နာမှု ဖြစ်စေသည့်စီမံကိန်းအမည်)၊ အရေးယူဆောင်ရွက်မည့်နည်းလမ်းများ (ဥပမာ- ဆွေးနွေးညှိနှိုင်းခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခြင်း)ကို ကြိုတင်ရေးဆွဲထားရမည်ဖြစ်သည်။ ဒေသခံပြည်သူများ၏ ထိခိုက်နစ်နာမှုများနှင့်ပတ်သက်သည့် တိုင်ကြားမှုများ လက်ခံဖြေရှင်းပေးမည့် စနစ်တွင်- တိုင်ကြားစာလက်ခံစာရင်းသွင်းခြင်း၊ တိုင်ကြားစာလက်ခံရရှိကြောင်း ပြန်ကြားခြင်းနှင့် တာဝန်ပေးသုံးသပ်စစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းနှင့် အမှုပိတ်သိမ်းခြင်း၊ တိုင်ကြားချက်များစောင့်ကြည့်စစ်ဆေး အကဲဖြတ်ခြင်း၊ ပြန်လှန်သုံးသပ်ခြင်းလုပ်ငန်းရပ်များ ပါဝင်ရပါမည်။ ပြည်သူများ၏ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်၍ တိုင်ကြားစာလက်ခံရရှိသည်နှင့် တစ်ပြိုင်နက်တည်း စေ့စပ်ညှိနှိုင်းဖြေရှင်းပေးနိုင်မည်ဆိုပါက စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရပါမူ လူသားမျိုးနွယ်များ ကောင်းကျိုးချမ်းသာနှင့် သာယာဝပြောသော ကမ္ဘာမြေဖြစ်စေရန်အတွက် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို တတ်နိုင်သမျှလျှော့ချပေးရမည်ဖြစ်သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုလျှော့ချရန် ထိရောက်သည့်လုပ်ဆောင်ချက်အနေဖြင့် ကမ္ဘာလေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကိုစုပ်ယူသိုလှောင်ပေးမည့် သစ်တောသစ်ပင်များထိန်းသိမ်းခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းများ လုပ်ဆောင်ရပေမည်။ သို့ဖြစ်ရာ ကာဗွန်ထုတ်လွှတ်မှုနည်းသော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်တက်ရောက်နိုင်ပြီး လူမှုစီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အကျိုးကျေးဇူးများစွာရရှိစေမည့် REDD+ ကိုအကောင်အထည်ဖော် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

**REDD+ ဆိုတာ...**

သစ်တောပျက်စီးပြုန်းတီးခြင်းနှင့် သစ်တောတန်ဖိုးကျဆင်းလာခြင်းမှထုတ်လွှတ်သည့်ကာဗွန်များလျှော့ချသည့်လုပ်ငန်းဖြစ်ပါသည်။
သစ်တောများကိုပြုစုစိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ဒေသခံများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်အောင်စီမံဆောင်ရွက်ခြင်းဖြစ်ပါသည်။



# ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှု ဟန့်တားတိုက်ဖျက်ရေးတွင် စွမ်းအားမြင့် မီးဖိုများ၏ အရေးပါသော အခန်းကဏ္ဍ

အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည်(သစ်တောတက္ကသိုလ်)

ကမ္ဘာ့လူဦးရေ(၇)ဘီလျံကျော်ရှိသည့်အနက် ၂ ဒသမ ၄ ဘီလျံခန့်သည် အစားအစာချက်ပြုတ်ရာတွင် ထင်းနှင့် အခြားဇီဝဒြပ်ထုများကို လောင်စာအဖြစ် သုံးစွဲနေကြသည်။ ချက်ပြုတ်ရာတွင်လည်း ရိုးရာဖိုခနောက်မီးဖိုများ (Traditional Three- Stones)ကိုသာ အသုံးပြုနေကြဆဲဖြစ်သည်။ ဖိုခနောက်မီးဖိုများဖြင့် လေဝင်လေထွက်မကောင်းသော မီးဖိုချောင်များ၌ ချက်ပြုတ်ခြင်းကြောင့် လေထုညစ်ညမ်းမှုနှင့် ဆက်နွယ်သော ရောဂါများကို ခံစားရလျက်ရှိကြသည်။

(၅)နှစ်နှင့်အောက် ကလေးငယ်များဖြစ်ကြကြောင်း သိရှိရသည်။ ထို့ပြင် အာဖရိကနိုင်ငံအများစုနှင့် အာရှနိုင်ငံအချို့၌ ထင်းကို တာဝန်ယူစုဆောင်းရသောအိမ်ရှင်မများနှင့် သမီးမိန်းကလေးများသည် ထင်းရရှိရေးအတွက် နာရီပေါင်းများစွာ အချိန်ကုန်နေခြင်းကြောင့် အိမ်ရှင်မများအနေဖြင့် အခြားဝင်ငွေရရှိနိုင်သည့်လုပ်ငန်းများကို မလုပ်ကိုင်နိုင်ကြသည်သာမက လေးလံသော ထင်းစီးများကို မိုင်ပေါင်းများစွာ သယ်ပိုးနေကြရခြင်းကြောင့် ခါးနာဝေဒနာများ ခံစားနေကြရကြောင်း၊ မိန်းကလေးများ





WHO ၏ ခန့်မှန်းချက်အရ အစားအစာချက်ပြုတ်ရာမှ ထွက်ရှိလာသောမီးခိုးများကို ရှူရှိုက်ရခြင်းကြောင့် နှစ်စဉ် လူပေါင်း ၁ ဒသမ ၉ သန်းခန့်သည် အရွယ်မတိုင်မီ သေဆုံးနေကြကြောင်း၊ ချက်ပြုတ်ခြင်းကို တာဝန်ယူရသော အိမ်ရှင်မများနှင့် ၎င်းတို့၏ကလေးငယ်များတွင် ပန်းနာရင်ကြပ်၊ အဆုတ်နှင့် ဆက်နွယ်သော အခြားရောဂါများ၊ နှလုံးရောဂါများ ပိုမိုခံစားနေကြရကြောင်း၊ သေဆုံးသူများ၏ ထက်ဝက်ခန့်သည် အသက်

သည်လည်း ပညာသင်ကြားရေးကို ထိခိုက်လျက်ရှိကြောင်း သိရှိရသည်။

၎င်းပြင် တစ်ကမ္ဘာလုံးမှ ထင်းသုံးစွဲမှုပမာဏသည် သစ်နှင့်သစ်အခြေခံပစ္စည်း များ ထုတ်လုပ်မှုအတွက် ထုတ်ယူသည့် သစ်လုံး(Industrial Round wood ) ပမာဏထက်ပို၍များသဖြင့် သစ်တောများပြုန်းတီးရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်နေကြောင်း မှတ်သားထားဖူးသည်။ သစ်တောများပြုန်းတီးခြင်းကြောင့် လေထုအတွင်းမှ





ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူပေးမည့် အစား လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက်များ ထုတ်လွှတ်မှုပို၍များလာသဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုကို အားပေးရာရောက်သည်သာမက သဘာဝ ပတ်ဝန်းကျင်ကိုပါ ထိခိုက်လျက်ရှိပါသည်။

ထို့ကြောင့် ထင်းသုံးစွဲမှုကို လျှော့ချနိုင်မည်ဆိုပါက ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုပမာဏကို လျှော့ချနိုင်ပြီး သစ်တောပြုန်းတီးမှုများကိုပါ တစ်ဖက်တစ်လမ်းမှ ကာကွယ်နိုင်မည်ဖြစ်သောကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှု တိုက်ဖျက်ရေးတွင် အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

အိမ်ရှင်မများနှင့် ကလေးငယ်များ ခံစားနေကြရသော အထက်ဖော်ပြပါ ရောဂါများနှင့် ရင်ဆိုင်ရလျက်ရှိသောပြဿနာများကို ဖြေရှင်းရန်နှင့် သစ်တောများ ပြုန်းတီးမှုကို တတ်နိုင်သမျှ ကာကွယ်ရန်အတွက် နိုင်ငံတကာ အဖွဲ့အစည်းများက စွမ်းအားမြှင့် အိမ်သုံးမီးဖို (Efficient Cookstoves or Improved Cookstoves)များကို တီထွင်ထုတ်လုပ်လာကြပြီး အာရှနိုင်ငံများနှင့် အာဖရိကနိုင်ငံများသို့ ပညာပေးဖြန့်ဝေလျက်ရှိသည်။

အိန္ဒိယနိုင်ငံ၌ လူပေါင်း(၈၂၆)သန်းခန့်သည် အစားအစာချက်ပြုတ်ရာတွင် ရိုးရာ ဖိုခနောက်မီးဖိုများကို အသုံးပြုနေကြကြောင်း၊ ယင်းမီးဖိုများအစား စွမ်းအားမြှင့်မီးဖိုများကို အသုံးပြုစေရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်နှစ်လျှင်စွမ်းအားမြှင့်မီးဖိုပေါင်း(၁၅)သန်းဖြန့်ဝေပေးခြင်းဖြင့် (၁၀)နှစ်အတွင်း ရိုးရာမီးဖို အသုံးပြုနေသည့် အိမ်ထောင်စုများ၏(၈၇)ရာခိုင်နှုန်းခန့်ကို ဖြန့်ဝေပေးပြီးဖြစ်မည်ဖြစ်ကြောင်း၊ ဤသို့ဆောင်ရွက်ခြင်းဖြင့် အရွယ်မတိုင်မီ သေဆုံးနေသူ (၁၇) ရာခိုင်နှုန်းခန့် လျော့နည်းလာနိုင်မည်ဖြစ်ကြောင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ မီသိန်းနှင့် ကာဗွန်မိုနော့ဆိုက် ဓာတ်ငွေ့များ ထုတ်လွှတ်မှုလျော့နည်းလာပြီး $CO_2$ equivalent (ကာဗွန်ဒိုင်အောက်ဆိုက်နှင့်ညီမျှသော) ပမာဏပေါင်း ၀ ဒသမ ၅ ဘီလျံမက်ထရစ်တန်မှ ၁ ဘီလျံ မက်ထရစ်တန်ခန့်အထိ ထုတ်လွှတ်မှု လျော့နည်းလာနိုင်ကြောင်း မှတ်သားရပါသည်။

မာလာဝီနိုင်ငံ၌ အစားအစာချက်ပြုတ်ရာတွင် ထင်းကို သုံးစွဲနေသူပေါင်း (၉၅)ရာခိုင်နှုန်းခန့်ရှိကြောင်း၊ စွမ်းအားမြှင့်မီးဖိုအသုံးပြုစေရေးအတွက် ကျေးရွာစည်းရုံးရေးမှူးများကို သင်တန်းများပေးပြီး ယင်းမီးဖိုများကို အိမ်တိုင်ရာရောက်လိုက်လံပြုလုပ်ပေးခဲ့ရာ ယခုအခါ အိမ်ထောင်စုပေါင်း ၃၀၀၀၀က အသုံးပြုလျက်ရှိနေကြောင်း၊ အကျိုးဆက်အဖြစ် ထင်းအစီးပေါင်း ၆၀၀၀၀ ခန့်ကုန်ကျမှု သက်သာနေကြောင်း၊ ယခင်က ထင်းချောင်းကြီးများကို သုံးစွဲခဲ့ရသော်လည်း ယခုထင်းချောင်းအသေးများကို သုံးစွဲ၍ရကြောင်း၊ ထို့ကြောင့် ကလေးငယ်များ မီးလောင်မှုဒဏ်မှ ကင်းဝေးသွားကြောင်း သိရှိရသည်။

တရုတ်နိုင်ငံတွင်လည်း ပြီးခဲ့သော ဆယ်နှစ်အတွင်း စွမ်းအားမြှင့်မီးဖိုပေါင်း(၁၂၉) သန်းဖြန့်ဝေခဲ့ကြောင်း၊ အဆိုပါ မီးဖိုများ၏ သုံးပုံနှစ်ပုံခန့်ကို ယခုအချိန်အထိ အသုံးပြုနေကြဆဲဖြစ်ကြောင်း ကြားသိရပါသည်။

ကုလသမဂ္ဂ၏ ထောက်ပံ့မှုဖြင့် ဖွဲ့စည်းထားသော "Global Alliance for Clean Cookstovesရအဖွဲ့က တရုတ်၊ အိန္ဒိယ၊ ကင်ညာနှင့် ဂွါတီမာလာနိုင်ငံများတွင် စွမ်းအားမြှင့်မီးဖိုများဖြန့်ဝေပေးရန် စီစဉ်လျက်ရှိကြောင်း ၂၀၂၀ ပြည့်နှစ်သို့ ရောက်ရှိချိန်တွင် မီးဖိုပေါင်းသန်း (၁၀၀) ဖြန့်ဝေပြီးဖြစ်ရန် လျာထားချက်ရှိကြောင်း ထုတ်ပြန်ထားသည်။

## မြန်မာနိုင်ငံ၌ စွမ်းအားမြှင့် မီးဖိုများအသုံးပြုမှုနှင့် ယင်းတို့၏ အကျိုးဆက်များ

ရေဆင်း၊ သစ်တောသုတေသနဌာနက တီထွင်ခဲ့သောရအေဝမ်းစွမ်းအားမြှင့်မီးဖိုများကို ၁၉၉၄ ခုနှစ်မှ စတင်၍ ထုတ်လုပ်ခဲ့သည်သာမက ယင်းမီးဖိုများ နိုင်ငံ တစ်ဝန်းကျယ်ပြန့်စွာအသုံးပြုစေရေးအတွက် မီးဖိုပြုလုပ်နည်း သင်တန်းများကို အကြိမ်ကြိမ်ပေးခဲ့သည်။ ၁၉၉၈ ခုနှစ် ဇူလိုင်လက ကွင်းဆင်းစာရင်းကောက်ယူမှုများအရ တစ်နိုင်ငံလုံးတွင် အေဝမ်းမီးဖိုအသုံးပြုနေသူပေါင်း (၁၄၄၀၀၀) ခန့်ရှိခဲ့သည်။ ထို့ကြောင့် ယခုအချိန်၌ အေဝမ်းမီးဖိုကို အသုံးပြုနေသူပေါင်း တစ်သန်းခန့်ရှိနိုင်သည်။ အေဝမ်းမီးဖို၏ သက်တမ်းသည် (၂)နှစ်၊ (၃)နှစ်ခန့်သာ ရှိသော်လည်း အေဝမ်းမီးဖိုကို သုံးစွဲသူတိုင်းသည် မီးဖို ပျက်စီးသွားပါက ယင်း၏ အကျိုးရှိပုံများကိုသိရှိပြီးဖြစ်သဖြင့် နောက်ထပ် မီးဖိုအသစ်တစ်လုံး ဝယ်ယူအသုံးပြုမည်မှာသေချာပါသည်။

စာရေးသူတို့နိုင်ငံမှ ကျေးလက်အိမ်ထောင်စု တစ်စုက တစ်နှစ်လျှင် ထင်း ၂ ဒသမ ၅ကုဗတန်သုံးစွဲသည်။ ရိုးရာဖိုခနောက်မီးဖိုနှင့် နှိုင်းယှဉ်လျှင် အေဝမ်းမီးဖိုသည် ထင်းကုန်ကျမှု(၄၀)ရာခိုင်နှုန်းခန့် သက်သာသည်။ ထို့ကြောင့် အေဝမ်းမီးဖိုကို အသုံးပြုသည့် အိမ်ထောင်စုတစ်စုသည် တစ်နှစ်လျှင် ထင်းကုန်ကျမှု ၁ ကုဗတန်ခန့်(၁ . ၄၁၆ $m^3$) သက်သာမည်။ မြန်မာနိုင်ငံမှ သစ်မျိုးများ၏ ပျမ်းမျှအခြေခံသိပ်သည်းခြင်း (Basic Density= Ovendry weight/ Green Volume)သည် ၆၀၀ $kg/m^3$ခန့်ရှိသည်။ ထို့ကြောင့် ဖော်ပြပါ ထင်း ၁ ဒသမ ၄၁၆ $m^3$သည် အလေးချိန်အားဖြင့် ၀ ဒသမ ၈၄၉၆ မက်ထရစ်တန်နှင့် ညီမျှသည်။

သစ်မျိုးများ(Wood Species)၏ ကာဗွန်ပါဝင်မှု

နှုန်းသည် ပျမ်းမျှ ၅၀ ရာခိုင်နှုန်း ခန့်ရှိကြောင်း အထက်ပါထင်း ၀ ဒသမ ၈၄၉၆ မက်ထရစ်တန်တွင် ကာဗွန်(C) ၀ ဒသမ ၄၂၄၈ မက်ထရစ်တန်ခန့်ပါဝင်သည်။ ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$) မော်လီကျူးတွင် ကာဗွန် နှင့်ကာဗွန်ဒိုင်အောက်ဆိုက် ၏ အလေးချိန်ပါဝင်မှုအချိုးသည် ၁၂း၄၄ ရှိသည်။ ထို့ကြောင့် တစ်နှစ်လျှင် ကုန်ကျမှုသက်သာသည့် ထင်းကုဗ(၁)တန်ကို ထင်းအဖြစ်သုံးစွဲလိုက်လျှင် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ပမာဏ ၁ ဒသမ ၅၅၇ မက်ထရစ်တန် (၀. ၄၂၄၈ × ၄၄/၁၂) ထုတ်လွှတ်မည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် ကျေးလက်အိမ်ထောင်စုတစ်စုက အေဝမ်းမီးဖိုတစ်လုံးကို တစ်နှစ်အသုံးပြုတိုင်း ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုပမာဏ ၁ ဒသမ ၅၅၇ မက်ထရစ်တန်လျော့နည်းစေမည်ဖြစ်သည်။

၁၃-၅-၂၀၁၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်ပါရှိခဲ့သော ယာဉ်ကြောပိတ်ဆို့မှုနှင့် မှန်လုံအိမ်ဓာတ်ငွေ့များထုတ်လွှတ်မှု ဆောင်းပါး၌ မော်တော်ကားတစ်စီးသည် ဓာတ်ဆီ(၁)ဂါလန်သုံးစွဲလျှင် ကာဗွန်ဒိုင်အောက်ဆိုက် ၁၀ ဒသမ ၃၉၅ ကီလိုဂရမ်၊ မီသိန်းဓာတ်ငွေ့ ၀ ဒသမ ၀၀၀၄၅ ကီလိုဂရမ်နှင့် နိုက်ထရပ်စ်အောက်ဆိုက်ဓာတ်ငွေ့ ၀ ဒသမ ၀၀၀၀၉ ကီလိုဂရမ် ထုတ်လွှတ်ကြောင်း ဖော်ပြခဲ့ပါသည်။

ရန်ကုန်မြို့ကြီးတွင် ဖြစ်ပေါ်လျက်ရှိသော ယာဉ်ကြောပိတ်ဆို့မှုများကို ကူညီဖြေရှင်းပေးသည့်အနေဖြင့် မော်တော်ကားပိုင်ရှင်သုံးဦးက ၄င်းတို့၏ ကား(၃)စီးကို တစ်ပတ်လျှင် တစ်ရက်မသွားဘဲ ရပ်နားပေးထားမည် ဆိုပါက တစ်နှစ်လျှင် ဓာတ်ဆီကုန်ကျမှု ၁၅၆ ဂါလန် (၅၂ပတ် × ၃ ဂါလန်)သက်သာမည်ဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုပမာဏ ၁ ဒသမ ၆၂၀ မက်ထရစ်တန်လျော့နည်းမည်ဖြစ်သည်။ ထို့ကြောင့် ကျေးလက်အိမ်ထောင်စုတစ်စုက ရိုးရာဖိုခနောက်မီးဖိုကို အသုံးပြုမည့် အစားအေဝမ်းမီးဖိုကို တစ်နှစ်အသုံးပြုလျှင် ထုတ်လုပ်မှုလျော့နည်းမည့် ကာဗွန်ဒိုင်အောက်ဆိုက်ပမာဏသည် မော်တော်ကားသုံးစီးတစ်ပတ်လျှင် တစ်ရက်နှုန်းဖြင့် တစ်နှစ်ရပ်နားပေးရာမှ ထုတ်လွှတ်မှုလျော့နည်းမည့် ကာဗွန်ဒိုင်အောက်ဆိုက် ပမာဏနီးပါးရှိကြောင်းတွေ့မြင်နိုင်ပါသည်။ (ကားတစ်စီးသည်တစ်ရက်လျှင် ပျမ်းမျှဓာတ်ဆီတစ်ဂါလန်သုံးစွဲသည်ဟု ယူထားသည်)။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ် မေလက ထုတ်ပြန်ခဲ့သော လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း ၁၀၈၇၇၈၃၂ ခုရှိသည့်အနက် မြို့ပြအိမ်ထောင်စုပေါင်းသည် ၃၀၄၉၄၃၃ စုဖြစ်ပြီး ကျေးလက်နေအိမ်ထောင်စုပေါင်းသည် ၇၈၂၈၃၉၉ စု ဖြစ်ကြောင်း၊ မြို့ပြအိမ်ထောင်စုပေါင်း ၇၈၂၀၄၇ နှင့် ကျေးလက်အိမ်ထောင်စုပေါင်း ၆၇၅၀၆၁၄ စု သည် အစားအစာချက်ပြုတ်ရာတွင် ထင်းကို သုံးစွဲသူများဖြစ်ကြကြောင်းသိရှိရသည်။ ထင်းသုံးစွဲသူများအနက် အိမ်ထောင်စုပေါင်းတစ်သန်းက အေဝမ်းမီးဖိုကို အသုံးပြုလျက်ရှိနိုင်ကြောင်း အထက်တွင်ဖော်ပြခဲ့ပါသည်။ ယင်းအိမ်ထောင်စု ၁၀၀၀၀၀၀(တစ်သန်း)အနက် မြို့ပြအိမ်ထောင်စုပေါင်း ၁၀၀၀၀၀(တစ်သိန်း)နှင့် ကျေးလက်အိမ်ထောင်စုပေါင်း ၉၀၀၀၀၀(ကိုးသိန်း)သည် အေဝမ်းမီးဖိုများကို အသုံးပြုနေကြသည်ဟုယူပါမည်။ မြို့ပြအိမ်ထောင်စုတစ်စု တစ်နှစ်လျှင် ထင်း(၂)ကုဗတန် သုံးစွဲခြင်းကြောင့် အေဝမ်းမီးဖိုသုံးစွဲသည့် မြို့ပြ အိမ်ထောင်စုပေါင်း ၁၀၀၀၀၀ အတွက် တစ်နှစ်လျှင် ထင်းကုန်ကျမှု ကုဗတန် ၈၀၀၀၀ ခန့်လျော့နည်းမည်ဖြစ်သည်။ထိုနည်းတူပင် ကျေးလက်အိမ်ထောင်စုတစ်စုက တစ်နှစ်လျှင် ထင်း ၂ဒသမ ၅ ကုဗတန် သုံးစွဲခြင်းကြောင့် ကျေးလက်အိမ်ထောင်စုပေါင်း ၉၀၀၀၀၀ အတွက် တစ်နှစ်လျှင် ထင်းကုန်ကျမှုကုဗတန် ၉၀၀၀၀၀ ခန့်လျော့နည်းမည်ဖြစ်သည်။ ထို့ကြောင့် အေဝမ်းမီးဖိုပေါင်း တစ်သန်းကို အသုံးပြုခြင်းကြောင့် တစ်နှစ်လျှင် ထင်းကုန်ကျမှု ကုဗတန် ၉၈၀၀၀၀ ခန့်သက်သာမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှု ပမာဏ ၁၅၂၅၈၆၀ မက်ထရစ်တန်ခန့်လျော့နည်းမည်ဖြစ်သည်။ (ထင်းကုဗတန် တစ်တန်သုံးစွဲလိုက်လျှင် ကာဗွန်ဒိုင်အောက်ဆိုက် ၁ ဒသမ ၅၅၇ မက်ထရစ်တန် ထုတ်လွှတ်ကြောင်း အထက်တွင် တွက်ပြထားပါသည်။)

၄င်းပြင် တစ်ရက်လျှင် ပျမ်းမျှဓာတ်ဆီတစ်ဂါလန်သုံးစွဲသည့်မော်တော်ကားတစ်စီးက ကာဗွန်ဒိုင်အောက်ဆိုက် ၁၀ ဒသမ ၃၉၅ ကီလိုဂရမ် ထုတ်လွှတ်သဖြင့် တစ်နှစ်လျှင် ကာဗွန်ဒိုင်အောက်ဆိုက် ၃ ဒသမ ၇၉၄ မက်ထရစ်တန်ခန့် ထုတ်လွှတ်သည်။ ထို့ကြောင့် ကားပိုင်ရှင်တစ်ဦးက အေဝမ်းမီးဖိုသုံးလုံးလှူလိုက်ပါက ၄င်း၏ ကားမှတစ်နှစ်အတွင်း ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို ချေဖျက်ပေးရာရောက်မည်ဖြစ်သည်။ အေဝမ်းမီးဖိုတစ်လုံးကို ကျေးလက်အိမ်ထောင်စုတစ်စုက တစ်နှစ်အသုံးပြုလျှင် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု ၁ ဒသမ ၅၅၇ မက်ထရစ်တန် သက်သာသောကြောင့်ဖြစ်သည်။ အေဝမ်းမီးဖိုကို ကျေးလက်ဒေသ၌ အသုံးပြုသော်လည်း လေထုသည် တစ်ဆက်တစ်စပ်တည်းရှိနေသောကြောင့် မြန်မာတစ်နိုင်ငံလုံး၌ သာမက တစ်ကမ္ဘာလုံးတိုင် အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။ ကညနတွင် လိုင်စင်သက်တမ်းလာတိုးသော ကားပိုင်ရှင်

များထံမှ အလှူခံလျှင် စာရေးသူ၏ စိတ်ကူးကို အကောင်အထည်ဖော်ရန်ဖြစ်နိုင်မည်ဟု ယူဆပါသည်။ အေဝမ်းမီးဖိုတစ်လုံး၏ ဈေးနှုန်းသည် ကျပ် ၂၅၀၀/- ခန့်ရှိသဖြင့် စေတနာသဒ္ဓါတရားရှိသမျှ လှူဒါန်းကြရန်ဖြစ်ပါသည်။ ဤလှူဒါန်းမှုသည် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ချပေးခြင်းဖြစ်သောကြောင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုဟန့်တားတိုက်ဖျက်ရေးတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်ပေးရာ ရောက်မည်ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်နေကြသည့် အသင်းအဖွဲ့များက ကညနလိုင်စင်ရုံးတွင် သွားရောက်၍ အလှူခံပေးကြမည်ဆိုပါက အတိုင်းထက်အလွန်ဖြစ်ပါမည်။ ရန်ကုန်လိုင်စင် လုပ်ထားသော မော်တော်ယာဉ်နှင့် အခြားစက်တပ်ယာဉ်ပေါင်း (၇)သိန်းကျော်ရှိသဖြင့် ရန်ကုန်တစ်မြို့တည်း၌ အလှူခံလျှင်ပင် အမြောက်အများ ရရှိနိုင်ပါသည်။

ထိုမျှမက အေဝမ်းမီးဖိုပေါင်း တစ်သန်းကို အသုံးပြုခြင်းဖြင့် တစ်နှစ်လျှင် ထင်းကုဗတန်ပေါင်း ၉၈၀၀၀၀ ခန့်သက်သာသောကြောင့် သဘာဝသစ်တောများမှ သစ်ပင်များ၊ သစ်တောစိုက်ခင်းများမှ သစ်ပင်များနှင့် အခြားသစ်ပင်များခုတ်လှဲခံရမှုလျော့နည်းလာသည်နှင့် အမျှ ကာဗွန်ဒိုင်အောက်ဆိုက် စုပ်ယူမှုပမာဏလျော့နည်းခြင်းကို တားဆီးပေးရာရောက်မည်ဖြစ်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကိုပါ သက်သာစေမည်ဖြစ်သည်။

အေဝမ်းမီးဖိုနှင့် အခြားစွမ်းအားမြင့် အိမ်သုံးမီးဖိုများကို အသုံးပြုခြင်းကြောင့် အထက်ဖော်ပြပါ အကျိုးဆက်များသာမက အသုံးပြုသည့် အိမ်ထောင်စုများအနေဖြင့် -

(၁) ထင်းခွေချိန်သက်သာသဖြင့် အိမ်ရှင်မများ အခြားဝင်ငွေရသည့် လုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်း၊ သားသမီးများ၏ ကျန်းမာရေး၊ ပညာရေးများတွင် အချိန်ပိုပေးနိုင်ခြင်း၊ ကလေးများ ပညာရေးတွင် ပို၍အာရုံစိုက်နိုင်ခြင်း၊

(၂) ထင်းဝယ်ယူသုံးစွဲသူများအတွက် ငွေကုန်သက်သာခြင်း၊

(၃) မီးခိုးထွက်ရှိမှုနည်းသဖြင့် လေထုညစ်ညမ်းမှုနှင့် ဆက်နွယ်သော ရောဂါများ ဖြစ်ပွားမှု သိသာစွာ လျော့နည်းခြင်း၊

(၄) ချက်ပြုတ်ချိန်မြန်သဖြင့် အခြားလုပ်ငန်းများ အတွက်အချိန်ပို၍ရခြင်း၊

(၅) မီးအပူရှိန်ဟပ်မှုနည်းသဖြင့်ပင်ပန်းမှုသက်သာခြင်း၊

(၆) မီးဘေးအန္တရာယ်ကင်းဝေးခြင်း စသည့်အကျိုးများကိုပါ ရရှိခံစားကြရမည် ဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုဟန့်တားတိုက်ဖျက်ရေးကို အဘက်ဘက်မှ အကျိုးပြုနိုင်သည်သာမက အသုံးပြုသူများကို ဘက်ပေါင်းစုံမှ အကျိုးပြုနိုင်သော စွမ်းအားမြင့်မီးဖိုများကို မြန်မာနိုင်ငံတစ်ဝန်း ကျယ်ပြန့်စွာ အသုံးပြုစေရေး အတွက် အစိုးရဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တစ်ဦးချင်းပုဂ္ဂလိက အလှူရှင်များအား ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**၂၃-၇-၂၀၁၆ ရက်နေ့ မြန်မာ့အလင်းသတင်းစာတွင် ပါရှိသည့် "ရာသီဥတုပြောင်းလဲမှုကို ကုစားရာ၌ စွမ်းအားမြင့်မီးဖိုများ၏ အခန်းကဏ္ဍအရေးပါ" ဆောင်းပါး၏ မူရင်းစာမူဖြစ်ပါသည်။**







# အမြဲတမ်းသစ်တောနယ်မြေတိုးချဲ့ရေးရှည်ထိန်းသိမ်းကာကွယ်ရေး

ဦးစိန်သက်၊ ညွှန်ကြားရေးမှူး (ငြိမ်း)

**နိုင်ငံတော်** ၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးဖြစ်သည်နှင့်အညီအမျိုးသားစီးပွားရေးဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည်အင်အားစုများ အားလုံးပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူတို့၏နေထိုင်မှုအဆင့်အတန်း မြှင့်တင်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ရှေ့ရှုသည့်နိုင်ငံတော်၏ စီးပွားရေးမူဝါဒများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်။

(က) စိုက်ပျိုးရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) တိုင်းဒေသကြီးနှင့်ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊

(ဂ) ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ် အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊

(ဃ) စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်ရေး၊

နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ အကောင်အထည်ဖော်ရန် ကာလတိုကာလရှည် စီမံကိန်းများရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာနသည် နှစ်စဉ်စီမံကိန်း၊အမျိုးသားတိုးတက်မှု ပထမငါးနှစ် စီမံကိန်း(၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်ထိ)နှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၃၀–၂၀၃၁ ဘဏ္ဍာနှစ်ထိ)တို့ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမူဝါဒများနှင့်အညီ ရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ရာ ပြောင်းလဲတိုးတက်နေသော ကမ္ဘာ့စီးပွားရေးအနေအထားနှင့် လိုက်လျောညီထွေဖြစ်စေရန်လည်း စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိပြုပြင်ပြောင်းလဲမှုများ ကြီးမားသောအရှိန်ဖြင့် တိုးတက်မှုများရှိအောင် ဆောင်ရွက်နိုင်ရန်၊ စွမ်းဆောင်မှုအားကောင်းစေရန်၊ လူသားအရင်းအမြစ်တိုးတက်ဖွံ့ဖြိုး တိုးတက်စေရန်နှင့် ပုဂ္ဂလိကကဏ္ဍသက်ဝင် လှုပ်ရှား၍ ရှင်သန်အားကောင်းလာစေရန် စသည့်ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာလုပ်ငန်းများကို အောင်မြင်စေရန် မူဝါဒများချမှတ်၍ အကောင်အထည်ဖေါ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် မိမိနိုင်ငံသားများအကြား စီးပွားရေးဖွံ့ဖြိုးတက်မှု၏ အကျိုးအမြတ်များနှင့် ဒေသဆိုင်ရာနှင့် ကမ္ဘာ့စီးပွားရေးများတွင် ပိုမိုပူးပေါင်းဆောင်ရွက်မှုကို ညီမျှစွာခွဲဝေပေးပြီး အားလုံးပါဝင်သော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်စေနိုင်သည့် အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့်စနစ်တကျပြောင်းလဲနေသောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။လယ်ယာမြေများ သစ်တောများ စက်မှုနှင့် မြို့ပြဒေသများ ကာကွယ်ထားသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အမွေအနှစ်နယ်မြေများ ရေဝေရေလဲဒေသများ

ကမ်းခြေဒေသများ မြို့ပြတိုးချဲ့ရေးနှင့် အခြေခံအဆောက်အအုံ စီမံကိန်းများအတွက် လိုအပ်သောမြေများ အပါအဝင် နိုင်ငံတော်ရှိမြေ အခြေခံ သဘာဝအရင်းအမြစ်များသည် ဤဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအစိတ်အပိုင်းများ ဖြစ်ပါမည်။ မြေကိုမည်သို့ အသုံးချမည် မည်သူတို့အတွက် အသုံးချမည်နှင့် မည်သည့် ရည်ရွယ်ချက်များအတွက် အသုံးချမည်တို့ အပေါ် ဆုံးဖြတ်ချက်များသည် လယ်ယာမြေ အနည်းငယ်သာ ပိုင်ဆိုင်ပြီး နယ်မြေများတွင် နေထိုင်ကြသည့် လယ်သမားများက အများစု ပါဝင်သော မြန်မာနိုင်ငံပြည်သူများအတွက် များစွာအကျိုးသက်ရောက်မှုများ ရှိပေမည်။

မြန်မာနိုင်ငံသည် အင်ဒို–မြန်မာဇီဝဘူမိနယ်မြေတွင် တည်ရှိပြီး အပင်နှင့်သတ္တဝါ အမျိုးမျိုးသော ဇီဝမျိုးစုံမျိုးကွဲသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး သစ်တောဦးစီးဌာနက ၂၀၁၅ခုနှစ် ထုတ်ပြန်ထားသော စာရင်းဇယားများအရ နိုင်ငံ၏ ၄၃ ရာခိုင်နှုန်းခန့်မှာ သဘာဝသစ်တောများ ဖုံးလွှမ်းလျက်ရှိပါသည်။ ကမ္ဘာ့လူသိများသော အဖိုးတန်ကျွန်းပင်များ သဘာဝအတိုင်းပေါက်ရောက်ရာ နေရင်းဒေသလည်းဖြစ်ပါသည်။ ဇီဝမျိုးစုံ မျိုးကွဲသယံဇာတများအား ရေရှည်တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်၍ သစ်တောဦးစီးဌာနမှ ကာကွယ်ထိန်းသိမ်းလျက်ရှိပါသည်။ သဘာဝတောများမှရရှိသော သစ်တောထွက်ပစ္စည်းများမှာ နိုင်ငံတကာသို့တင်ပို့ရောင်းချလျက်ရှိသဖြင့် ပြည်ပဝင်ငွေရရှိမှုတွင် ခေတ်အဆက်ဆက်၌ အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ပါသည်။ နိုင်ငံလူဦးရေ၏ ကျေးလက်နေ ၇၀ ရာခိုင်နှုန်းမှာ စားဝတ်နေရေးအခြေခံလိုအပ်ချက်များအတွက် သစ်တောသယံဇာတများကို မှီခိုအားထားနေကြခြင်းကြောင့် မြန်မာ့သစ်တောများသည် နိုင်ငံ၏စီးပွားရေးအတွက် အရေးပါရုံမျှမက ပြည်သူလူထု၏ လူနေမှုနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အလွန်အရေးပါလှပါသည်။ နိုင်ငံ၏သစ်တောသယံဇာတများ ပေါများကြွယ်ဝနေရခြင်းမှာ ပြည့်စုံ၍စနစ်ကျသော သစ်တောစီမံအုပ်ချုပ်မှု (Forest Management)ကို နှစ်ပေါင်းများစွာ အသုံးပြုလာခဲ့ခြင်းကြောင့်ဖြစ်သည်။

စနစ်တကျစဉ်ဆက်မပြတ် စီမံအုပ်ချုပ်လျက်ရှိသော သစ်တောများသည် သဘာဝပတ်ဝန်းကျင်နှင့် လူနေမှု–စီးပွားရေးဆိုင်ရာအခန်းကဏ္ဍတို့တွင် အလွန်အသုံးဝင်ပြီး သက်ဆိုင်ရာဒေသများနှင့် အမျိုးသား/နိုင်ငံအတွက်သာမက ကမ္ဘာ့ဒေသများ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်မှုတွင်အရေးပါလှပေသည်။ သစ်တောအရင်းအမြစ်များနှင့် သက်ဆိုင်သည့် သတင်း အချက်အလက်များ(ဥပမာ–သစ်တောများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေများ၏ ဧရိယာ အကျယ်အဝန်းနှင့် ပြောင်းလဲမှု၊ သစ်မျိုးအလိုက်အပင်အမြင့်၊ လုံးပတ်နှင့် ထုထည်ကြီးထွားနှုန်း၊ သစ်နှင့်သစ်မဟုတ်သောကာဗွန်ပမာဏ၊ ဇီဝမျိုးစုံမျိုးကွဲများ၏အခြေအနေ၊ ရှုခင်းပသာဒနှင့် ကိုယ်စိတ်အပန်းဖြေရာဒေသများအဖြစ် လည်းကောင်း၊ အမျိုးသားစီးပွားရေး အခန်းကဏ္ဍတို့အတွက် သစ်တောများအား အသုံးပြုနေမှု အခြေအနေများအစရှိသည့် အချက်အလက်များ)မှာ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်မှုနှင့် သစ်တောကဏ္ဍဆိုင်ရာမူဝါဒနှင့် အစီအစဉ်များတွင် ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ အထောက်အပံ့ပြုနိုင်ပါသည်။

သစ်တောများသည် မြန်မာနိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးတွင်အလွန်အရေးပါသော အခန်းမှ ပါဝင်သည့်အလျောက် အဆိုပါ သစ်တောများအား မပျက်စီးမပြုန်းတီးစေဘဲ သစ်တောထွက်ပစ္စည်းများကို နှစ်စဉ်ထုတ်လုပ်သွားနိုင်ရန် ခေတ်မီသိပ္ပံနည်းကျ အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း(Management Plan)များရေးဆွဲ၍ စနစ်တကျ အုပ်ချုပ်လုပ်ကိုင်လျက်ရှိပါသည်။ ဤကဲ့သို့ သစ်တောများကို အုပ်ချုပ်လုပ်ကိုင်နိုင်ရန်အတွက် အဆိုပါ သစ်တောများ၏ တိကျမှန်ကန်ပြီး အချိန်နှင့်တပြေးညီဖြစ်သော ကိန်းဂဏန်းများ ရရှိရန်လည်း အထူးလိုအပ်လှပါသည်။ သစ်တောများသည် အစဉ်





ပြောင်းလဲနေသည့်အတွက် တစ်ကြိမ် တစ်ခါတိုင်းတာရုံဖြင့် မလုံလောက်ဘဲ အခါအားလျော်စွာ ပြန်လည်တိုင်းတာသွားရမည်ဖြစ်ပါသည်။

အမြဲတမ်းသစ်တောမြေ (Permanent Forest Estates) တွင် ကြိုးဝိုင်းတော (Reserved Forest)၊ ကြိုးပြင်ကာကွယ်တော (Protected Public Forest)သဘာဝနယ်မြေများ (Protected Areas)ပါဝင်ကြပြီး အချို့ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောများတွင် သဘာဝနယ်မြေများ တည်ရှိနေကြပါသည်။ မြန်မာ့သစ်တောမူဝါဒ (၁၉၉၅)တွင် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောရေိယာကို မြန်မာနိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းနှင့် သဘာဝနယ်မြေဧရိယာကို ရေတိုတွင်နိုင်ငံမြေဧရိယာ၏ ၅ရာခိုင်နှုန်းနှင့် နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း (၂၀၀၁–၂၀၃၀)တွင် ကြိုးဝိုင်းနှင့် ကြိုးပြင် ကာကွယ်တော(၃၀) ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ(၁၀)ရာခိုင်နှုန်းနှင့် ဖွဲ့စည်းရန် ရည်မှန်းချက်ထားရှိပါသည်။ ၎င်းပြင် သစ်တောများကို ထာဝစဉ်ညီ တောထွက်စနစ်ဖြင့် စီမံအုပ်ချုပ်နိုင်ရေးကို အာမခံချက်ပြုရန်အလို့ငှာ နိုင်ငံ၏ အချက်အချာကျသော ဒေသများ အတွင်းတည်ရှိသည့် ကြိုးပြင်သစ်တောများ (Unclass Forest)နှင့် ကြိုးပြင်ကာကွယ်တောများအား အစဉ်တည်မြဲစေရန်အတွက် ကာကွယ်ထိန်းသိမ်းလျက် သစ်တောကြိုးဝိုင်းများ၏ ထိန်းသိမ်းကာကွယ်ထားသည့် သစ်တောမြေများကို အစဉ်တည်မြဲစေရေးအတွက် ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင်ကြိုးဝိုင်းဖွဲ့စည်းမှုများကို ၁၈၇၀ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပါသည်။ မှတ်တမ်းများအရ ၁၈၈၁ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ဧက ၂၂.၅ သန်း ဖွဲ့စည်းခဲ့ပြီး ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ဖွဲ့စည်းနိုင်ခဲ့ခြင်းမရှိဘဲ ၁၉၆၂ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ဧက ၂.၃၅သန်းနှင့် ၁၉၈၈ ခုနှစ်မှ ၂၀၀၈ ခုနှစ် အောက်တိုဘာလကုန်အထိ ဧက ၁၄.၆၁ သန်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ၃.၅ သန်းကျော် ဖွဲ့စည်းနိုင်သော်လည်း ပယ်ဖျက်ဧရိယာ ၁.၄ သန်းနီးပါး ရှိသောကြောင့် ၂၀၁၆ ခုနှစ်အထိ စုစုပေါင်း ဧက ၄၂ သန်းဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရှိရပါသည်။ မြန်မာ့သစ်တောမူဝါဒ ရည်မှန်းချက်ဧရိယာ ပြည့်မီစေရန် ဧက ၈ သန်းကျော် ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

> **သစ်တောများကို ထိရောက်စွာ ကာကွယ်ထိန်းသိမ်းနိုင်ပါက သစ်တော သယံဇာတများသည်လည်း ဂေဟစနစ်သဘာဝဖြစ်စဉ်များအရ အမြဲတမ်း ပြန်လည်ဆန်းသစ် လာပြီး တည်တံ့ခိုင်မြဲမည်ဖြစ်ပါသည်။**

မြန်မာနိုင်ငံသစ်တောများနှင့် သစ်တောသယံဇာတအရင်းအမြစ်များ၏ အတိုင်းအတာ ပမာဏ အဆင့်အတန်းနှင့် ကြီးထွားရှင်သန်မှု အခြေအနေများ မြှင့်တင်ပေးနိုင်ရန်အတွက် သစ်တောကာကွယ်ထိန်းသိမ်းခြင်းသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။သစ်တောများကို ထိရောက်စွာ ကာကွယ်ထိန်းသိမ်းနိုင်ပါက သစ်တောသယံဇာတများသည်လည်း ဂေဟစနစ်သဘာဝဖြစ်စဉ်များအရ အမြဲတမ်းပြန်လည်ဆန်းသစ်လာပြီး တည်တံ့ခိုင်မြဲမည်ဖြစ်ပါသည်။ အလွန်အကျွံဖျက်ဆီးခြင်းခံရပါက ဂေဟစနစ်တစ်ခုလုံးပျက်ပြားပြီး နလန်မထူနိုင်သည်အထိ ယိုယွင်းပျက်စီးသွားမည်သာ ဖြစ်သည်။ လူဦးရေတိုးတက်လာခြင်းနှင့်အညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအရ သစ်နှင့်သစ်တောထွက်ပစ္စည်းများ ပိုမိုထုတ်လုပ်လာခြင်းနှင့် လယ်ယာမြေနှင့် အခြားမြေအသုံးချမှုကိစ္စများအတွက် သစ်တောမြေများကို ခုတ်ထွင် ရှင်းလင်းလာခြင်းတို့ကြောင့် သစ်တောများ တဖြည်းဖြည်း လျော့နည်းလာခဲ့ပြီး ဖြစ်ပါသည်။ သို့သော် ရှိသင့်ရှိထိုက်သည့် ပမာဏအကျယ်အဝန်းအတိုင်း သစ်တောမြေများကို ထိန်းသိမ်းစောင့်ရှောက်နိုင်လျှင် သစ်တောများ ထာဝစဉ်တည်တံ့ဖွံ့ဖြိုးရေး အုပ်ချုပ်လုပ်ကိုင်မှုကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် သစ်တောသယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန် အတွက် သစ်တောများမပျက်စီးစေရန် လူတို့၏ဝင်ရောက်ဖျက်ဆီးမှု၊ တောမီးအန္တရာယ်တို့ထိရောက်စွာ ကာကွယ်ခြင်းဖြင့် နိုင်ငံတော်၏ သစ်တောများ ထာဝစဉ်တည်တံ့ဖွံ့ဖြိုးရေး အုပ်ချုပ်လုပ်ကိုင်မှုစနစ်ကို အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက် ကာကွယ်ထိန်းသိမ်းရန် အထူးလိုအပ်နေပါသည်။

**တောတောင်ပျက်ပြုန်း၊**
**မြေဆီသုဉ်း၏။**
**တောတောင်တင့်တယ်၊**
**စားကျက်ကြွယ်၏။**

ဒေါက်တာသောင်းနိုင်ဦး

# သဘာဝသယံဇာတနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု

## သယံဇာတကျိန်စာ

သဘာဝသယံဇာတများသည် နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက် အကူပြုနိုင်သကဲ့သို့ သဘာဝသယံဇာတထုတ်ယူမှုဆိုင်ရာ မူဝါဒအမှားများကြောင့် တိုင်းပြည် ဆင်းရဲတွင်းနက်ပြီး ပြဿနာပေါင်းစုံနှင့် ရင်ဆိုင်ကြရသည်လည်းရှိသည်။ ပြည်သူအများပိုင်သည့် သဘာဝသယံဇာတများကို အုပ်ချုပ်သူအစိုးရက ပြည်သူ့အကျိုး နိုင်ငံအကျိုးအတွက်ထက် မိမိကိုယ်ကျိုးစီးပွားအတွက်၊ လူနည်းစုအကျိုးစီးပွားအတွက်ကိုသာ သုံးစွဲခြင်း၊ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်း၊ မျှတမှုမရှိခြင်း၊ လုပ်ပိုင်ခွင့် အခွင့်အာဏာကို အသုံးပြု၍ အလွဲသုံးစားလုပ်ခြင်း၊ သယံဇာတမှရရှိသောအကျိုးအမြတ်များဖြင့် မိမိ၏အခွင့်အာဏာကို တည်မြဲအောင် ဆောင်ရွက်ခြင်းတို့ကြောင့် သယံဇာတများပေါကြွယ်ဝသည့်နိုင်ငံဖြစ်သော်လည်း ဆင်းရဲကြရလေ့ရှိသည်။

ဒီမိုကရက်တစ်မဆန်သော အစိုးရများသည် သယံဇာတမှရသော ဝင်ငွေများဖြင့် ပိုမိုသက်တမ်းကြာရှည် တည်မြဲလာခြင်း၊ ပြည်သူတို့၏ ထောက်ခံမှုနှင့်အခွန်အခကို အားကိုးရန်မလိုပဲ သယံဇာတ ထုတ်ယူမှုမှရသော ဝင်ငွေကြောင့် ရပ်တည်လာနိုင်ခြင်း၊ နိုင်ငံ၏စွမ်းရည်နှင့် တန်ဖိုးများ လျော့ပါးပျောက်ကွယ်လာခြင်း၊ လူ့ဘောင်အဖွဲ့အစည်းအတွင်း ပြဿနာများထူပြောလာခြင်း စသည့်အခြေအနေများကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဝေးသထက်ဝေးလာပြီး ဆင်းရဲမှုသံသရာစက်ကွင်းမှ ရုန်းမထွက်နိုင်ဘဲရှိကြသည်ကို သယံဇာတကျိန်စာ (Resource Curse)ကျ ရောက်သည်ဟု ခေါ်ဆိုကြသည်။

## သဘာဝသယံဇာတထုတ်ယူမှုဆိုင်ရာ မူဝါဒအမှားများ

မများသောရွှေ့နေ၊ မသေသောဆေးသမားမရှိဟု ဆိုရိုးရှိသော်လည်း သဘာဝသယံဇာတထုတ်ယူမှုဆိုင်ရာ မူဝါဒအမှားများကို မချမှတ်မိဖို့ အလွန်အရေးကြီးသည်။ သဘာဝသယံဇာတထုတ်ယူမှုဆိုင်ရာ မူဝါဒအမှားများသည် လူတစ်ဦးတစ်ယောက်ကိုသာ ထိခိုက်ခြင်းမျိုးမဟုတ်ပဲ လက်ရှိပြည်သူများနှင့် အနာဂတ်မျိုးဆက်များ အားလုံးအပေါ်သက်ရောက်မှုရှိပြီး နိုင်ငံ၏နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့်ပတ်ဝန်းကျင်ရေးရာအားလုံး ထိခိုက်ပျက်စီးနိုင်ပါသည်။ နေရာဒေသ၊ အခြေအနေနှင့်အချိန်အခါပေါ်မူတည်၍ သဘာဝသယံဇာတ ထုတ်ယူမှုဆိုင်ရာ မူဝါဒအမှားအမျိုးမျိုးရှိနိုင်ပြီး အထူးသဖြင့် အောက်ဖော်ပြပါ မူဝါဒအမှားများကြောင့်သယံဇာတကျိန်စာသင့်ကြရသည် -

- ❖ စီးပွားရေးဖွံ့ဖြိုးမှုသည် ပထမ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် နောက်မှရဟူသည့်အတိုင်း စီးပွားရေး ဖွံ့ဖြိုးရေးသက်သက်ကိုသာ ဦးတည်ပြီး သဘာဝသယံဇာတများကို ထုတ်ယူခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို လျစ်လျူရှုခြင်း၊
- ❖ ထုတ်လုပ်မှုအကန့်အသတ်မထားခြင်း(လိုအပ်သည်ထက်ပိုမိုထုတ်ယူခြင်းကြောင့် ဈေးကွက်တန်ဖိုးထက် လျော့နည်းလာခြင်း)၊
- ❖ ထုတ်ယူမှု၏ ဘေးထွက်ဆိုးကျိုးများကို လျစ်လျူရှုခြင်း သို့မဟုတ် မဆိုစလောက်သာ ထည့်သွင်းစဉ်းစားခြင်း၊
- ❖ လူနည်းစုကိုသာ လက်ဝါးကြီးအုပ် ထုတ်လုပ်ခွင့်ပြုခြင်းနှင့် လုပ်ပိုင်ခွင့်ကို လူနည်းစုက ချုပ်ကိုင်ထားနိုင်ခြင်း၊
- ❖ ထုတ်လုပ်မှုဆိုင်ရာ အချက်အလက်များ ပွင့်လင်းမြင်သာမှု မရှိခြင်း၊ ကွယ်ဝှက်ထားခြင်း၊ မမှန်မကန်ထုတ်ပြန်ခြင်း၊
- ❖ ဆက်စပ်ပတ်သက်သူများ၊ ဒေသခံပြည်သူများ၏ ပိုင်ဆိုင်မှုများကို အကာအကွယ်မပေးခြင်း၊ ဒေသခံပြည်သူများလူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူမပြုခြင်း၊
- ❖ သဘာဝသယံဇာတနှင့် စပ်လျဉ်းသည့် မဆီလျော်သော ရည်မှန်းချက်များဖြင့် ထုတ်လုပ်ခွင့်ပြုခြင်းနှင့် ထုတ်လုပ်ခြင်း၊
- ❖ မူဝါဒဆိုင်ရာ မတည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု မရှိမှုတို့ကြောင့် သယံဇာတထုတ်ယူသူများက အခွင့်အရေးရရှိသည့် အချိန်တိုအတွင်း အများဆုံးထုတ်လုပ်ကြခြင်း (ထုတ်လုပ်ခွင့်ပေးခြင်း)၊
- ❖ သဘာဝသယံဇာတ အလွန်အကျွံထုတ်ယူခြင်းနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများဆိုင်ရာ ဘေးထွက်ဆိုးကျိုးများကို အစိုးရက ဖိအားပေးအရေးယူဆောင်ရွက်မှုမရှိခြင်း၊ အားနည်းခြင်း၊

❖ သဘာဝသယံဇာတထုတ်ယူရာတွင် ပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ် ဝန်ဆောင်မှုတန်ဖိုးများကို ထည့်သွင်းတွက်ချက်မှု မရှိခြင်း၊

ထို့အပြင်မျှတမှု (Equity) မရှိခြင်းကြောင့်လည်း ပြဿနာမျိုးစုံနှင့် ရင်ဆိုင်ရလေ့ရှိသည်။ ဥပမာအားဖြင့် သယံဇာတထုတ်ယူခြင်းကြောင့် ဒေသခံပြည်သူများ နေရာဒေသပြောင်းရွှေ့ပေးရခြင်း၊ ဒေသခံမဟုတ်သူများ ဝင်ရောက်လာခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းပျက်စီးခြင်း၊ လူမှုဘဝနိမ့်ကျခြင်း၊ မိမိတို့ဒေသထွက် သယံဇာတများကို မိမိတို့မခံစားရဘဲ အခြားသူများထံသို့ နေ့စဉ်နှင့်အမျှ ရောက်ရှိနေသည်ကို မြင်တွေ့ရ၍ အလုံးစုံ မကျေနပ်မှု ပိုမိုများပြားလာပြီး တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေနိုင်ပါသည်။

ထို့ကြောင့်လည်း သဘာဝသယံဇာတများစွာကို ပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း မှန်ကန်သည့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်နိုင်ခြင်းမရှိလျှင် အများပြည်သူအတွက် အကျိုးမများပဲ လူနည်းစုကောင်းစားရေးအတွက်သာ ဖြစ်ကြရသည်။ တိုင်းပြည်မှာတော့ ဆင်းရဲတွင်းမှ မတက်နိုင်ဖြစ်ကြရသည်။

## သဘာဝ သယံဇာတဆိုင်ရာမူဝါဒများရေးဆွဲချမှတ်ခြင်း

သဘာဝသယံဇာတများကို စဉ်ဆက်မပြတ် စီမံအုပ်ချုပ်နိုင်ရန်အတွက် မှန်ကန်သည့် မူဝါဒများ၊ ထိရောက်သည့် ဥပဒေများ၊ တရားဥပဒေစိုးမိုးမှုများရှိရန် လိုအပ်ပြီး မျှတမှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်နှင့် တာဝန်ယူမှု တာဝန်ခံမှုရှိခြင်းစသည့် အကြောင်းအရာများလိုအပ်ပါသည်။ အခြေခံအားဖြင့် မူဝါဒများချမှတ်ရာတွင် အကောင်းမြင်လွန်းခြင်း၊ အဆိုးမြင်လွန်းခြင်းဟူသည့် အစွန်း(၂)ပါးကိုရှောင်ရှား၍ လူမှုရေး၊ စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရေရှည်အကျိုးများမည့် မူဝါဒများကို ဆက်စပ်ပတ်သက်သူများနှင့် ညှိနှိုင်းဆွေးနွေးပြီး ချမှတ်ပါကအမှားနည်း၍အကျိုးကျေးဇူး ပိုမိုများနိုင်မည် ဖြစ်သည်။

မှန်ကန်တိကျသည့် သတင်းအချက်အလက်များသည် မူဝါဒချမှတ်ရာတွင် အလွန်အထောက်အကူပြုနိုင်သည်။ မူဝါဒမချမှတ်မီ သဘာဝသယံဇာတနှင့် စပ်လျဉ်းသော အောက်ဖော်ပြပါ သတင်းအချက်အလက်များကို စုဆောင်းခြင်း၊လေ့လာသုံးသပ်ခြင်းပြုသင့်ကြောင်း ပညာရှင်များက ဆိုသည်–

- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာအမျိုးအစား၊ ပမာဏ၊ နေရာဒေသနှင့် အနေအထား၊
- ပြဿနာ၏ အတိမ်အနက်နှင့် အချိန်နှင့်အမျှ ကြီးထွားလာနိုင်သည့် အခြေအနေ၊ ပြဿနာ၏အရင်းအမြစ်အကြောင်းအရင်းများ၊ တိုက်ရိုက်နှင့် သွယ်ဝိုက်သော အကြောင်းအရင်းများ၊
- လက်ရှိပြဿနာနှင့် ဆက်စပ်ပတ်သက်လာနိုင်သည့် အခြားပြဿနာများ၊ အဓိကမောင်းနှင်အားများ၊ ပြဿနာအရင်းအမြစ်များ၊ ဆက်စပ်ပတ်သက်လာနိုင်သည့် အစုအဖွဲ့များ၊ အဖွဲ့အစည်းများ၊ ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များ၊
- ဂေဟစနစ်အပေါ်အကျိုးသက်ရောက်နိုင်မှုနှင့် အရေးကြီးသည့် ဂေဟစနစ်ဆိုင်ရာ ကွင်းဆက်များ ထိခိုက်နိုင်မှု အခြေအနေ၊
- ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းပေးရာတွင် လိုအပ်သော သွင်းအားစုများ (ငွေ၊ ကျွမ်းကျင်မှု၊ အချိန် စသည်) ရရှိနိုင်မည့် အခြေအနေ၊

မျက်မမြင်ပုဏ္ဏား၏ မှန်းဆချက်များကဲ့သို့ ကျဉ်းမြောင်းသောဘောင်အတွင်းက သုံးသပ်၍ အဖြေထုတ်လျှင်၊ မူဝါဒများရေးဆွဲသောအခါ အနာနှင့်ဆေးမကိုက်သကဲ့သို့ လက်ရှိပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ချေ။ လိုအပ်သောသတင်းအချက်အလက်များ၊ သွင်းအားစုများကို အသုံးပြု၍ ဆက်စပ်ပတ်သက်သူများ၏ ပူးပေါင်းပါဝင်မှု၊ ကျေကျေလည်လည် ဆွေးနွေးညှိနှိုင်းမှုဖြင့်သာ ကောင်းမွန်မှန်ကန်သည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများ ချမှတ်နိုင်လိမ့်မည်ဖြစ်သည်။ အနာဂတ်မျိုးဆက်များအတွက် ထည့်သွင်းစဉ်းစား၍ မူဝါဒရေးဆွဲခြင်းဖြင့် အနာဂတ်မျိုးဆက်များအပေါ် တရားမျှတခြင်း (Generation Justice) ရှိလိမ့်မည်ဖြစ်သည်။

## သစ်တောများမှ ထောက်ပံ့သော ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုတန်ဖိုးများ

သဘာဝသယံဇာတများကို စီမံခန့်ခွဲရာတွင် အနာဂတ်မျိုးဆက်များအတွက် ရေရှည်အကျိုးစီးပွားကို မျှော်တွေးဆောင်ရွက်ရန်လိုအပ်သည်။ တန်ဖိုးသိမှတန်ဖိုးထားနိုင်မည် ဖြစ်သည်။ တန်ဖိုးထားနိုင်မှ မှန်ကန်သော မူဝါဒများချမှတ်နိုင်ပြီး စနစ်တကျစီမံအုပ်ချုပ်နိုင်မည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်၏ တန်ဖိုးကို အောက်ပါအတိုင်း အမျိုးအစားခွဲခြားသည်–

### တိုက်ရိုက်ရရှိသော တန်ဖိုးများ (Direct Use Value)

- ဥပမာ တိုက်ရိုက်အသုံးပြုနိုင်သည့် ထင်သာမြင်သာရှိသည့် တန်ဖိုးများ (သစ်၊ ထင်း၊ ဆေးဖက်ဝင်ပင်၊ အစားအစာ စသည့် သစ်နှင့် သစ်တောထွက်ပစ္စည်းများ၊ ဝန်ဆောင်မှုများ)

**သွယ်ဝိုက်ရရှိသောတန်ဖိုးများ (Indirect Use Value)**

- ဥပမာ လက်ရှိထုတ်လုပ်မှုနှင့် စားသုံးမှုစနစ်များကို အထောက်အကူပြုနေသော ဝန်ဆောင်မှုများ (ရေသန့်စင်ခြင်း၊ မုန်တိုင်းစသည့် သဘာဝဘေးအန္တရာယ်များ ကာကွယ်ခြင်း၊)

**လိုအပ်သည့်အခါ အသုံးပြုနိုင်သည့်တန်ဖိုးများ (Option Value)**

- ဥပမာ လက်ရှိအချိန်တွင် မိမိအတွက် အသုံးမပြုသော်လည်း နောင်လိုအပ်သောအခါ အသုံးပြုနိုင်စေရန်အတွက်လည်းကောင်း၊ ယခုအသုံးမပြုသေးသော်လည်း နောင်အနာဂတ်တွင် အသုံးဝင်နိုင်သည့်အတွက် ပျက်စီးဆုံးရှုံးမှုကို ကာကွယ်ထားလိုသည့်အတွက်လည်းကောင်း မိမိဆန္ဒအလျောက် ရန်ပုံငွေကြေးထည့်ဝင် ထိန်းသိမ်းထားရသည့်တန်ဖိုးများ၊

**တည်ရှိနေရုံမျှဖြင့် ရရှိသည့်ခံစားမှုတန်ဖိုးများ (Existing Value)**

- ဥပမာ ဂေဟစနစ်ဝန်ဆောင်မှုများကို အသုံးမပြုသော်လည်း အဆိုပါဂေဟစနစ် တည်ရှိနေသည်ကို သိရုံမျှဖြင့် စိတ်ကျေနပ်မှု ရရှိစေသောတန်ဖိုးများ၊

သစ်တောသယံဇာတနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများကို အောက်ဖော်ပြအတိုင်း အမျိုးအစားခွဲခြားထားသည်ကိုလည်း တွေ့ရသည်-

- ထောက်ပံ့မှုဆိုင်ရာ ဝန်ဆောင်မှု (Provisional Services)
  - သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ စားနပ်ရိက္ခာ၊ ရေကောင်းရေသန့်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ
- ပတ်ဝန်းကျင်ထိန်းညှိမှုဆိုင်ရာ ဝန်ဆောင်မှု(Regulating Services)
  - ရေ၊ လေသန့်စင်မှု လုပ်ငန်းများအပါအဝင် သဘာဝပတ်ဝန်းကျင်အားထိန်းညှိမှုစနစ် လုပ်ငန်းများ၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ခြင်းဆိုင်ရာ ဝန်ဆောင်မှု၊ ရာသီဥတုထိန်းညှိခြင်း၊ မြေတိုက်စားမှု မြေပြိုမှုများမှ ကာကွယ်ခြင်း၊ ဝတ်မှုန်ကူးခြင်းနှင့် ပိုးမွှားကျရောက်မှုများမှ ကာကွယ်ခြင်း၊
- ယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ(Cultural and Spiritual Services )
  - အပန်းဖြေမှု၊ အလှအပနှင့် မျက်စိပသာဒဆိုင်ရာ ဝန်ဆောင်မှု၊ ယုံကြည်မှု ကိုးကွယ်မှု ရိုးရာဓလေ့ဆိုင်ရာဝန်ဆောင်မှုများ၊
- ဝန်ဆောင်မှုလုပ်ငန်းများအား အထောက်အကူပေးသည့် လုပ်ငန်းများ (Supporting Services)
  - မြေဆီလွှာများ ဖြစ်ပေါ်လာစေမှုနှင့် အထက်ဖော်ပြပါ ဝန်ဆောင်မှုများအားချိတ်ဆက်ပေါင်းစပ်ထောက်ပံ့ပေးသည့်ဝန်ဆောင်မှုများ၊

သစ်တောများက အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများသည် သက်ရှိလောကအတွက် မရှိမဖြစ် လိုအပ်ပြီး ငွေကြေးအားဖြင့် တန်ဖိုးဖြတ်၍ မရနိုင်ပေ။ သို့သော်လည်း အဆိုပါတန်ဖိုးများကို သိရှိနားလည်မှုမရှိခြင်း (သို့မဟုတ်)သိရှိသူအလွန်နည်းပါးခြင်း၊ သိရှိသော်လည်း မိမိအကျိုးစီးပွား၊ လူနည်းစုအကျိုးစီးပွားနှင့် ရေတိုအကျိုးစီးပွားကို ရှေ့ရှု ဆောင်ရွက်ခြင်း၊ အဆိုပါတန်ဖိုးများကို ဖော်ထုတ်မည့်အဖွဲ့အစည်း၊ ထိန်းသိမ်းမည့် အဖွဲ့အစည်းအလွန်နည်းပါးခြင်းနှင့် စွမ်းဆောင်ရည်မရှိခြင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများဆိုင်ရာ တန်ဖိုးတွက်ချက်မှု အလွန်နည်းပါးခြင်း၊ ဈေးကွက်မရှိခြင်း စသည့် အကြောင်းများကြောင့် သစ်တောသယံဇာတများ၊ သစ်တောဂေဟစနစ်များ ပျက်စီးဆုံးရှုံးခဲ့ကြရသည်။ ထို့ကြောင့် သစ်တောနှင့် သဘာဝသယံဇာတ ထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းလုပ်ငန်းများကို အထူးအလေးထား ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။

**သစ်တောသယံဇာတနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခြင်း**

စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုဆိုရာတွင် မျက်မှောက်ခေတ်လူသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး အနာဂတ်မျိုးဆက်များ၏ စွမ်းဆောင်ရည်ကိုလည်း မလျော့ပါးစေသည့် ဖွံ့ဖြိုးတိုးတက်မှုမျိုးကို ဆိုလိုပါသည်။ စီးပွားရေးသက်သက် ဖွံ့ဖြိုးတိုးတက်စေရန်ထက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟစနစ်တည်ငြိမ်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးစသည့် အပြန်အလှန်ဆက်စပ်နေသော ဘက်စုံကဏ္ဍစုံကို တပြေးညီ ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်းကို ရရှိစေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

ကမ္ဘာ့နိုင်ငံများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် (၁၇)ချက်ကို ချမှတ်ထားသည်။ သစ်တောသယံဇာတများကို ထိန်းသိမ်းခြင်း၊ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ခြင်းဖြင့် အောက်ဖော်ပြပါ ရည်မှန်းချက် (၇) ခုကို အောင်မြင်စေဖို့ တိုက်ရိုက် အထောက်အကူပြုနိုင်မည်ဖြစ်သည်-

- **ရည်မှန်းချက်(၁)** ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး၊
- **ရည်မှန်းချက်(၂)** ငတ်မွတ်မှုရပ်တန့်ရေး၊ အစားအစာလုံခြုံ စိတ်ချမှုရှိစေရေး၊ အဟာရဓာတ် ကြွယ်ဝစေရေးနှင့် စဉ်ဆက်မပြတ် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး၊
- **ရည်မှန်းချက်(၇)** ပြည်သူများအားလုံး လက်လှမ်းမှီနိုင်ပြီး ယုံကြည်ကိုးစားနိုင်သည့် ခေတ်မီစွမ်းအင် စဉ်ဆက်မပြတ်ရရှိရေး၊
- **ရည်မှန်းချက်(၁၁)** ပြည်သူများအားလုံးအတွက် လုံခြုံစိတ်ချရသော အိမ်ယာများ၊ မြို့ပြများ၊ စဉ်ဆက်မပြတ် ဖြစ်ပေါ်စေရန် ဆောင်ရွက်ရေး၊
- **ရည်မှန်းချက် (၁၂)** သယံဇာတများ ထုတ်လုပ်ခြင်းနှင့် စားသုံးခြင်းပုံစံများထိရောက်မှုရှိစေရန် သေချာစွာ ဆောင်ရွက်ရေး၊
- **ရည်မှန်းချက်(၁၃)** ရာသီဥတုပြောင်းလဲမှုနှင့် အကျိုးဆက်များတိုက်ဖျက်ရေးအတွက် လိုအပ်သော လုပ်ငန်းစဉ်များ အလျှင်အမြန် ဆောင်ရွက်ရေး၊
- **ရည်မှန်းချက် (၁၅)** ကုန်းမြေဂေဟစနစ် စဉ်ဆက်မပြတ် အသုံးပြုနိုင်ရေးအတွက် စနစ်တကျ ထိန်းသိမ်းကာကွယ်ရေး၊ သစ်တောများထာဝစဉ်တည်တံ့စေရန် အုပ်ချုပ်ရေး၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး၊ မြေအတန်းအစားကျဆင်းမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးပျောက်ကွယ်မှုတို့အား ရပ်တန့်အောင် ဆောင်ရွက်ရေး၊

ဤမျှတန်ဖိုးကြီးမားသော အဖိုးတန်သစ်တောသယံဇာတများသည် အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးလျက်ရှိသည်။ ကမ္ဘာကြီးပူနွေးလာခြင်း၊ မြေထု၊ရေထု၊ လေထုများညစ်ညမ်းလာခြင်း၊ ကမ္ဘာ့အိုဇုန်းလွှာပျက်စီး ယိုယွင်းလာခြင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များယိုယွင်း ပျက်စီးလာခြင်း၊ သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်ခြင်း စသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ၏ အဓိကအကြောင်းအရင်းတစ်ခုမှာ သစ်တောများပျက်စီးဆုံးရှုံးခြင်းကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံ၏ သစ်တောပြုန်းတီးမှုနှုန်းသည် ၂၀၁၀ ခုနှစ် မှ ၂၀၁၅ ခုနှစ်အတွင်း သစ်တောနယ်မြေအတွင်း၌ ပြုန်းတီးမှုနှုန်း (၁ . ၃၈)ရာခိုင်နှုန်းရှိပြီး သစ်တောမြေ ပြင်ပ ပြုန်းတီးမှုနှုန်း (၂ . ၃၆၇)ရာခိုင်နှုန်း ရှိခဲ့သည်။ နှစ်စဉ် ပျမ်းမျှသစ်တောပြုန်းတီးမှုနှုန်း(၁ . ၇၃၇) ရှိခဲ့သည်။ သစ်တောများပျက်စီးဆုံးရှုံးမှုနှင့်အတူ ဇီဝမျိုးစုံမျိုးကွဲအပါအဝင် ဂေဟစနစ်ဝန်ဆောင်မှုများအားလုံး ဆုံးရှုံးခဲ့ရသည်။

သစ်တောပြုန်းတီးမှုအဓိကအကြောင်းအရင်း များကို လေ့လာကြည့်ပါက သစ်အလွန်အကျွံထုတ်ခြင်း၊ တရားမဝင်သစ်ထုတ်ခြင်း၊ ထင်းလောင်စာခုတ်ယူခြင်း စသည့်သစ်တောကဏ္ဍအတွင်းမှ အကြောင်းအရင်းများအပြင် သစ်တောများအတွင်း စိုက်ပျိုးမြေများ တိုးချဲ့ စိုက်ပျိုးခြင်း၊သတ္တုတူးဖော်ခြင်း၊ရေအားလျှပ်စစ် ဆည်တာတမံများ တည်ဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ ဆီအုန်း၊ ရာဘာ၊ ကြံစသည့် စက်မှုကုန်ကြမ်းစိုက်ခင်းများ အကြီးအကျယ်စိုက်ပျိုးခြင်း စသည့်သစ်တောကဏ္ဍပြင်ပမှ အကြောင်းအရင်းများကြောင့် သစ်တောများ ပြုန်းတီးရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ထို့ကြောင့် သစ်တောသယံဇာတများ ထာဝစဉ်တည်တံ့စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဆက်စပ်ပတ်သက်သောကဏ္ဍအသီးသီးနှင့် ပေါင်းစပ်ညှိနှိုင်း စည်းရုံးဆောင်ရွက်ရန် အထူးလိုအပ်လှသည်။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးဟူသော တူညီသည့် ဘုံရည်မှန်းချက် အောင်မြင်ပေါက်ရောက်စေရန် သဘာဝသယံဇာတနှင့် ဆက်စပ်ပတ်သက်သော မူဝါဒနှင့်ဥပဒေများ၊ ဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့်ပြည်သူများ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည် ဖြစ်သည်။

သစ်တောထိန်းသိမ်းရေးလုပ်ငန်းစဉ်များသည် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကို တိုးပွားစေ၍ ပစ္စုပ္ပန်နှင့်အနာဂတ်မျိုးဆက်များအတွက် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများ ဖော်ဆောင်ရန်ဖြစ်သည်။ ထို့ကြောင့် စဉ်ဆက်မပြတ်သစ်တောစီမံအုပ်ချုပ်မှုကို အားပေးထောက်ပံ့သည့် မူဝါဒများ၊ ဥပဒေများ ရေးဆွဲအကောင်အထည်ဖော်ရန် အလွန်အရေးကြီးပါသည်။ သစ်တောကဏ္ဍကို နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် အရေးကြီးသော အစိတ်အပိုင်းအဖြစ် ထည့်သွင်းပေါင်းစပ် ဆောင်ရွက်ကြရန်လည်း လိုအပ်ပါသည်။ ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ်နှင့်အတူ မူဝါဒချမှတ်သူများအား မှန်ကန်သည့် သတင်းအချက်အလက်များပေးခြင်း၊ ပြည်သူများအား အသိပညာပေးခြင်း၊ ပညာရေးမြှင့်တင်ခြင်း၊ ဝန်ထမ်းများ အရည်အသွေးမြှင့်တင်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်တိုးမြှင့်ခြင်း၊ နည်းပညာလွှဲပြောင်းခြင်း၊ ဆက်စပ်ပတ်သတ်သူများအားလုံးနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း၊ တရားဥပဒေစိုးမိုးခြင်းနှင့် သတင်းကွန်ရက်တည်ထောင်ခြင်း၊ ပြည်သူဗဟိုပြုသစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေခြင်းဖြင့် နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

+++++++++

# တောင်ကိုရီးယားနိုင်ငံ၏ အမျိုးသားအဆင့် သစ်တောပြန်လည် တည်ထောင်ခြင်းဆိုင်ရာ အတွေ့အကြုံများ



ဒေါက်တာ ရာဇာမင်း

တောင်ကိုရီးယားနိုင်ငံသည် ၁၉ ရာစုနှောင်းပိုင်းမှ စတင်၍ သစ်တောပျက်စီး ပြုန်းတီးမှုများ စတင်ဖြစ်ပေါ်ခဲ့ပြီး ၁၉၁၀ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်လက်အောက် ကျရောက်ခဲ့ချိန်တွင် သစ်တောပြုန်းတီးမှု အဆိုးဝါးဆုံးဖြစ်ခဲ့ပါ သည်။ ဂျပန်ကိုလိုနီခေတ်တွင် သစ်တောဟတ်တာ ၉. ၆ သန်းကျော်မှ သစ်အလွန်အကျွံထုတ်ယူခဲ့သည်။ ထို့ပြင် ၁၉၅၀ ကိုရီးယားစစ်ပွဲအတွင်းတွင် သစ်တောအားလုံး နီးပါးသည် ပျက်စီးခဲ့ရပါသည်။ တောင်ကိုရီးယားနိုင်ငံ၏ သစ်တောပြုန်းတီးရခြင်း အကြောင်းအရင်းများတွင် တရားမဝင်သစ်ထုတ်ယူခြင်း၊ သစ်အလွန်အကျွံထုတ်ယူခြင်း၊ ထင်းလောင်စာလိုအပ်ချက် မြင့်မားခြင်း၊ ရွှေ့ပြောင်းတောင်ယာနှင့် ညံ့ဖျင်းသည့် အုပ်ချုပ်မှုစနစ်တို့ကြောင့်ဟု ဆိုပါသည်။ မည်သို့ပင်ဖြစ်စေ သစ်တောပျက်စီးပြုန်းတီးမှုကို ပြန်လည်ကုစားရန်အတွက် တောင်ကိုရီးယားနိုင်ငံသည် သစ်တောပြန်လည်တည်ထောင်ရေးစီမံကိန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

၁၉၇၃ ခုနှစ်မှ ၁၉၇၈ ခုနှစ်အတွင်း ပထမဆုံး သစ်တောဖွံ့ဖြိုးရေးစီမံချက်ကို ရေးဆွဲ၍ ပြည်သူပြည်သားများ၏ ပူးပေါင်းပါဝင်မှုဖြင့် မြေဟတ်တာ ၁ သန်းတွင် သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ဒုတိယသစ်တောဖွံ့ဖြိုးရေးစီမံချက် (၁၉၇၉-၁၉၈၇)ဖြင့် နောက်ထပ် ဟတ်တာ ၁ သန်းကို သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ တတိယသစ်တောဖွံ့ဖြိုးရေးစီမံချက်(၁၉၈၈-၁၉၉၇) ဖြင့် သစ်တောပြန်လည်တည်ထောင်ခြင်းတွင် စီးပွားရေးတန်ဖိုးမြင့်နိုင်ရေးနှင့် ပြည်သူများ အကျိုးအမြတ်ခံစားနိုင်ရေးများကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ ကိုရီးယားသစ်တောဌာနမှ ဟတ်တာ ၀. ၃၂ သန်းကို စီးပွားဖြစ် သစ်တောဇုန်များအဖြစ် သစ်တောဌာနက တည်ထောင်ခဲ့ပြီး ဟတ်တာ ၃. ၀၃သန်းကို သစ်တောပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ တောင်ကိုရီယားနိုင်ငံအနေဖြင့် ၁၉၆၂ ခုနှစ်မှ ယခုအချိန်အထိ မြေအတန်းအစားညံ့သည့် တောပျက်မြေပေါ်တွင် စိုက်ပျိုးခဲ့သည့် သစ်ပင်ပေါင်း ၁၂ ဘီလီယံထိရှိသည်ဟု ဆိုပါသည်။

တောင်ကိုရီးယားနိုင်ငံသည် ၁၉၆၄ ခုနှစ်တွင် ပြည်ပတင်ပို့ခြင်းမှ ရရှိငွေ ဒေါ်လာ သန်း ၁၀၀ သာရှိခဲ့ရာမှ ၂၀၁၂ခုနှစ် ကုန်သွယ်မှုဝင်ငွေ ဒေါ်လာ ၁ ထရီလီယံ ထိ ရှိခဲ့ပြီး ကမ္ဘာ့အဌမ စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာခဲ့သည်။ ၁၉၅၀-၁၉၅၃ ခုနှစ်အတွင်း ကိုရီးယား စစ်ပွဲကြောင့် တိုင်းပြည်၏ စီးပွားရေးထိခိုက်ခဲ့ရပြီး ၁၉၅၃ ခုနှစ်တွင် (Gross National Income-GNI per capital ၆၇ ဒေါ်လာသာရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ်တွင် GNI per capital ၂၈,၁၈၀ ဒေါ်လာ အထိဖြစ်ပါသည်။ သစ်တောနှင့် ပတ်သက်၍ ၁၉၅၃ ခုနှစ် တွင် သစ်တော တစ်ဟတ်တာရှိ သစ်ထုထည်ပမာဏ ၆ ကုဗမီတာသာ ရှိသော်လည်း ၂၀၁၄ ခုနှစ်တွင် သစ်တော တစ်ဟတ်တာရှိ သစ်ထုထည်ပမာဏ ၁၄၂ ကုဗ မီတာထိ ရှိလာခဲ့ပါသည်။ ထို့ကြောင့်ဒုတိယကမ္ဘာစစ်ပြီးနောက် သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည့်နိုင်ငံများတွင် အောင်မြင်သည့်တစ်ခုတည်းသော ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ် FAO က ၁၉၈၂ခုနှစ်တွင် သတ်မှတ်ခဲ့ပါသည်။

## သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ အောင်မြင်ရခြင်း အကြောင်းအရင်းများ

ပါမောက္ခ Don Ko Lee မှ အချက် ၅ ချက်ကို ထောက်ပြပါသည်။

၁။ မြစိမ်းရောင် ခေါင်းဆောင်များ

၂။ အုပ်ချုပ်မှု
၃။ ပြည်သူလူထု၏ တက်ကြွစွာပူးပေါင်းပါဝင်ခြင်း
၄။ Saemaul စိတ်ဓာတ်
၅။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခြင်း

### ၁။ မြစိမ်းရောင် ခေါင်းဆောင်များ

၁၉၆၂ မှ ၁၉၇၉ ခုနှစ်အထိ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် သမ္မတပတ်ချုံးဟီသည် ၎င်း တာဝန်ယူစဉ် ကာလအတွင်း တောပျက်မြေများပေါ်တွင် သစ်တောပြန်လည်တည်ထောင်ခြင်းကို တစိုက်မတ်မတ်အားပေးဆောင်ရွက်ခဲ့ပြီး အစိုးရ မူဝါဒအစီအစဉ်များတွင် သစ်တောပြန်လည်တည်ထောင်ခြင်းကို ဦးစားပေးလုပ်ငန်းအနေဖြင့် ထည့်သွင်းဆောင်ရွက်ခဲ့ပါသည်။ အစိုးရ၏ အခြားသောအစီအစဉ်များတွင်လည်း သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများကို ပေါင်းစပ်ထည့်သွင်း၍ ဆောင်ရွက်ခဲ့သူဖြစ်ပါသည်။ ၎င်း၏ ခေါင်းဆောင်မှုသည် အောင်မြင်သောသစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများအတွက် အဓိကနေရာမှ ပါဝင်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် စတင်ခဲ့ပြီး လေးနှစ်ကြာသည့် Yong-il Erosion Control စီမံကိန်းသည် ပြည်သူပေါင်း ၃. ၆ သန်းပူးပေါင်းပါဝင်ခဲ့ပြီး မြေ ၄,၅၃၈ ဟက်တာကို သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်သည့် စီမံကိန်းတစ်ခု ဖြစ်ခဲ့ပါသည်။

သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်း များအောင်မြင်ရခြင်း၏ နောက်ထပ်အကြောင်းအရင်းတစ်ခုမှာ အကြီးမြန်၍ သစ်အရည်အသွေးကောင်းသည့် စပ်မျိုးသစ်ကို စိုက်ပျိုးနိုင်ခဲ့ခြင်းလည်း ပါဝင်ပါသည်။ သစ်တောမျိုးရိုးဗီဇပညာရှင် Dr. Hyun Sin Kyu သည် Lobly and pitch pine hybrid ကို မျိုးစပ်ထုတ်လုပ်ခဲ့သဖြင့် သမ္မတ ပတ်ချုံးဟီနှင့်အတူ ၎င်းအား Forest Hall of Fame တွင် ထည့်သွင်းဖော်ပြဂုဏ်ပြုခြင်းခံခဲ့ရပါသည်။

### ၂။ အုပ်ချုပ်မှု

၁၉၆၇ ခုနှစ် မတိုင်မီထိ သစ်တောနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနသည် သစ်တစ်ပင်ခုတ်တိုင်း သစ်ပင် ၅ ပင်စိုက်ရန်၊ ထင်းအစားအခြားလောင်စာ သုံးစွဲမှုမြှင့်တင်ရန်နှင့် တရားမဝင် သစ်ခုတ်ယူမှုမှ တားဆီးကာကွယ်ရန်စသည့် သစ်တောမူဝါဒ ၃ ချက်ကို အလေးထားမြှင့်တင် ဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း ဆောင်ရွက်သည့် စီမံကိန်းအများစုမှာ မအောင်မြင်ဖြစ်ခဲ့ရပါသည်။ သို့ဖြစ်၍ ၁၉၆၇ ခုနှစ်တွင် ကိုရီးယားသစ်တောဌာနကို တည်ထောင်ခဲ့ပြီး သစ်တောလုပ်ငန်းများကို စနစ်တကျ စတင်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် သစ်တောဦးစီးဌာနကို သစ်တောနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနအောက်မှ ပြည်ထဲရေးဝန်ကြီးဌာနအောက်သို့လွှဲပြောင်းခဲ့ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနအောက်မှဌာနများက သစ်တောဦးစီးဌာနအား သစ်တောကာကွယ်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ ဒေသအစိုးရများက ပျိုးပင်များဝယ်ယူနိုင်ရေးအတွက် အစိုးရကကျေးရွာများသို့ ပျိုးဥယျာဉ်များ တည်ထောင်ရေးအတွက် အထောက်အပံ့များပေးအပ်ခဲ့ကြပါသည်။

အုပ်ချုပ်မှုစနစ်တွင် အခြေခံအဆောက်အဦ တည်ဆောက်ခြင်း(၁၉၇၁-၁၉၇၃)၊ ဒေသခံပြည်သူစွမ်းဆောင်ရည်မြှင့်တင်ခြင်း(၁၉၇၄-၁၉၇၆)နှင့် ကိုယ့်အားကိုယ်ကိုးခြင်း (၁၉၇၇-၁၉၈၂) ကဏ္ဍသုံးရပ်ကို အကောင်ထည်ဖော်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် ကိုရီးယားသစ်တောဌာနမှ ပထမသစ်တောပြန်လည်တည်ထောင်ခြင်းစီမံကိန်း (၁၉၇၃-၁၉၇၈)ဖြင့် သစ်တောအုပ်ချုပ်မှုစနစ်ကို စတင်အသက်သွင်းနိုင်ခဲ့ပါသည်။ သစ်တောအုပ်ချုပ်မှုစနစ်တွင် ပြည်သူကို ဗဟိုပြုခဲ့ပြီး ပြည်သူက မောင်းနှင်သည့် သစ်တောပြန်လည်တည်ထောင်ခြင်းစီမံကိန်းများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါသည်။ Prompt, People and Profitable ကိုအခြေပြုသည့်စနစ်ဖြစ်ပါသည်။ အစိုးရက မူဝါဒနှင့်စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီး ကျေးရွာများက ပါဝင်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အစိုးရ၊ ရွာခေါင်းဆောင်လူကြီးနှင့် ရွာသားများဖြင့် လည်ပတ်သည့်စနစ်တစ်ရပ်ဖြစ်ပါသည်။

မူဝါဒအကောင်အထည်ဖော်ရာတွင် စီမံကိန်းရေးဆွဲခြင်း၊ အကောင်ထည်ဖော်ခြင်း၊ မြို့နယ်/ခရိုင်အဆင့် စစ်ဆေးခြင်း၊ တိုင်းအဆင့် စစ်ဆေးခြင်း၊ ဗဟိုအဆင့် စစ်ဆေးခြင်းနှင့် စီမံကိန်းပြီးနောက် စီမံခန့်ခွဲခြင်းတို့ပါဝင်ပါသည်။ အစိုးရ၏နေရာမှာ ထောက်ပံ့ကူညီသည့် Catalyst အဖြစ် ရပ်တည်ဆောင်ရွက်ခဲ့ပါသည်။

### ၃။ ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်ခြင်း

ကိုရီးယားသစ်တောဌာနမှ သစ်တောဝန်ထမ်းများသည် သစ်တောပြန်လည် တည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အများပြည်သူပူးပေါင်းမှုရရှိရန် အလေးထားခဲ့ကြပါသည်။ ၁၉၇၀ ခုနှစ်တွင် ကိုရီးယားလူမျိုးအားလုံး သစ်ပင်စိုက်ပျိုးမှုတွင် ပါဝင်ခဲ့ကြောင်း သိရှိရပါသည်။ သစ်တောဝန်ထမ်းများသည် သစ်တောသစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကို ရွာသားများ၊ စစ်သားများနှင့် ကျောင်းသားများနှင့်အတူလက်တွဲ ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် အစိုးရအနေဖြင့် Forest kyes ဟု ဆိုသည့် သစ်တောကျေးရွာအပြန်အလှန် ထောက်ပံ့ကူညီရေးအသင်းများကို တောင်ကိုရီးယားနိုင်ငံရှိ ရွာအများစုတွင် တည်ထောင်ပေးခဲ့ပါ

သည်။ ပျိုးပင်များ၏ ရှင်သန်မှုရာနှုန်းကို ရွာများကြားနှင့် ဆောင်ရွက်သူများကြား အပြန်အလှန် စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ပါသည်။

## ၄။ Saemaul စိတ်ဓာတ်

Saemaul Undong (SU) ဆိုသည်မှာ ၁၉၇၁ ခုနှစ်တွင် ကိုရီးယားနိုင်ငံတွင် အစပြုခဲ့သည့် ဒေသခံပြည်သူများဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သည့် အစီအစဉ်တစ်ရပ်ဖြစ်ပါသည်။ ၎င်းမှ "ငါလုပ်နိုင်တယ်" "CAN DO Spirit" ကို အုတ်မြစ်ချပေးပါသည်။ Saemaul Spirit (1.0) တွင် လုံ့လရှိခြင်း၊ ကိုယ့်အားကိုယ်ကိုးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း အချက်သုံးချက်ကို မြှင့်တင်ပါသည်။ Saemaul Undong (SU) မှ အဓိက ဆောင်ရွက်သည့်ကိစ္စရပ်များမှာ

၁။ပညာရေး (လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်းများ)

၂။ ပတ်ဝန်းကျင် (ပတ်ဝန်းကျင်တိုးတက်ကောင်းမွန်စေခြင်း)

၃။ လူမှုရေး (ဝင်ငွေတိုးတက်မြင့်မားစေခြင်း)

၄။ လူသားတို့၏ တီထွင်ဖန်တီးမှုအား (လှုပ်ရှားတက်ကြွသည့် လူဘောင်တည်ဆောက်ခြင်း )

Saemaul Spirit (2.0) တွင် ဝေမျှခြင်း၊ ဝန်ဆောင်မှုနှင့် တီထွင်ဖန်တီးမှုကို အဓိကမြှင့်တင်ပါသည်။

Saemaulစိတ်ဓာတ်ကိုအခြေခံ၍ ရွာသားများသည် ရွာအနားနီးရှိ တောင်ကုန်းများပေါ်တွင် သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ သစ်တောကျေးရွာ forest kyes များကို သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး သစ်တောကျေးရွာမှ ခေါင်းဆောင်များကို (SU ) ပညာပေးအစီအစဉ်များမှတစ်ဆင့် သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သင်တန်းပေးခဲ့ကြပါသည်။ ပြည်သူများကို ပျိုးဥယျာဉ်တည်ထောင်ရန်နှင့် မြေဆီလွှာတိုက်စားခြင်းများကို ကာကွယ်မည့် သစ်ပင်စိုက်ပျိုးရန်တို့အတွက် အစိုးရအထောက်အပံ့များပေးအပ်၍ သစ်တောပြန်လည် တည်ထောင်ခြင်းလုပ်ငန်းများကို တက်တက်ကြွကြွဆောင်ရွက်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ်တွင် စတင်ခဲ့သည့် ပထမ ၁၀ နှစ်သစ်တောဖွံ့ဖြိုးရေးစီမံကိန်းဖြင့် မြစိမ်းရောင်တော်လှန်ရေးသည် နိုင်ငံအဝန်း သစ်တောပြန်လည်တည်ထောင်ခြင်း ဆောင်ရွက်နိုင်ရေးအတွက် အဓိကတွန်းအားဖြစ်လာခဲ့ပါသည်။

SU သည် အကောင်းကျော့သံသရာကို တည်ဆောက်ပေးခဲ့ပါသည်။ SUသည် ဝင်ငွေ တိုးတက်ကောင်းမွန်စွာရရှိလာခြင်းနှင့် Mindset တိုးတက်ပြောင်းလဲလာခြင်းတို့ကို ဖြစ်စေပြီး ၎င်းတို့မှ သစ်တောပြန်လည်တည်ထောင်ခြင်းကို အားဖြည့်ပေးပါသည်။ ထို့နောက် တည်ထောင်ထားသည့် သစ်တောများမှ ဝင်ငွေတိုးတက်ရစေခြင်းနှင့်အတူ နေထိုင်မှုပတ်ဝန်းကျင်တိုးတက်ကောင်းမွန်စေခြင်းတို့ကို အထောက်အပံ့ပြုပါသည်။ ထိုမှ တစ်ဖန် SU ကို ပိုမိုအားကောင်းစေခဲ့ပါသည်။

သစ်တောမူဝါဒအပေါ်SU သက်ရောက်မှုများတွင် အုပ်ချုပ်မှု၊ လျင်မြန်စွာ သစ်တောပြန်လည်တည်ထောင်မှု၊ လူမှုအရင်းအနှီး၊ ဝင်ငွေတိုးတက်ခြင်းနှင့် ပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ခြင်းတို့ ပါဝင်ပါသည်။

## ၅။ စီးပွားရေးဖွံ့ ဖြိုးတိုးတက်လာခြင်း

### စက်မှုလုပ်ငန်းများ အလျင်အမြန်တိုးတက်လာခြင်း (၁၉၆၀–၁၉၇၀)

စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ စွမ်းအင်သုံးစွဲမှုပုံစံများ ပြောင်းလဲခဲ့ပါသည်။ သစ်တောမှ ကျောက်မီးသွေးသို့ ပြောင်းလဲသုံးစွဲခြင်း၊ လျှပ်စစ်တိုင်များတွင် သစ်အစား စတီးလ်ကို သုံးစွဲလာခြင်းနှင့် ထင်းအစား ရုပ်ကြွင်းလောင်စာများကို ပြောင်းလဲသုံးစွဲလာခြင်းတို့သည် သစ်တောများအပေါ် ဖိအားများကို လျော့ကျစေခဲ့ပြီး သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများကို အောင်မြင်စေခဲ့ပါသည်။

### မြို့ပြရဲ့ထွင်လာခြင်း

စီးပွားရေးဖွံ့ဖြိုးလာမှုနှင့်အတူ ကျေးလက်ဒေသမှ လူများမြို့ပြသို့များစွာ ပြောင်းရွှေ့ခဲ့ကြပါသည်။ ထို့ပြင် စီမံကိန်းကာလများအတွင်းတွင် ရွှေ့ပြောင်းတောင်ယာသမားများကို မြို့ပြများနှင့် မြို့ပြနှင့်နီးသည့် နေရာများသို့ ပြောင်းရွှေ့နေရာချထားခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။ တောင်ကိုရီးယားနိုင်ငံတွင် ရွှေ့ပြောင်းတောင်ယာဧရိယာမှာ ၁၉၇၃ခုနှစ်တွင် ၆၃၃၈၅ ဟတ်တာရှိရာမှ ၁၉၇၄ ခုနှစ်တွင် ၅၂၅၆၅ဟတ်တာ၊ ၁၉၇၅ ခုနှစ်တွင် ၄၈၄၅၉ ဟတ်တာ၊ ၁၉၇၆ ခုနှစ်တွင် ၁၈၉၉၈ ဟတ်တာ၊ ၁၉၇၇ ခုနှစ်တွင် ၇၇၁၉ဟတ်တာ၊ ၁၉၇၈ ခုနှစ်တွင် ၉၀၂ ဟတ်တာနှင့် ၁၉၇၉ ခုနှစ်တွင် ၄၄၅ ဟတ်တာထိ လျှော့ချနိုင်ခဲ့ပါသည်။ ကျေးလက်နေဦးရေအနေဖြင့် ၁၉၅၅ ခုနှစ်တွင် ၇၅. ၅% ရှိရာမှ ၁၉၇၀ တွင် ၄၅. ၇နှုန်း၊ ၁၉၈၀ တွင် ၁၅. ၄% နှင့် ၂၀၁၀ တွင် ၆% သာ ရှိပါသည်။

### အစိုးရ အထောက်အပံ့ (subsidies)

သစ်တောပြန်လည်တည်ထောင်ခြင်းတွင် အစိုးရ၏ အခန်းကဏ္ဍသည် အရေးကြီးလှပါသည်။ ကိုရီးယားနိုင်ငံအနေဖြင့် သစ်တောပြန်လည်တည်ထောင်ခြင်းအတွက် ပျိုးပင်ထုတ်လုပ်ခြင်း၊ စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းတို့ကို အထောက်အပံ့ပေးခဲ့ပါသည်။ ထို့အပြင် ပိုးမွှားကာကွယ်ရန်

အသုံးပြုသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် မြေသြဇာတို့ကိုလည်း အစိုးရမှ အထောက်အပံ့ပေးခဲ့ပါသည်။

အခြားတစ်ချက်မှာ ပြည်တွင်းသစ် မှီခိုနေရမှုကို လျော့ပါးသက်သာစေရန် ပြည်ပမှ သစ်တင်သွင်းခြင်းကို ဆောင်ရွက်ခဲ့ခြင်းလည်းပါဝင်ပါသည်။

ကနဦးပိုင်းတွင် သစ်တောစိုက်ခင်းများသည် ထင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် တည်ထောင်ခဲ့ပါသည်။ ခန့်မှန်းခြေအရ အိမ်ထောင်စု ၂.၄ သန်းအတွက် ထင်းစိုက်ခင်း ဧရိယာစုစုပေါင်း ဟက်တာ ၁.၂ သန်းကို တည်ထောင်ခဲ့ပါသည်။ ထိုသို့ တည်ထောင်ရာတွင် ၁၉၆၇ ခုနှစ်တွင် ဟက်တာ ၃.၆၅ သိန်းကျော်ထိ ထင်းစိုက်ခင်း တည်ထောင်ခဲ့သော်လည်း ၁၉၆၈ ခုနှစ်မှ စတင်၍ ဟက်တာ ၅ သောင်း အောက်သာ တည်ထောင်ခဲ့ပြီး တဖြည်းဖြည်း ထင်းစိုက်ခင်း ဧရိယာလျော့နည်း တည်ထောင်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှုနှင့်အတူ လောင်စာစွမ်းအင်သုံးစွဲမှု ပုံစံပြောင်းလဲလာခြင်းကြောင့် ဖြစ်ပါသည်။

**မအောင်မြင်ခဲ့သည့် အချို့အချက်များ**

တောင်ကိုရီးယားနိုင်ငံ၏ သစ်တောပြန်လည် တည်ထောင်ခြင်းစီမံကိန်းသည် အောင်မြင်သည့် စီမံကိန်းအဖြစ် သတ်မှတ်နိုင်သော်လည်း ၁၀၀ ရာခိုင်နှုန်း အောင်မြင်ခဲ့ခြင်း မဟုတ်။ ၁၉၇၃-၁၉၇၈ ခုနှစ် အချိန်တိုအတွင်းတွင် သစ်မျိုးတစ်မျိုးတည်းဖြင့်ဧရိယာ ဟက်တာသန်းပေါင်း ၁.၀၈ ကို စိုက်ပျိုးခဲ့သဖြင့် မြေနေရာများနှင့်သစ်မျိုး ကိုက်ညီစွာ မရွေးချယ်နိုင်ခဲ့ပေ။ ထို့ပြင် ၁၉၆၀-၁၉၇၀ ခုနှစ်ကြားတွင် တည်ထောင်ခဲ့သည့် သစ်တောပျိုးဥယျာဉ်များမှာ စပါးစိုက်ပျိုးသည့်လယ်မြေများတွင် တည်ထောင်ခဲ့ခြင်းကြောင့် ရှင်သန်မှုရာနှုန်း နည်းပါးခဲ့သည်ဟု ဆိုပါသည်။

သစ်တောပြန်လည်တည်ထောင်ခြင်း စီမံ ကိန်းများ အောင်မြင်ရန်အတွက် နိုင်ငံခေါင်းဆောင်များ၏ အသိအမှတ်ပြုမှု၊ ပြင်းပြသည့် ဆန္ဒရှိမှု၊ အားစိုက်ဆောင်ရွက်မှုတို့သည် အရေးကြီးကြောင်း တွေ့မြင်နိုင်ပါသည်။ ထို့ပြင် စီမံကိန်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို ရရှိမှသာ အောင်မြင်နိုင်ကြောင်းတွေ့ရပါသည်။ သစ်တောပြန်လည်တည်ထောင်ခြင်းတွင် အစိုးရ၏ အခန်းကဏ္ဍကို တိကျစွာ သတ်မှတ်၍ ကောင်းမွန်မှန်ကန်သည့် အုပ်ချုပ်မှုစနစ်တစ်ရပ် တည်ဆောက်နိုင်ရေးသည် အရေးကြီးလှပါသည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် သစ်တောဟူ၍ မည်မည်ရရ မရှိတော့သည့်အခြေအနေသို့ ရောက်ရှိသည့်အခါ အခြားရွေးစရာမရှိ ငါတို့လုပ်မှဖြစ်မယ်ဆိုသည့် အသိနှင့်အတူငါတို့လုပ်နိုင်တယ်လို့ မြှင့်တင်ပေးတဲ့ Saemaul စိတ်ဓာတ်ရှိစေခြင်းသည် လုပ်ငန်းများအောင်မြင်စေရန် အထောက်အပံ့ ပြုခဲ့သည်ဟုဆိုနိုင်ပါသည်။ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ကျေးလက်မှ မြို့ပြပြောင်းရွှေ့မှုများပြားလာခြင်းနှင့်အတူ လောင်စာစွမ်းအင်သုံးစွဲမှုပုံစံ ပြောင်းလဲလာခြင်းများသည် သစ်တောများအပေါ် ဖိအားများလျော့ကျစေခြင်းတို့ဖြစ်ပေါ်စေခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ ၁၉၆၀ခုနှစ်ဝန်းကျင်တွင် ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်တွင်သာရှိသော တောင်ကိုရီးယားသည် သစ်တောပြန်လည်တည်ထောင်ခြင်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့လေသည်။ ယခုအခါ ၎င်း၏ အောင်မြင်ခဲ့သည့် သစ်တောပြန်လည်တည်ထောင်ခြင်း အတွေ့အကြုံများကို ပြန်လည်ဖြန့်ဝေနေသည့် စိမ်းလန်းစိုပြည်သော ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိနေပြီဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

## ပင်ပူးခွာ ကိုင်းချိုင်လုပ်ငန်း

စီးပွားရေးကျွန်းစိုက်ခင်းများအား စတုတ္ထနှစ် နောက်ဆုံးပေါင်းတစ်ကြိမ်ခုတ်ပြီးနောက် စိုက်ခင်းသက်(၅)နှစ်မှ ပထမအကြိမ် ပင်ကျဲပ်နုတ်ခြင်း ဆောင်ရွက်သည့် စိုက်ခင်းသက်တမ်း(၇)နှစ်မှ (၁၀)နှစ်ရောက်သည်အထိ စိုက်ခင်းဟောင်းများကို လျစ်လျူရှုထားသကဲ့သို့ဖြစ်ပြီး ဝါးနှင့် အောက်ပေါင်းများ ထူထပ်ခြင်း၊ ကိုင်းတက်နှင့် ပင်ပူးပင်ခွများပြားခြင်း၊ စိုက်ခင်းများ ကျူးကျော် ဖျက်ဆီးခံရခြင်း စသည့် ဆိုးကျိုးများအား ကျော်လွှားနိုင်ရေး၊ စီးပွားရေးစိုက်ခင်းများ ပိုမိုတိုးတက် ကောင်းမွန်စေရေး ရည်ရွယ်ပြီး စိုက်ခင်းသက်တမ်း(၅)နှစ်မြောက်သည့်နှစ်မှ ပင်ကျဲပ်နုတ်ရန် အရွယ်မရောက်သေးသည့် စိုက်ခင်းများကို အောက်ကိုင်းချိုင်၊ ပင်ပူးခွာရှင်းလင်းခြင်း (Pruning and Clearing) လုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။



# - ကျွန်တော်နှင့် မြန်မာနိုင်ငံသစ်တောကျောင်း စာစု -(၂)

**အုန်းလွင်လေး**

မြန်မာနိုင်ငံသစ်တောကျောင်း သင်တန်းအပတ်စဉ်တစ်ခုပြီးမြောက်တဲ့ သင်တန်းဆင်းကျောင်းသားများဟာ သင်တန်းမတက်မီကြိုတင်ပြင်ဆင်ခဲ့ရမှု၊ သင်တန်းတက်စဉ်နှင့် သင်တန်းဆင်းပွဲမတိုင်မီထိ ကြိုးစားအားထုတ်မှုတွေ ကြောင့် ပင်ပန်းလာခဲ့သမျှ သင်တန်းဆင်းပြီးသည်နှင့် သူတို့တစ်တွေရဲ့မျက်နှာမှာ လန်းဆန်းတက်ကြွပျော်ရွှင်မှုအပြုံးတွေဖြင့် - ကျောင်းဆင်းပွဲလာသည့် သင်တန်းဆင်းကျောင်းသားမိသားစုရဲ့မျက်နှာတွေမှာလည်း ဝမ်းသာဂုဏ်ယူမှုအပြုံးများဖြင့် - အဲဒီလိုပါပဲ- မြန်မာနိုင်ငံသစ်တောကျောင်းတော်ကြီးက သင်ကြားပေးခဲ့သည့် အခြေခံသစ်တောပညာများ သင်ကြားတတ်မြောက်ပြီး တစ်ဆင့်မြင့် တောအုပ်/သစ်အုပ်ရာထူးဖြင့် မိမိဌာနတွင် အရာရှိငယ်များအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်မည့်တပည့်သင်တန်းဆင်းများအတွက် သင်တန်းဆရာတွေရဲ့မျက်နှာမှာလည်း ကြည်နူးပီတိအပြုံးများဖြင့်-အရောင်စုံအပြုံးပန်းခင်းကို ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံ သစ်တောကျောင်းကြီးကကျင်းပတဲ့ ကျောင်းဆင်းပွဲနေ့တိုင်းမှာ တွေ့မြင်နေရစမြဲပါ-

**ဗေဒင်ဆရာနှယ် မှန်လိုက်တာ-**

မြို့နယ်တစ်ခုတွင် ဦးစီးအရာရှိတာဝန်ထမ်းဆောင်ရတာ သစ်တောလုပ်ငန်းနယ်ကိစ္စ၊ ရုံးကိစ္စများ၊ ဌာနရဲ့ ခရိုင်/တိုင်းဒေသကြီး အစည်းအဝေးများ၊ မြို့နယ်အတွင်း အခြားဌာနဆိုင်ရာအစည်းအဝေးများဖြင့် ရုံးတက်ရက်၊ ရုံးပိတ်ရက် မအားလပ်ရအောင် သွားလာလှုပ်ရှားဆောင်ရွက်နေစဉ် ရုံးတက်ရက် တစ်နေ့ ရုံးဆင်းချိန်လောက်မှာ ဦးစီးရုံးချုပ်၏ ထွက်ရှိသည့်ဝန်ထမ်းပြောင်းရွှေ့ ရုံးမိန့်အရ ကျွန်တော်သည် လက်ရှိဒေသမှ မြန်မာနိုင်ငံသစ်တောကျောင်းသို့ ပြောင်းရွှေ့ရမည်ဖြစ်၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့်သူများအား ဦးစီးရုံးချုပ်တွင် ဘယ်နေ့၊ဘယ်အချိန်မှာ ဌာနမှအဆင့်မြင့်အရာရှိများ၏ လမ်းညွှန်မှုခံယူရန်အတွက် လာရောက်ရန် တယ်လီဖုန်းဖြင့်ကြိုတင်အသိပေးအကြောင်းကြားလာပါသည်။

ဦးစီးရုံးချုပ်မှ အကြောင်းကြားချက်အား မိမိ၏နယ်ဝန်ထမ်း၊ ရုံးဝန်ထမ်းများအား ထပ်ဆင့်ပြောကြားပြီး ဦးစီးအရာရှိလုပ်ငန်းတာဝန်များ လွှဲပြောင်း/လက်ခံနိုင်ရေးတွက်ကြိုတင်ဆောင်ရွက်ရန်စီစဉ်ပြီး မိသားစု၏ကျန်းမာရေး၊ ကလေးများ၏ပညာရေးကြောင့် ယောက္ခမအိမ်တွင်ရှိနေသည့် ဇနီးဖြစ်သူထံ တယ်လီဖုန်းဖြင့် ကျွန်တော်ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့် အကြောင်း အသိပေးစဉ်မှာဇနီးဖြစ်သူက--လွန်ခဲ့တဲ့ (၅)ရက်က ကျွန်မဗေဒင်မေးတာ ရှင်လက်ရှိ နေရာကပြောင်းရွှေ့ရမယ်၊ ရာထူးအမည်တွေပါ ပြောင်းရမယ်လို့ ဗေဒင်ဆရာက ဟောထားတာ မှန်နေပြီပဲ၊ ရှင့်ကိုသာမပြောရသေးတာ- ဘယ်နေရာ၊ ဘယ်ရာထူးနဲ့ ပြောင်းရမယ်တော့ မဟောဘူး- လို့ ပြန်ဖြေလို့ ကျွန်တော်လည်းဘာမှ ဆက်မပြောတော့ဘဲ ဖုန်းချလိုက်ပါတယ်။ မြန်မာနိုင်ငံသစ်တောကျောင်းမှာ ဒုတိယညွှန်ကြားရေးမှူး (ကျောင်းအုပ်ကြီး/ဆရာကြီး)၊ လက်ထောက်ညွှန်ကြားရေးမှူး/ကထိက(ဒုတိယ ကျောင်းအုပ်ကြီး)၊ ဦးစီးအရာရှိ/ လက်ထောက်ကထိက(သင်တန်း ဆရာ)၊ တောအုပ်ကြီး(သင်တန်းနည်းပြ)၊ သင်တန်းတက်ရောက်သည့် တောခေါင်း/ချောင်းခေါင်း(သင်တန်းသား/မြန်မာနိုင်ငံသစ်တောကျောင်းသား)ခေါ်ကြပါတယ်။ သင်တန်းသား အချင်းချင်းလည်း အများအားဖြင့် တစ်ဦးကိုတစ်ဦး-ကသ-အမှတ်များဖြင့်သာ ခေါ်ဆိုကြပါတယ်။ ကျွန်တော်လည်း မြန်မာနိုင်ငံသစ်တောကျောင်းမှာ လက်ထောက်ကထိက (သင်တန်း ဆရာ/ကျောင်းဆရာ)ပေါ့။ ဒါကြောင့် ဗေဒင်ဆရာကဇနီးဖြစ်သူကို ကျွန်တော်

နေရာပြောင်းရွှေ့ရကြောင်း၊ ရာထူးအမည်ပါ ပြောင်းရကြောင်းလို့ ဟောတာဖြစ်မယ်ထင့်- ဗေဒင်ဆရာနှယ် မှန်လိုက်တာ။

**မြန်မာနိုင်ငံသစ်တောကျောင်း-**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ် အောက်ရှိ ယခုပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံသစ်တောကျောင်းကို ၁၈၉၈-ခုနှစ် သာယာဝတီမြို့တွင် - မြန်မာပြည်သစ်တောကျောင်း- အမည်ဖြင့်စတင်ဖွင့်လှစ်ခဲ့ပါတယ်။ (ထိုအချိန်ထိုခေတ်ကာလက စာလုံးပေါင်းအတိုင်း မြမ္မာပြည်ဟု သုံးစွဲထားသည်ကိုတင်ပြပါသည်)၊ ၁၉၈၃ခုနှစ် မှ ၁၉၉၇ခုနှစ်အထိ- သစ်တောလုပ်ငန်းအတတ်သင်ကျောင်း-၊ ၁၉၉၇-ခုနှစ်မှ ယနေ့ထိ -မြန်မာနိုင်ငံသစ်တောကျောင်း- ဟု အမည်များခေါ်ဆိုသတ်မှတ်ခဲ့သလို သာယာဝတီမြို့မှ ပျဉ်းမနားမြို့၊ အင်းစိန်မြို့တို့တွင်လည်း နေရာပြောင်းရွှေ့ ဖွင့်လှစ်ခဲ့ပါတယ်

သင်တန်းအမည်နှင့်သင်တန်းကာလများ ကိုလည်း ၁၈၉၈-ခုနှစ်မှ၁၉၈၃ခုနှစ်ထိ-အကြီးတန်းသင်တန်း-(၂)နှစ်၊ ၁၈၉၈-ခုနှစ်မှ၁၉၉၁-ခုနှစ်အထိ- အငယ်တန်းသင်တန်း -(၂)နှစ်၊ ၁၉၉၁-ခုနှစ်မှ၂၀၀၁-၂၀၀၃-ခုနှစ်အထိ -အခြေခံသစ်တောပညာသင်တန်း-(၂)နှစ်၊ ၂၀၀၂ခုနှစ်မှ၂၀၁၀ခုနှစ်ထိ -အခြေခံသစ်တောပညာသင်တန်း-(၁)နှစ်(၆)လ၊ ၂၀၀၉-၂၀၁၀ခုနှစ်မှယနေ့အထိ-အခြေခံသစ်တောပညာသင်တန်း-(၉)လသတ်မှတ်ခဲ့ပါတယ်။ အကြီးတန်းသင်တန်းကို ၁၈၉၈-ခုနှစ်စတင်ဖွင့်လှစ်သည်မှ ၁၉၇၀-ခုနှစ် အထိ သာဖွင့်လှစ်ခဲ့ပြီး ၁၉၈၁-၈၃-ခုနှစ်တွင် တစ်ကြိမ်သာ ထပ်မံဖွင့်လှစ်ခဲ့ရာ နောက်ပိုင်းမှာတော့ ဖွင့်လှစ်ခဲ့ခြင်းမရှိတော့ပါ။

**သစ်တောကျောင်းဆရာ (သို့မဟုတ်) သင်တန်းဆရာ –**

မြန်မာနိုင်ငံသစ်တောကျောင်းဆရာ(သို့မဟုတ်) သင်တန်းဆရာအဖြစ် သီးသန့်သတ်မှတ်ပြီး ကျောင်းတွင်ပုံသေရှိနေရသူမဟုတ်ဘဲ ဌာနတွင်းမှဝန်ထမ်းကို ရာထူးအဆင့်အလိုက် ရွေးချယ်တာဝန်ချထားပါတယ် - ပြောင်းရွှေ့တာဝန်ချထားခံရတဲ့ကျွန်တော်လည်းဌာနတွင် ဦးစီးအရာရှိရာထူးအဆင့်ဆိုတော့ မြန်မာနိုင်ငံသစ်တောကျောင်းမှာ လက်ထောက်ကထိကရာထူးသင်တန်းဆရာ(သို့မဟုတ်) ကျောင်းဆရာပေ့ါ---

မြန်မာနိုင်ငံသစ်တောကျောင်းအပတ်စဉ် တစ်ခုမစတင်မီကပင် သစ်တောဦးစီးဌာနဦးစီးရုံးချုပ်၏ အတည်ပြုချက်ဖြင့်ဖြည့်စွက်သင်ခန်းစာများ၊ တိုးချဲ့သင်ကြားရမည့်ဘာသာရပ်များအပေါ် ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊သင်တန်းဆရာ၊ သင်တန်းနည်းပြများက သတ်မှတ်သင်တန်းကာလအတွင်းအခြေခံသစ်တောပညာ သင်ခန်းစာများရဲ့စာသင်ချိန်၊ သရုပ်ပြချိန်၊ လက်တွေ့ဆောင်ရွက်ချိန်များသတ်မှတ်ခြင်းနှင့် အခြားသောအခြေခံစစ်ရေးပြပညာ၊ အခြေခံရှေးဦးသူနာပြုခြင်းပညာ၊ အခြေခံမီးငြိမ်းသတ်ခြင်းပညာ၊ အခြေခံကိုယ်လုံပညာနှင့် အားကစားပွဲဆောင်ရွက်ခြင်းတို့အတွက် အချိန်ကာလများ သတ်မှတ်ခြင်းတို့ကို ကြိုတင်ညှိနှိုင်းဆောင်ရွက်ထားရပါတယ်။

ပြောင်းရွှေ့ရောက်ရှိလာသည့်သင်တန်းဆရာ (သို့မဟုတ်)ကျောင်းဆရာသည် မြန်မာနိုင်ငံသစ်တောကျောင်းတွင် သင်ကြားပြသသည့်ဘာသာရပ်များကို ဦးစွာလေ့လာရပြီး ကျောင်းအုပ်ကြီးက တာဝန်ပေးသည့်ဘာသာရပ်ကို သင်ကြားပြသရပါတယ်၊ မိမိသင်ကြားတဲ့ဘာသာရပ်ကို စနစ်တကျသေချာစွာလေ့လာပြီး စာသင်ချိန်နှင့်သင်ရိုးညွှန်းတမ်းသင်ခန်းစာအံဝင်ခွင်ကျဖြစ်ရန် သင်ထောက်ကူပစ္စည်းအသုံးပြုရန်၊သရုပ်ပြ၊ လက်တွေ့သင်ကြားရန်နှင့် သင်ခန်းစာများအားအထောက်အကူဖြစ်စေမည့် ပြင်ပစာပေများလည်း ဖတ်မှတ်လေ့လာစုဆောင်း၊ တုပ၊ ပြုစုထားရပါတယ်၊ မိမိ၏ သင်ကြားရေးအပေါ် အပတ်စဉ်တိုးတက်မှုများကို သုံးသပ်ချက်နှင့်တကွ ကျောင်းအုပ်ကြီးထံလည်း ပြန်လည်တင်ပြရပါသေးတယ်- ကျွန်တော်သစ်တောကျောင်းမှာရှိစဉ် သင်တန်းဆရာများရဲ့သင်ကြားရေး တိုးတက်ထိရောက်စေဖို့တွက် သင်ကြားရေးအထောက်အကူပြုသင်တန်း တက်လိုက်ရပါတယ် -

သစ်တောကျောင်းဆရာတိုင်းက သင်တန်းသားတွေကို စာတွေ့လက်တွေ့သင်ကြားရေး၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တာဝန်အလိုက်ခွဲဝေ ဆောင်ရွက်ရသလို သင်တန်းသားများအတွက်ကျောင်းဝင်း၊ ကျောင်းပြင်ပ၊ တောတွင်းသင်ယူမှု၊ ပြမှုနေထိုင်မှု၊ ကျန်းမာရေး၊ စည်းကမ်းလိုက်နာမှုတို့ကိုလည်း သင်တန်းကာလတစ်လျှောက် တပ်စိတ်အလိုက်၊ စာသင်ခန်းအလိုက်၊ ကျောင်းဆောင်အလိုက် အနီးကပ်ကြီးကြပ်ခြင်း၊ လောကနီတိအပါအဝင် လူမှုရေးနယ်ပယ်တွင် အခြားသိရှိလိုက်နာသင့်သည်များကို အလျဉ်းသင့်သလို သွန်သင်ဆုံးမသင်ကြားပေးခြင်းတို့ကြောင့် မြန်မာနိုင်ငံသစ်တောကျောင်းသင်တန်းဆရာနှင့် သင်တန်းသားတွေရဲ့ ဆရာတပည့်ထိတွေ့ဆက်ဆံရေးမှာ ရင်းနှီးကျွမ်းဝင်ခြင်း၊ ရိုသေလေးစားခြင်းများ ပိုမိုခဲ့ပါတယ်-သင်တန်း အပတ်စဉ်တစ်ခုမှာစည်းကမ်းထိန်းသိမ်းရေးနှင့်ပတ်သက်သော -

"လူဆိုတာစိတ်ကောင်းရှိဖို့ပထမကွ"

"စည်းကမ်းကစည်းကမ်းပဲ၊ ကျောင်းစည်းကမ်း ပါတားမြစ်ချက်တွေထဲကမလုပ်ရပါဆိုရင် လုံးဝ(ကွင်းစကွင်းပိတ်)လုံးဝမလုပ်ပါနဲ့"

"ကြောင်းကျိုးမဆီလျော်တဲ့ ဆင်ခြေတွေလာမပေးနဲ့ လက်မခံဘူး- ဆရာကြီးပြောမယ်နော်- ဆရာကြီးက စည်းကမ်းမလိုက်နာတဲ့ သင်တန်းသားဆိုရင် ငါတို့ကျောင်းကြီးရဲ့ weight လျှော့ပစ်လိုက်မှာ" စတဲ့သင်တန်းဆရာအချို့ရဲ့ စကားလုံးများကို ထိုအချိန်က သင်တန်းသားများက ယနေ့

အထိ အမှတ်တရရှိနေတာကိုလည်း ပြန်လည်ကြားသိနေပါတယ်၊ သင်တန်းသားများအတွက် စာပေ၊ ကျန်းမာရေး ဟောပြောပွဲများ၊ အားကစားပွဲများနှင့် အခြားပျော်ပွဲရွှင်ပွဲ (ဥပမာ- သင်တန်းသားချင်းစကားရည်လုပွဲ၊ ကျပန်းစကားပြောပွဲ၊ ထမနဲထိုးပွဲ)များလည်းစီစဉ်ဆောင်ရွက်ပေးရသလို မနာမကျန်းဖြစ်တဲ့ သင်တန်းသားများတွက် မြန်မာနိုင်ငံသစ်တောကျောင်း ဆေးခန်းဖွင့်လှစ်ကုသပေးပြီး ဆေးရုံတက်ရောက် ကုသရမည့် သင်တန်းသားများကို ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံနဲ့ ချိတ်ဆက် ကုသမှုပေးရပါတယ် -

သင်တန်းအပတ်စဉ်တစ်ခုတွင်း မြန်မာနိုင်ငံသစ်တောကျောင်းကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းကမ်းထိန်းသိမ်းရေး အတွက် ကျောင်းအုပ်ကြီးဦးဆောင်ပြီး ဒုတိယကျောင်းအုပ်ကြီး၊ သင်တန်းဆရာ၊ သင်တန်းနည်းပြ၊ ရုံးဝန်ထမ်းများ တက်ရောက်ဆွေးနွေးသည့်အစည်းအဝေး၊ သင်ကြားရေးတွက် ဒုတိယကျောင်းအုပ်ကြီးဦးဆောင်ပြီးသင်တန်းဆရာ၊ သင်တန်းနည်းပြများတက်ရောက်ဆွေးနွေးသည့် အစည်းအဝေးကိုအပတ်စဉ်တိုင်း ပြုလုပ်ပါတယ် -

## သစ်တောကျောင်းသား (သို့မဟုတ်) သင်တန်းသား-

သစ်တောဦးစီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းတို့မှ သတ်မှတ်အရည်အချင်းကိုက်ညီသောတောခေါင်း/ချောင်းခေါင်းများသည် ဝင်ခွင့်စာမေးပွဲအောင်မြင်ပြီး မြန်မာနိုင်ငံသစ်တောကျောင်း သတ်မှတ်အပတ်စဉ်တစ်ခုရဲ့ သတ်မှတ်သင်တန်းဖွင့်ရက် အရောက်လာပြီးကျန်းမာရေး ဆေးစစ်ဆေးမှုခံယူရပါတယ်၊ ကျန်းမာရေးစစ်ဆေးမှုမအောင်မြင်သူများကို သင်တန်းသားအဖြစ် လက်မခံဘဲနေရပ်သို့ တရားဝင်ပြန်လွှတ်ပါတယ် -

သင်တန်းကျောင်းစဖွင့်သည်နှင့်သင်တန်းသားများဟာသတ်မှတ်အချိန်ကာလအလိုက် တန်းစီလူစစ်ခြင်း၊ သတ်မှတ်တူညီဝတ်စုံဝတ်ဆင်ခြင်းဖြင့်သွားလာနေထိုင်ကြရပါတယ်၊ သင်တန်းသားစားသောက်ဆောင်မှာ ထမင်းဟင်းချက်ဝန်ထမ်းရှိသော်ငြား သင်တန်းသားများ ကိုယ်တိုင်အလှည့်ကျ အနီးကပ်တာဝန်ယူရပြီး သက်ဆိုင်ရာသင်တန်းဆရာများက ကြီးကြပ်ပေးပါတယ် -

ယခုသင်တန်းသားများအနေဖြင့် အခြေခံ သစ်တောပညာဘာသာရပ်များဖြစ်သော သစ်တောစိုက်ပျိုးပြုစုခြင်းဘာသာ၊ သစ်တောကာကွယ်ခြင်းဘာသာ၊ သစ်တောအသုံးချခြင်းဘာသာ၊ သစ်တောစီမံအုပ်ချုပ်ခြင်းဘာသာ၊ သစ်တောမူဝါဒနှင့် သစ်တောဥပဒေဘာသာ၊ သစ်တောအင်ဂျင်နီယာဘာသာ၊ ရုက္ခဗေဒဘာသာ၊ မြေတိုင်းနှင့်ပုံဆွဲခြင်းဘာသာ၊ ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့် စီမံခန့်ခွဲရေးဘာသာ၊ သစ်ထုတ်ခြင်းဘာသာ၊ လူမှုသစ်တောဘာသာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဘာသာ၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း ဘာသာ၊ ရေဝေရေလဲဒေသစီမံအုပ်ချုပ်ခြင်းနှင့် ဒီရေတောများစီမံအုပ်



နယ်နိမိတ်ပြင်ဆင်ခြင်းလုပ်ငန်း လက်တွေ့ဆောင်ရွက်ခြင်း



သစ်မျိုးခွဲခြားလေ့လာမှု လက်တွေ့ဆောင်ရွက်ခြင်း



စိုက်ခင်းပင်ကျဲပ်နုတ်ခြင်းလုပ်ငန်း လက်တွေ့ဆောင်ရွက်ခြင်း



မြေတိုင်းတာခြင်းလုပ်ငန်း လက်တွေ့ဆောင်ရွက်ခြင်း

ချုပ် လုပ်ကိုင်ခြင်းဘာသာ စုစုပေါင်း ဘာသာရပ်(၁၄)ခုကို စာတွေ့၊ လက်တွေ့နှင့် သရုပ်ပြခြင်းများဖြင့် သင်ယူကြရပါတယ် -

သင်တန်းသားများ သင်တန်းကျောင်းမှာရှိစဉ် ရက်သတ္တတစ်ပတ်တွင်း တနင်္လာမှသောကြာထိ တစ်နေ့တာ လှုပ်ရှားမှုများကတော့ နံနက်စောစောထ အပြေးနှင့် ကိုယ်လက်လှုပ်ရှားကျန်းမာရေးလေ့ကျင့်ခြင်း၊ နံနက်နှင့် နေ့လယ်စာသင်ခန်းဝင်ခြင်း၊ ညနေအားကစားပြုလုပ်ပြီး ညပိုင်းစာကြည့်ခန်းဝင်ခြင်းတို့ဖြစ်ပါတယ်- စနေနေ့မှာ မြန်မာနိုင်ငံသစ်တောကျောင်းလေ့ကျင့်ရေး သစ်တောအတွင်း တောတွင်းလက်တွေ့လုပ်ငန်း ဆောင်ရွက်ပြီး တနင်္ဂနွေနေ့မှာတော့ ပြင်ဦးလွင်မြို့စည်ပင်သာယာမြို့မဈေးကြီးအတွင်း ကိုယ်ရေးကိုယ်တာအသုံးအဆောင်များ ဝယ်ယူနိုင်ရန် သတ်မှတ်အချိန်ပေးပြီး ပြင်ပထွက်ခွာခွင့်ပြုပါတယ်၊ (သင်တန်းစဖွင့်ချိန်နှင့် စာမေးပွဲရက်အနီးကပ် တနင်္ဂနွေရက်များကိုဖြင့် ပြင်ပထွက်ခွာခွင့်မပြုပါ)

သစ်တောလုပ်ငန်းရှိသည့် မြို့နယ်များသို့ သွားရောက်ပြီး သတ်မှတ်ကာလအတွင်း ဆောင်ရွက်ရမည့် သစ်တောလုပ်ငန်းပါ သစ်တောဘာသာရပ်များကို ဆရာများ၏ သင်ကြားပြသမှုဖြင့် သင်တန်းသားများကိုယ်တိုင် တောတွင်းတွင် လက်တွေ့ကွင်းဆင်းခြင်း လုပ်ဆောင်ကြရပါတယ်။ သင်တန်းသားများဟာ သင်တန်းကာလတစ်ဝက်နှင့် သင်တန်းမပြီးမြောက်မီတွင် စာမေးပွဲတစ်ကြိမ်စီ၊ သက်ဆိုင်ရာတောတွင်းလုပ်ငန်းရှိသည့်မြို့နယ်များတွင် တစ်လနီးပါးကြာ လက်တွေ့လုပ်ငန်းတစ်ကြိမ်စီနဲ့ကြံ့ခိုင်မှုအတွက် သတ်မှတ်အချိန်အတွင်း(၁၀)မိုင် လမ်းလျှောက်ခြင်း တစ်ကြိမ်စီ စုစုပေါင်း စာမေးပွဲဖြေ၊ တောတွင်းလက်တွေ့လုပ်ငန်း၊ ကြံ့ခိုင်မှု(၂)ကြိမ်စီ စစ်ဆေးမှုခံယူလုပ်ဆောင်ရပါတယ်၊ သင်တန်းမဆင်းမီမှာတော့ ဘာသာရပ်တစ်ခု



နံနက်ခင်း PT ပြေးလေ့ကျင့်ခြင်း

ချင်းကို နှုတ်ဖြေစစ်ဆေးမှုခံယူပြီး သင်တန်းဆင်းစစ်ရေးပြလေ့ကျင့်ရပါတယ်-

**ကျောင်းဆင်းပွဲနီးပြီ -**

ပြင်ဦးလွင်မြို့တွင်ထင်ရှားသောတက္ကသိုလ်များ၊ သင်တန်းကျောင်းများရှိသည့်အနက် မြန်မာနိုင်ငံသစ်တောကျောင်းကလည်း ထင်ရှားသောသင်တန်းကျောင်းတစ်ခုအဖြစ်ပါဝင်သလို ကျောင်းဆင်းပွဲကိုလည်း စနစ်တကျခမ်းခမ်းနားနားကျင်းပပါတယ်၊အဲဒီလိုကျင်းပနိုင်ဖို့ရာ ကျောင်းအုပ်ကြီးအပါအဝင် ဒုတိယကျောင်းအုပ်ကြီး၊ သင်တန်းဆရာများ၊ သင်တန်းနည်းပြများ၊ ရုံးဝန်ထမ်းများနှင့် သင်တန်းသားများအနေဖြင့် ကြိုတင်ပြင်ဆင်ရတာတွေက အများအပြားပါပဲ -

မြန်မာနိုင်ငံသစ်တောကျောင်းမှ ကျောင်းဆင်းပွဲစီမံချက်ရေးဆွဲတင်ပြသည်ကို သစ်တောဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်ရုံး ဦးစီးရုံးချုပ်အတည်ပြုချက်ရရှိသည်နှင့် ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးကြီးကြပ်မှုဖြင့် သင်တန်းဆရာ၊ သင်တန်းနည်းပြများ ဦးဆောင်ပြီး စီမံချက်ပါအတိုင်း လုပ်ကိုင်ဆောင်ရွက်ရပါတယ်၊ ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ စစ်ရေးပြအခမ်းအနားပြင်ဆင်ရေး၊ ကျောင်းဆင်းလက်မှတ်အပ်နှင်းသည့်အခမ်းအနားပြင်ဆင်ရေး၊ ကျောင်းဆင်း ညစာစားပွဲပြင်ဆင်ရေး၊ ပစ္စည်းစုဆောင်းရေး၊ ကျောင်းနှင့်ဝန်းကျင်သာယာလှပရေး၊ မီးအလှပြင်ဆင်ရေး၊ လုံခြုံရေးနှင့်ကျန်းမာရေး စောင့်ရှောက်မှုစသည့်ကဏ္ဍအသီးသီးအတွက် အသေးစိတ်ကြိုတင်ပြင်ဆင်ကြရပါတယ်၊ ရုံးအဖွဲ့အနေနဲ့လည်း ပုံမှန်ရုံးကိစ္စတွေအပြင် ကျောင်းဆင်းပွဲဆိုင်ရာကိစ္စများတွက် အလုပ်များရသည်မှာ ရုံးကွန်ပျူတာနှင့် မျက်နှာမခွာကြရ၊ သင်တန်းသားတွေကရော - ဘယ်နေရလိမ့်မလဲ၊ နေ့စဉ်ကျောင်းဆင်းပွဲအတွက် စစ်ရေးလေ့ကျင့်ပြီးမှဖြင့် ကျောင်းဝင်းသန့်ရှင်းရေး၊ ကျောင်းသာယာလှပရေး၊ အခမ်းအနားများ ပြင်ဆင်



ရေး၊ မီးအလှပြင်ဆင်ရေးလုပ်ငန်းတွေမှာလည်း တတ်စွမ်းသလောက် တက်ကြွစွာပါဝင်ဆောင်ရွက်ပေးကြတယ် -

သူတို့တွေကိုဂုဏ်ပြုတဲ့ပွဲကိုး၊ တစ်ဖက်ကလည်း သင်တန်းသားများ ကျောင်းဆင်းစစ်ရေးပြပွဲမှာ ကြံ့ခိုင်မှုရှိရေးတွက် အိပ်ရေးဝဝအိပ်နိုင်ဖို့၊ ကျန်းမာရေးကောင်းဖို့နှင့် အခြားမလိုအပ်သောပြဿနာများမဖြစ်စေရေးတွက် သင်တန်းဆရာများက အရင်ကထက်ပိုပြီး အထူးဂရုစိုက်ပေးနေရပါတယ်- မကြာမီမှာတောခေါင်း/ချောင်းခေါင်းမှ တောအုပ်/သစ်အုပ်ဖြစ်လာတော့မည့် မောင်ရင်လောင်းလေးလို သင်တန်းသားများမဟုတ်ပါလား -မြန်မာနိုင်ငံသစ်တောကျောင်းဆင်းပွဲမတိုင်မီရက်များနှင့် ကျောင်းဆင်းပွဲရက်မှာ သစ်တောဦးစီးဌာနပြင်ဦးလွင်ခရိုင်နှင့် မန္တလေးခရိုင်ရှိ နယ် သစ်တောဝန်ထမ်းများကလည်း ပူးပေါင်းပါဝင်ပြီး ကျရာနေရာမှာ ကိုယ်စွမ်းရှိသမျှအားတက်သရော ဝိုင်းဝန်းကူညီကြပါတယ် -

ကျွန်တော်အနေဖြင့် မြန်မာနိုင်ငံသစ်တောကျောင်း သင်တန်းဆရာအဖြစ်နဲ့ ကျောင်းဆင်းပွဲ(၃)ကြိမ်ပါဝင်ခဲ့ပါတယ်၊ ကျောင်းဆင်းပွဲ(၃)ကြိမ်လုံး နိုဝင်ဘာလမှာ ကျင်းပပါတယ်၊ တစ်ခုသောကျောင်းဆင်းပွဲမတိုင်မီ ကျောင်းဆင်းပွဲအတွက် အစည်းအဝေးတစ်ခုမှာ ကျောင်းအုပ်ကြီးက ဒီလိုမှာကြားတာကိုမှတ်မှတ်ရရရှိခဲ့ပါတယ်၊

“ကျွန်တော်တို့ကျောင်းဆင်းပွဲက နိုဝင်ဘာလထဲမှာဆိုတော့မိုးလေဝသကခန့်မှန်းရခက်တယ်၊ သင်တန်းဆင်းရက်မတိုင်မီနဲ့ သင်တန်းဆင်းရက်မှာမိုးရွာရင် အစစအရာရာ အဆင်မပြေမှုတွေမဖြစ်ရအောင် ကြိုတင်စီစဉ်ထားရှိပေမဲ့လည်း မိုးမရွာအောင်လုပ်ကြဖို့လိုတယ်၊ ကျွန်တော်ကတော့ မိုးတားဖို့စီစဉ်ချင်တယ်၊ မိုးတားတာတတ်ကျွမ်းနားလည်တဲ့သူကိုပင့်ဖိတ်ပြီး သူရဲ့လိုအပ်ချက်တွေ ဥပမာဗျာ ကန်တော့ပွဲ၊ဖယောင်းတိုင်၊ အမွှေးတိုင်စတဲ့ လိုအပ်သမျှစီစဉ်ပေးကြရမယ်၊ အဲဒီကိစ္စတွက်တော့ ဆရာ---က တာဝန်ယူဗျာ”

မိုးတားတဲ့ကိစ္စကျောင်းဆင်းပွဲစီမံချက်မှာ မပါပေမဲ့လည်း ကျောင်းအုပ်ကြီးပြောတဲ့အတိုင်း သက်ဆိုင်ရာဆရာကလုပ်ဆောင်ပေးခဲ့ပါတယ်၊ အော် - အသေးအဖွဲ့က အစတွေးတောမျှော်မြင်စေ့စပ်မှုရှိတဲ့ ကျောင်းအုပ်ကြီးပါလား ---လေးစားပါတယ် ဆရာကြီးရယ် -

**ကျောင်းဆင်းပွဲ**-

ကျောင်းဆင်းပွဲမတိုင်မီ ကြိုတင်ရောက်ရှိသည့်ဌာနမှတာဝန်ရှိအကြီးအကဲများ၊ အငြိမ်းစားသစ်တောဝန်ထမ်းကြီးများ၊ ဂေါက်သီးရိုက်ပြိုင်ပွဲဝင်အားကစားသမားများ အတွက်ကြိုတင်စီစဉ်ထားသည့်အတိုင်းကြိုဆိုနေရာချ၊ ဧည့်ခံကျွေးမွေးခြင်းများကိုသက်ဆိုင်ရာ သင်တန်းဆရာများနှင့် ဝန်ထမ်းများကလစ်ဟာမှုမရှိစေဘဲ တာဝန်ကိုယ်စီဖြင့် လုပ်ကိုင်ဆောင်ရွက်ကြတယ်- ကျောင်းဆင်းပွဲရက်မှာလည်း စစ်ရေးပြအခမ်းအနား၊ သင်တန်းဆင်းလက်မှတ်အပ်နှင်းသည့်အခမ်းအနား၊ ကျောင်းဆင်းညစာစားပွဲတည်ခင်းဧည့်ခံသည့်အခမ်းအနားများကို အစီအစဉ်အတိုင်း အောင်မြင်အောင်ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံသစ်တောကျောင်းဆင်းပွဲတစ်ခု ပြီးမြောက်အောင်မြင်ခဲ့ပါပြီ၊

အဲဒီလိုပါပဲ -ဌာနမှ အထက်အဆင့်ဆင့်အကြီးအကဲ၏လမ်းညွှန်မှု၊ ကျောင်းအုပ်ကြီး၏ အနီးကပ်ကြီးကြပ်မှုနှင့် ကျောင်းဆင်းပွဲတွင်ပါဝင်ကြသူများ၏ တက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသစ်တောကျောင်းဆင်းပွဲကြီးများအပတ်စဉ် တစ်ခုပြီးတစ်ခုပြီးမြောက်ခဲ့ရပါတယ် -----

**မြန်မာနိုင်ငံသစ်တောကျောင်းမှသည်**-

၁၈၉၈ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့သည့် မြန်မာနိုင်ငံသစ်တောကျောင်းသည် ဌာန၏ အဓိကကျောရိုးသစ်တောဝန်ထမ်းများမွေးထုတ်ပေးခဲ့သည်မှာ ၂၀၁၅ ခုနှစ်ထိ သင်တန်းဆင်း (၅၉၅၈) ဦးရှိခဲ့ပါပြီ၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ကျင်းပသည့် ကျောင်းဆင်းပွဲအပတ်စဉ် (၁၁၂)မှာလည်း သစ်တောဦးစီးဌာနဝန်ထမ်း(၆၉)ဦး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဝန်ထမ်း(၂)ဦး၊မြန်မာ့သစ်လုပ်ငန်း ဝန်ထမ်း(၇)ဦး၊ စုစုပေါင်း(၇၈)ဦးအား တောအုပ်/သစ်အုပ်ရာထူးဖြင့် ပခုံးတဖက်စီ လင်းလက်နေသည့် ငွေကြယ်တစ်ပွင့်စီတပ်ဆင်စေပြီး ထပ်မံသင်တန်းဆင်းဦးမည်ဖြစ်ရာ စုစုပေါင်းသင်တန်းဆင်း (၆၀၃၆)ဦးအားမွေးထုတ်နိုင်ပေတော့မည်။

နောင်ဖွင့်လှစ်မည့် အခြေခံသစ်တောပညာသင်တန်းတက်ရောက်လာမည့် သင်တန်းသားများကိုလည်း “ဇွဲ၊ စိတ်ဓာတ်၊ စည်းကမ်း၊ ဝီရိယ၊ ပညာ” ထမ်းရွက်စေလျက် -စာတွေ့ပိုင်၍ လက်တွေ့နိုင်စေသည့်သစ်တောကျောင်း- ဆောင်ပုဒ်နှင့်အညီ ဆက်လက်တည်ရှိနေဦးမည့် မြန်မာနိုင်ငံသစ်တောကျောင်းပါတကား -

မြန်မာနိုင်ငံသစ်တောကျောင်း အဓွန့်ရှည် တည်တံ့ပါစေ --------

**( ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ယခင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဂျာနယ် တွင် “ကျွန်တော်နှင့် မြန်မာနိုင်ငံသစ်တောကျောင်း” စာစုဖြင့် ကျောင်းဆင်းပွဲဂုဏ်ပြုရေးသားခဲ့ပြီး ယခု “ကျွန်တော်နှင့်မြန်မာနိုင်ငံသစ်တောကျောင်း(စာစု - ၂) ဖြင့်လည်း မြန်မာနိုင်ငံသစ်တောကျောင်းအပတ်စဉ်(၁၁၂)ကျောင်းဆင်းပွဲအား ဂုဏ်ပြုရေးသားတင်ပြအပ်ပါသည်။)**

# ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများဖွံ့ဖြိုးတိုးတက်မှုဟုဆိုရာဝယ် - ၇
## (ဆက်စပ်ပတ်သက်ပါဝင်သူများ၏ စွမ်းဆောင်ရည်ရှိရန်လိုအပ်ခြင်း)

ဒေါက်တာ မောင်မောင်သန်း

ယခင်အပတ်များကဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ (Community Forestry-CF) အောင်မြင်ဖို့အတွက်အရည်အသွေးရှိတဲ့မြေနှင့် သစ်တောတွေကိုလုပ်ပိုင်ခွင့်ပေးခြင်း၊ မူဝါဒနှင့်ဥပဒေရေးရာ ကူညီပံ့ပိုးမှုများလိုအပ်ခြင်း၊ ရှင်းလင်းတိကျ ခိုင်မာတဲ့မြေယာလုပ်ပိုင်ခွင့်များရရန်လိုအပ်ခြင်း၊ ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုနှင့် ထိရောက်သည့်ပူးပေါင်းပါဝင်ဆောင်ရွက်မှုလိုအပ်တယ်ဆိုတဲ့ အရေးကြီးတဲ့အချက်များကို ရေးသားတင်ပြခဲ့ပါတယ်။ ယခုအပတ်မှာတော့အောင်မြင်ရေးအတွက်နောက်ထပ်သော့ချက်တစ်ခုဖြစ်တဲ့ ဆက်စပ်ပတ်သက်ပါဝင်သူများရဲ့ စွမ်းဆောင်ရည်အကြောင်းကိုဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။

ဆက်စပ်ပတ်သက်ပါဝင်သူများဆိုရာမှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆောင်ရွက်သည့် ဖြစ်စဉ်တွင် တစ်နည်းနည်းနဲ့ ပါဝင်ဆက်စပ်လုပ်ကိုင်နေသည့် တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများပါဝင်ကြပါတယ်။ ဥပမာအားဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရဌာနများ(အထူးသဖြင့် သစ်တောဦးစီးဌာန)၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် စီးပွားရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်နေသည့် သစ်တောအသုံးပြုသူအဖွဲ့များစသည့်သူများပါဝင်ကြပါတယ်။

စွမ်းဆောင်ရည်ဟုဆိုရာတွင် ပါဝင်ပတ်သက်သူတစ်ဦးချင်းစီ၏ အတွေးအမြင် /အယူအဆများ၊ လုပ်ငန်းနဲ့ပတ်သက်သည့် အသိပညာနှင့်အတတ်ပညာများ၊ မိမိကိုယ်ကိုအားကိုးယုံကြည်မှုများ၊ လုပ်ငန်းကျွမ်းကျင်မှုများ စသည်တို့ ပါဝင်ကြပါတယ်။ ဆက်စပ်ပတ်သက်ပါဝင်သူများရဲ့ စွမ်းဆောင်ရည်မြင့်မားရေးဟာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ အရေးကြီးတဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။ စွမ်းဆောင်ရည်မြှင့်တင်တဲ့ နည်းလမ်းများစွာရှိပါတယ်။ အဆိုပါ နည်းလမ်းများကို ကျင့်သုံးပြီး စွမ်းဆောင်ရည်မြင့်မားလာစေရန် ဆောင်ရွက်လျက် ဒေသခံပြည်သူအစုအဖွဲ့ပိုင်လုပ်ငန်းများကို အောင်မြင်ထိရောက်အောင် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

စွမ်းဆောင်ရည်ပြည့်ဝစွာနဲ့ ဒေသခံပြည်သူအစုအဖွဲ့ပိုင်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးဟာ အင်မတန်အရေးကြီးပါတယ်။ ပညာရှိတစ်ဦးပြောတဲ့ “ငရဲပြည်သို့ သွားသောလမ်းများဟာ စေတနာကောင်းနဲ့ ဖောက်ထားတယ်ဆိုတဲ့ စကားကိုသတိရမိပါတယ်။ သူဆိုလိုတာကတော့ စေတနာသာရှိပြီးလုပ်ငန်းဆောင်ရွက်တဲ့အခါမှာပညာ (ကျွမ်းကျင်မှု၊ အသိပညာနှင့်အတတ်ပညာ) မရှိရင် လုပ်ငန်းတွေ အောင်မြင်မှုမရှိပဲလုပ်ဆောင်တဲ့သူတွေတောင် အကျိုးမဲ့ရသို့လားနိုင်တယ်ဆိုတာကိုပါ။ လက်တွေ့ဘဝမှာ စေတနာသာရှိပြီး လုပ်ငန်းမကျွမ်းကျင်တာတွေ၊ စေတနာလည်းမရှိ လုပ်ငန်းလည်းမကျွမ်းကျင်တာတွေကိုတွေ့ရလေ့ရှိပါတယ်။ အဲဒါကြောင့် လုပ်ငန်းတွေအောင်မြင်သင့်သလောက်မအောင်မြင်ပဲ ရှေ့မတိုးနိုင်တာတွေကိုတွေ့ရပါတယ်။ နောက်ဆုံးမှာတော့ အများစုရဲ့ကောက်ချက်ကတော့ CF က အလကားပဲ။ အောင်မြင်တာလည်းမဟုတ်ဘူး။ သစ်တောကခပ်ကြောင်ကြောင်လူတွေ စိတ်ကူးယဉ်အိပ်မက်နေတာပါဆိုတဲ့စကားတွေပါ။

စွမ်းဆောင်ရည်မြှင့်တင်သည့်လုပ်ငန်းများကို မဆောင်ရွက်ခင်တွင် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မည်သည့်လိုအပ်ချက်များရှိသည်ကို လေ့လာဆန်းစစ်သည့်လုပ်ငန်းကို ကနဦးပြုလုပ်လေ့ရှိပါတယ်။ ယခင်ကတော့(Capacity Building Need Assessment- CDNA) ဟုခေါ်ကြပါတယ်။ အဆိုပါ လုပ်ငန်းစဉ်တွင် ဆက်စပ်ပတ်သက်ပါဝင်သူများအလိုက် ကျေးလက်/ မြို့နယ်အဆင့်၊ ခရိုင်/ပြည်နယ်/တိုင်းဒေသကြီးအဆင့်နှင့် အမျိုးသားအဆင့်လိုက် စွမ်းဆောင်ရည်လိုအပ်ချက်များကို ရှာဖွေဖော်ထုတ်ကြရပါတယ်။ အဓိကအားဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအောင်မြင်ရေးအတွက် အခြေခံလိုအပ်ချက်များကိုမူတည်ပြီး လေ့လာဆန်းစစ်ချက်မူဘောင်ကိုရေးဆွဲလေ့ရှိပါတယ်။

ဥပမာအားဖြင့် RECOFTC အနေဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းအရှိန်မြှင့်တင်ခြင်းလုပ်ငန်းစီမံကိန်း (Scalling Up Community Forestry-SUComFor)ကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ စီမံကိန်းဆောင်ရွက်သည့်တိုင်းနှင့် ပြည်နယ်(၇)ခုတွင် အဆိုပါလုပ်ငန်းကိုဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့သည့် တွေ့ရှိချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများကို ပြန်လည်တင်ပြဆွေးနွေး အကြံဉာဏ်ရယူခဲ့ရပါတယ်။ ဥပမာအားဖြင့် ကျေးလက်အဆင့် သစ်တောအသုံးပြုသူများအနေဖြင့် မည်ကဲ့သို့သောစွမ်းဆောင်ရည်များ လိုအပ်နေသည်နှင့် သစ်တော

ဦးစီးဌာန၏ မြို့နယ်အဆင့်ဝန်ထမ်းများအနေဖြင့် မည်သည့် စွမ်းဆောင်ရည်များ အားနည်းနေသည်ကို ဖော်ထုတ်နိုင်ပါသည်။ ရရှိလာသည့်အချက်အလက်များကို ခွဲခြမ်း စိတ်ဖြာသုံးသပ်ပြီး စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အစီအစဉ်များကိုချမှတ်ရပါတယ်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင်လုပ်ငန်းကို ဆောင်ရွက်သည့် ဦးစီးဦးဆောင်များသည် မိမိဘာသာဒီအရည်အချင်းတွေလိုအပ်တယ်။ ဒါတွေကိုလုပ်ပေးရမယ် စသည်ဖြင့် မိမိတို့၏ လုပ်ချင်သည့်အရာများ (Wish Lists) ကိုသာစဉ်းစားပြီးဆောင်ရွက်ခြင်းမပြုလုပ်သင့်ချေ။ ပကတိအခြေအနေမှန်ကိုဆန်းစစ်ပြီးမှသာ သေသေချာချာစီမံချက်ရေးဆွဲပြီးဆောင်ရွက်သင့်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးလွန်ခဲ့တဲ့ ဆယ်စုနှစ်တစ်ခုကျော်က စာရေးသူရဲ့ စီနီယာသစ်တောဝန်ထမ်းတစ်ယောက်၏ သဘောထားအမြင်ကိုအမှတ်ရမိပါတယ်။ သူက" Community Forestry" ဆိုတာ ဘာခက်တာ မှတ်လို့ကွာ။ သစ်စေ့နဲ့ပျိုးပင်ပေးလိုက်ကွာ။ ဘယ်လိုစိုက်ရတယ်ဆိုတာ နည်းနည်းပါးပါးပြပေးလိုက်။ စီမံချက်လေးရေးပေးပြီးတည်ထောင်ခွင့်လက်မှတ်ပေးလိုက်ပေါ့။ ပြီးပြီလေကွာ။ မင်းကဘာတွေ အထွန့်တက်ချင်တာလဲ။ ကျွန်တော်လည်းဘာဆက်ပြောရ မှန်းမသိ။ ဒီမိုးဒီလေဒီလူတွေနဲ့ဘဲ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းတွေက မိုးကြိုးစုံးစုံးချုပ်ခဲ့ရတာ အားလုံးအသိပါပဲ။

အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်လိုအပ်ချက်တွေကို သိရှိပြီးတဲ့နောက်မှာ ဘယ်လိုနည်းနဲ့ စွမ်းဆောင်ရည်မြှင့်တင်မယ့်လုပ်ငန်းတွေကို ဆောင်ရွက်ရမယ်ဆိုတာကိုဆုံးဖြတ်ရပါတယ်။ စွမ်းဆောင်ရည်မြှင့်တင်တဲ့အခါမှာ သင်တန်းပေးခြင်း၊ လေ့လာမှုသင်ယူမှုအုပ်စုတွေဖွဲ့ပြီး အတူတစ်ကွလေ့လာသင်ယူကြခြင်း၊ တစ်ဒေသနဲ့ တစ်ဒေသအပြန်အလှန် သွားရောက်လေ့လာသင်ယူ ဖလှယ်ကြခြင်း၊ သုတေသနပြုခြင်း၊ တိုးချဲ့ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ တိုးချဲ့ပညာပေးဆိုင်ရာစာအုပ်စာတမ်း များ၊ ရုပ်သံအထောက်အကူပြုပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့်မြေပြင်တွင် စမ်းသပ်ဆောင်ရွက်သရုပ်ပြသခြင်းများကို ဆောင်ရွက်ပေးလေ့ရှိပါတယ်။ သင်တန်းကပို့ချလိုက်တဲ့ အသိပညာများ/အတတ်ပညာများကိုလည်း မြေပြင်မှာ ပြန်လည် စမ်းသပ်အကောင်အထည်ဖော် ဆောင်ရွက်စေပါတယ်။ (Training for Action)လို့ဆိုကြပါတယ်။

သင်တန်းတွေပေးတဲ့နေရာမှာလည်း ဆရာဖြစ်သင်တန်းများကို အမျိုးသားအဆင့်နှင့် မြို့နယ်အဆင့်တွေမှာပေးပြီး ကျေးလက်မှာဒေသခံပြည်သူများကို ပြန်လည်ပို့ချတဲ့နည်း (Cascading Approach)ကိုသုံးကြပါတယ်။ ရေတံခွန်ကနေ ရေအဆင့်ဆင့်သွယ်ဖြာကြသလို ဆရာဖြစ်သင်တန်းများ အဆင့်ဆင့်ပို့ချကာဆောင်ရွက်စေခြင်းဖြစ်ပါတယ်။ နောက်ဆုံးအဆင့်မှာကျေးလက်ပြည်သူများကိုယ်တိုင်တက်ရောက်သင်ကြားဆွေးနွေးနိုင်တဲ့(Community Level Training)များကိုဆောင်ရွက်ကြရပါတယ်။ အချို့ စွမ်းဆောင်ရည်မြှင့်တင်တဲ့သင်တန်းများကိုတော့ လုပ်ငန်းလိုအပ်ချက်အရ ဥပမာအားဖြင့် သစ်တောအသုံးပြုသူအဖွဲ့များရဲ့ ဝင်ငွေ/ထွက်ငွေနဲ့ပတ်သက်တဲ့ ငွေကြေးစီမံခွဲတဲ့ သင်တန်းမျိုးဖြစ်ပါတယ်။

သင်တန်းတွေတက်ရောက်တဲ့အခါမှာလည်း အချို့သင်တန်းများဟာအတွဲလိုက် သင်ရိုးကုန်အောင် တက်ရောက်ရမယ့် သင်တန်းမျိုးဖြစ်ပါတယ်။ ပထမအကြိမ်သင်တန်းမှာ တစ်ယောက်တက်လိုက်၊ ဒုတိယအကြိမ်မှာ နောက်တစ်ယောက်တက်လိုက်၊ တတိယအကြိမ်မှာ နောက်ထပ်အသစ်တစ်ယောက်တက်လိုက်နဲ့ဆိုရင် ထိရောက်တဲ့ စွမ်းဆောင်ရည်မြှင့်တင်မှုမျိုးဖြစ်လာမှာမဟုတ်တော့ပါဘူး။ တစ်ယောက်ထဲက သင်ရိုးပြီးဆုံးအောင်တက်ပြီး ၎င်းမှ မြို့နယ်အဆင့်တွင် ထပ်မံပို့ချပေးပါက အချိန်လည်းသက်သာ၊ ငွေကြေးလည်း ချွေတာရာရောက်ပြီး ထိထိရောက်ရောက်နဲ့ လူအများကြီးကိုလည်း ထပ်မံပို့ချပေးနိုင်မှာဖြစ်ပါတယ်။ လက်တွေ့ဘဝမှာတော့ ရခဲလှတဲ့တရားဖြစ်နေပါတယ်။

သင်တန်းတွေပေးတဲ့နေရာမှာလည်း သင်ရိုးညွှန်းတမ်းတွေကအရေးကြီးပါတယ်။ သင်ရိုးညွှန်းတမ်းတွေက စွမ်းဆောင်ရည်လိုအပ်ချက်ဆန်းစစ်မှုများကိုအခြေခံရပါတယ်။ သင်ရိုးညွှန်းတမ်းတစ်ခုနှင့်တစ်ခု ဆက်စပ်မှုကလည်း အရေးကြီးပါတယ်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်လုပ်ငန်းများမှာ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများရဲ့ သဘောသဘာဝတွေ၊ လူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှုနည်းလမ်း၊ ပံ့ပိုးကူညီဆောင်ရွက်မှုသဘောတရားတွေ၊ ကျား/မ တန်းတူညီမျှမှုသဘောတရားနှင့် ကျေးလက်ပြည်သူများကို တိုးချဲ့ပညာပေးလုပ်ငန်းစဉ်တွေကိုနားလည်ဖို့ဟာအခြေခံအားဖြင့် အရေးကြီးလှပါတယ်။

ဒုတိယအဆင့်အနေဖြင့် သစ်တောဦးစီးဌာနကိုတင်ပြရမယ့် သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို ဘယ်လိုရေးဆွဲရမယ်ဆိုတာကိုနားလည်ဖို့ပါပဲ။ သစ်တောစီမံအုပ်ချုပ် လုပ်ကိုင်မှုဟာ တကယ်တော့ သစ်တောဦးစီးဌာနနှင့် သစ်တောအသုံးပြုသူအဖွဲ့များကြားက သဘောတူစာချုပ်လို့ဆိုရင် မှားအံ့မထင်ပါ။ သစ်တောအသုံးပြုသူတစ်ဖွဲ့ချင်းအလိုက် မိမိတို့သစ်တောကို ဘယ်လိုစီမံအုပ်ချုပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်ချမှတ်ဖို့ဟာအရေးကြီးပါတယ်။ မိမိတို့ သစ်တောရဲ့အခြေအနေကိုလည်း သေသေချာချာသိဖို့လိုအပ်ပါတယ်။ နောင်အနှစ်(၃၀)မှာမိမိတို့ ဘယ်လိုဖြစ်လာစေချင်သလဲဆိုတဲ့ မျှော်မှန်းချက်ဟာလည်းမရှိမဖြစ် လိုအပ်ပါတယ်။ စီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်တဲ့အခါမှာ သစ်တောလုပ်ငန်းဆိုင်ရာနည်းပညာများ

ဖြစ်တဲ့ ပျိုးဥယျာဉ်၊ စိုက်ခင်းနဲ့သဘာဝတောပြုစု ထိန်းသိမ်းခြင်းတို့ကိုပါ ပို့ချပေးရပါတယ်။ အရေးကြီးတာက စီမံအုပ်ချုပ်လုပ်ကိုင်မှုရေးဆွဲတဲ့အခါမှာ ရွာသူရွာသားများအားလုံးတတ်နိုင်သမျှ ပါဝင်နိုင်ဖို့ အရေးကြီးပါတယ်။ တစ်ရွာရဲ့ စီမံချက်ကို နောက်တစ်ရွာအတွက် အမည်ကလေး ပြောင်းလိုက်ရုံလုပ်ပြီး အကြောင်းအရာ အားလုံးကိုအရပ်အခေါ် ကော်ပီနှင့်ပေ့စ် (Copy & Paste)မလုပ်လိုက်ဖို့ အရေးကြီးပါတယ်။

CF ကိုဆောင်ရွက်တဲ့အခါမှာ အဖွဲ့အစည်းလိုက်ဆောင်ရွက်ရတဲ့အတွက် အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်တွေရှိနေဖို့လိုအပ်ပါတယ်။ အဖွဲ့အစည်းမှာကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှု ရှိနေဖို့လိုအပ်ပါတယ်။ ခေါင်းဆောင်မှုစနစ်တွေ ကောင်းမွန်ဖို့လိုပါတယ်။ အဖွဲ့အစည်းတွင်းမှာပွင့်လင်းမြင်သာမှုရှိဖို့၊ တာဝန်ယူမှု/ တာဝန်ခံမှုတွေအား ကောင်းဖို့၊ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့နှင့် စည်းမျဉ်းစည်းကမ်းတွေလိုက်နာဖို့ဆိုတာတွေ ဟာအသင်းအဖွဲ့ရေရှည်တည်တံ့ဖို့ အတွက် လိုအပ်တဲ့အရည်အသွေးတွေဖြစ်ပါ တယ်။ သစ်တောအသုံးပြုသူများအဖွဲ့တွေဟာ သင်းဖွဲ့စည်းမျဉ်းစည်းကမ်းတွေရှိဖို့လိုအပ်ပါတယ်။ မိမိတို့ဒေသရဲ့ အစဉ်အလာဓလေ့ထုံးတမ်းတွေကိုလည်းမပစ်ပယ်ပဲ လုပ်ငန်းရဲ့လိုအပ်ချက်များနဲ့လည်းကိုက်ညီတဲ့ စည်းမျဉ်းစည်းကမ်းများကို အများသဘောတူသတ်မှတ်ပြီး မိမိတို့အဖွဲ့အစည်း ရေရှည်တည်တံ့နိုင်အောင်ထိန်းသိမ်းဖို့လိုအပ်ပါမယ်။ အဲဒီလိုထိန်းသိမ်းနိုင်ဖို့ ပါဝင်ကြတဲ့သူများအားလုံး စွမ်းဆောင်ရည်ရှိဖို့လိုအပ်ပါတယ်။

အဖွဲ့အစည်းဆိုင်ရာအားကောင်းလာခြင်း (Institutional Strengthening)ရှိဖို့ လိုအပ်သလို အသုံးပြုသူအဖွဲ့ဝင်များရဲ့ စားဝတ်နေရေးဘဝတွေ တိုးတက်ကောင်းမွန်လာဖို့လည်း အရေးကြီးလှပါတယ်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆောင်ရွက်ခြင်းမှာလည်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ဆောင်ရွက်လိုခြင်းသာဖြစ်ပါတယ်။ ဒေသခံ ပြည်သူတွေဟာသစ်နှင့် သစ်တောထွက်ပစ္စည်းများထုတ်လုပ်ဖို့၊ တစ်ဖိုးမြှင့်ပစ္စည်းများ ထပ်မံထုတ်လုပ်ဖို့နဲ့ ဈေးကွက်ရှာဖွေဖို့အတွက် စွမ်းဆောင်ရည်များလို အပ်ပါတယ်။ မိမိရဲ့အခြေခံ သက်မွေးကျောင်းဘဝကို ရရှိနေတဲ့ ရင်းမြစ်တွေကိုသုံးသပ်ပြီး ဘယ်လိုတိုးတက်ဖွံ့ဖြိုးအောင်လုပ်ဖို့လိုသလဲဆိုတာကို နားလည်ဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့ သစ်တောအသုံးပြုသူအဖွဲ့ဝင်များ၊ ပါဝင်ပတ်သက်နေတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းကဝန်ထမ်းများနှင့် သစ်တောဝန်ထမ်းများကို စီးပွားရေးရှုထောင့်ကနေ ဘယ်လိုကောင်းမွန်အောင် ဆောင်ရွက်ရမယ့် နည်းလမ်းများအတွက်စွမ်းဆောင်ရည်မြှင့်တင်ပေးရပါမယ်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း များကိုဆောင်ရွက်တဲ့နေရာမှာ တစ်ဦးနဲ့တစ်ဦး၊တစ်ဖွဲ့နဲ့တစ်ဖွဲ့ကြားမှာအငြင်းပွားမှုများနှင့် သဘောကွဲလွဲမှုများကိုတွေ့မြင်ရမှာဖြစ်ပါတယ်။ အဲဒီလိုအငြင်းပွားမှုများကိုစနစ်တကျဖြေရှင်းမှသာလျှင် ရေရှည်လုပ်ငန်းစဉ်ကို ဆိုးကျိုးသက်ရောက်မှုမှ ရှောင်လွဲနိုင်မှာဖြစ်ပါတယ်။ အငြင်းပွားမှုများကိုစနစ်တကျဖြေရှင်းတတ်ဖို့ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာကျွမ်းကျင်မှုများလိုအပ်ပါတယ်။ ကြီးတဲ့အမှုငယ်စေ၊ ငယ်တဲ့အမှုပပျောက်စေဆိုသည့်စကားအတိုင်း ဖြေရှင်းနိုင်ခဲ့လျှင် ကျေးလက်ပြည်သူများအကြားတွင် ပဋိပက္ခနည်းပါးကာ လုပ်ငန်းများ မျှော်မှန်းထားသလိုခရီးရောက်နိုင်ပါသည်။ အစု အဖွဲ့ပိုင်သစ်တောလုပ်ငန်းများသည် အများနဲ့ပူးပေါင်းဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သဖြင့် အငြင်းပွားစရာများကိုဖြေရှင်းနိုင်မယ့် (Conflict Transformation) စွမ်းရည်ရှိရန် ဆောင်ရွက်ထားဖို့လိုအပ်မှာဖြစ်ပါတယ်။

အထက်ဖော်ပြပါ စွမ်းဆောင်ရည်များဟာ CF ကိုဆောင်ရွက်မယ့်သူများအားလုံးအတွက် အခြေခံလိုအပ်တဲ့ စွမ်းဆောင်ရည်များဖြစ်ပါတယ်။ ဒါ့အပြင်ပြန်ကြား ဆက်သွယ်မှုဆိုင်ရာစွမ်းရည်၊ ကျား/မ တန်းတူညီမျှမှုရေးရာ၊ ငွေကြေးစီမံခန့်ခွဲမှုသင်တန်းနှင့် အခြားနည်းပညာဆိုင်ရာများအတွက်လည်း အခါအားလျော်စွာ စွမ်းဆောင်ရည်မြှင့်တင်ပေးနေရန် လိုအပ်ပါတယ်။

အောက်ခြေမှာဦးစီးဦးဆောင်ပြုပြီး ဆောင်ရွက်ကြမယ့် သစ်တောဝန်ထမ်းများ (မြို့နယ်အဆင့်)နဲ့ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းများရဲ့ ဝန်ထမ်းများဟာ Facilitation Skill (ပံ့ပိုးကူညီခြင်းဆိုင်ရာကျွမ်းကျင်မှု)ရှိရန် အထူးလိုအပ်ပါတယ်။ အထူးသဖြင့် သစ်တောဝန်ထမ်းများဟာ CF ကိုဆောင်ရွက်တဲ့နေရာမှာ စည်းမျဉ်းစည်းကမ်းကိုထိန်းသိမ်းကြပ်မတ်တဲ့သူ(Regulator)ကနေ ဒေသခံပြည်သူများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသူ(Facilitator)ဖြစ်လာဖို့ အရေးကြီးပါတယ်။ (Facilitator)တစ်ယောက်ရဲ့ စိတ်နေစိတ်ထားရှိဖို့လိုအပ်ပါတယ်။ အဲဒီစိတ်နေစိတ်ထားဆိုတဲ့ အခြေခံအုတ်မြစ်ပေါ်မှာအသိပညာအတတ်ပညာ၊ ကျွမ်းကျင်မှုဆိုတဲ့ အထပ်များကိုတင်ရပါမယ်။

စွမ်းဆောင်ရည်တိုးတက်ဖို့ဆိုတာကတော့ ရှေ့ပိုင်းမှ ပြောခဲ့သလို ကျွမ်းကျင်မှုကြီးပဲမဟုတ်ပဲ စိတ်နေစိတ်ထားပြောင်းလဲဖို့လည်းလိုပါတယ်။ Foresters တွေ Facilitators ဖြစ်လာမှ Community Forestry အောင်မြင်မှာပါ။ အားလုံး Facilitators တွေဖြစ်ကြပါစေ။ စွမ်းဆောင်ရည်တွေပြည့်ဝကြပါစေလို့။ တစ်ကယ်တော့ Community Forestryဟာ တစ်ချို့လူတွေထင်နေသလို ခရုခါးတောင်ကျိုက်ဖမ်းသလိုလွယ်ကူတဲ့အရာတော့ မဟုတ်ပါ။ လင်ပန်းဖင်ကို ဆုပ်နေရသလိုပဲလို့ပြောရင် လွန်အံ့မထင်။

❋ ❋ ❋

# ရွှေသမင်တမ်းချင်း

**ဗယ်ရာ**

မိုးရာသီကာလ ဇူလိုင်လ၏ နေ့ရက်တစ်ရက် ဖြစ်ပါသည်။

တောအုပ်ကြီးမောင်သစ္စာနှင့်အဖွဲ့ ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအတွင်း ကင်းလှည့်စစ်ဆေးခဲ့သည့်နေ့တစ်နေ့၊ ဆင်ဂေါင်းကျေးရွာအနီး ဘေးမဲ့တောအတွင်း ကျူးကျော်လယ်မြေများ စိုက်ပျိုးရန် မြေပြင်ဆင်ထားရှိမှုများတွေ့ရှိစဉ်ကဖြစ်ပါသည်။

ကျူးကျော်လယ်ယာမြေများဆောင်ရွက်ထားရှိသည့် ကာယကံရှင်များကို ဖော်ထုတ်ရန် ဆင်ဂေါင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သွားရောက်တွေ့ဆုံမေးမြန်းစုံစမ်းစဉ် ကျေးရွာရှိ ကျူးကျော်ဆောင်ရွက်လျက်ရှိသူ အုပ်စုတစ်အုပ်စုနှင့် တွေ့ကြုံခဲ့ရပြီး ၎င်းတို့၏စားဝတ်နေမှု အလို့ငှါ ကျူးကျော်လယ်ယာများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ၎င်းတို့ဆောင်ရွက်လုပ်ကိုင်လာကြသည်မှာ နှစ်ပေါင်း ၃၀ ခန့် ကြာမြင့်ပြီးဖြစ်ကြောင်းတင်ပြလာကြပါသည်။

ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တည်ထောင်သည်မှာ နှစ်ပေါင်း ၇၅ နှစ်ခန့် ကြာမြင့်ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျူးကျော်ဝင်ရောက် စိုက်ပျိုးခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်လျက်ရှိကြောင်း၊ ယခုကျူးကျော်မှုများတွင် ယမန်နှစ်များက ကျူးကျော်ခဲ့သဖြင့် တရားရုံးတွင် တရားစွဲဆို အရေးယူခဲ့သော၊ တရားရုံးက အပြစ်ပေးခဲ့သော လယ်ယာမြေများကိုလည်း စစ်ဆေးတွေ့ရှိရပါကြောင်း၊ မိမိတို့မှ တည်ဆဲဥပဒေများနှင့်အညီ အရေးယူရမည် ဖြစ်သဖြင့် သက်ဆိုင်ရာစိုက်ပျိုးထားသူများက အမှုစစ်ဆေးခံရန် တိုက်တွန်းလိုကြောင်း တောအုပ်ကြီးမောင်သစ္စာမှ ညှိနှိုင်းပြောကြားသော်လည်း ၎င်းတို့ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်လာခဲ့ကြသောလယ်ယာမြေများဖြစ်သဖြင့် ၎င်းတို့ပိုင်ဆိုင်သင့်ကြောင်း၊ ဌာနကခွင့်ပြုသင့်ကြောင်း၊ ဒေသခံတောင်သူများ အမှုစစ်ဆေးခံရန် အကြောက်အကန်ငြင်းဆန်၍ အတိုက်အခံပြုပြောကြားလာခဲ့ကြပါတော့သည်။




ဒေသခံတောင်သူများကို မည်သို့မျှ ဖျောင်းဖျပြောဆို၍ မရသဖြင့် အုပ်ချုပ်ရေးမှူးသို့ အခြေအနေများကို တင်ပြနိုင်ရန်သာ မောင်သစ္စာတစ်ယောက် စဉ်းစားတွေးတောလျက် ကျူးကျော်ဧရိယာများကိုအဖွဲ့နှင့် တိုင်းတာရင်း အဆိုပါနေ့ကို ကုန်ဆုံးစေရပါတော့မည်။ ကျူးကျော်ဧရိယာများကို တိုင်းတာသည့် လုပ်ငန်းပြီးစီးပြီးနောက် အင်တိုင်းတောထဲရှိ အရိပ်ကောင်းရာအနားယူလျက် ပါလာသည့် ရိက္ခာထုပ်လေးဖြည် စားရင်း လက်ရှိအခြေအနေကို သုံးသပ်တင်ပြနိုင်ရန် အတွေးရေယာဉ်ကြောခဏတာနစ်မျောနေမိပါတော့ သည်။ အဆွေတော် --တောအုပ်ကြီး- -ထစမ်းပါဦးဗျ။

ရုတ်တရက် လက်မောင်းကို ပုတ်နိုးလိုက်သလို ခံစားလိုက်ရသဖြင့် တောအုပ်ကြီးမောင်သစ္စာ တစ်ယောက် အိပ်ချင်စိတ် မပြေ့တပြေဖြင့် မျက်စေ့ကိုဖွင့်ကြည့်မိရာ အရောင်မပီတော့သောပဝါစ ညစ်နွမ်းနွမ်း တစ်ထည်ကို ခေါင်းမှာပေါင်းလျက်၊ စွပ်ကျယ်လက်ပြတ်၊ ချည်လုံချည်တိုတိုဝတ်ဆင်ထားသော လယ်သမား အသွင်အသားနီကြင်ကြင်နှင့် လူလတ်ပိုင်းအရွယ်လူရွယ်တစ်ဦးမှ လက်တစ်ဘက်မှ ၎င်း၏လုံချည်စကိုမလျက် လက်ညှိုးကိုငေါက်ငေါက်ထိုး၍ ၎င်း၏နှုတ်မှ တစ်စုံတစ်ရာရွတ်ဖတ်နေသည်ကို ဝိုးတဝါး မြင်ယောင်နေမိပါတော့သည်။ ၎င်းရွတ်ဖတ်နေသည်ကို သေချာစွာစူးစိုက်နားထောင် ကြည့်ပြီး မိမိနှလုံးသားသို့ စွဲထင်ကူးစက်လာသော အောက်ပါကဗျာစာစုကို မောင်သစ္စာတစ်ယောက် ပဲ့တင်ထပ်

မှ ရွှတ်ဖတ်နေမိပါတော့သည် တကား-

ဘိုးဘွားတို့ခေတ်
စစ်ခိုးတွေဝေစဉ်က
"ဓားမဦး"ကို ချ
ခုတ်ထွင်ကာရှင်းခဲ့သည်ကြောင့်
သည်ယာတစ်ခင်းငါသာလျှင်ပိုင်သင့်သည်
ငါ့အမည်ခေါ်တွင် "ယာခင်းရှင်"

လူရွယ်၏ ရေရွှတ်သံကိုလိုက်လံရေရွှတ်၍ မဆုံးမီ ရုတ်ချည်းမှာပင် ဖုန်လုံးလား၊ မီးခိုးလုံးလားမကွဲပြားသော မြူမှုန်များကြားမှ ရွာသားလူရွယ်အသွင်ပျောက်ပြီး ရွှေရောင်ဝင်းဝင်း၊ လင်းလင်းပိုင်သ ရွှေသမင်မလေးရုတ်ချည်းပေါ်ထွက်လာသည်သို့ ဝိုးတဝါးအမြင်မှသည် ထင်ရှားသည့် အသွင်တဖန်မြင်ယောင်လာပြန်ပါသည်။ အံ့သြဘနန်းနှင့် ကြည့်မိလေတော့ သမင်မလေး၏သဏ္ဍာန်ညှိုးငယ်သည့် ဟန်ပုံနှင့် ရှေ့လက်နှစ်ဖြာလက်အုပ်ချီကာ အသနားခံသည့်သဖွယ် တွေ့နေရပါတော့သည်။ ၎င်း၏ နှုတ်မှလည်း မိမိတို့ ဤနေရာတွင် ကျက်စားနေထိုင်လာသည်မှာ လူသားများထက် များစွာ စောပါကြောင်း၊ မိမိတို့အေးချမ်းစွာ နေထိုင်စားသောက်ကျက်စားလာသည့်နေရာသို့ မကြာသေးမီက အဆိုပါပုဂ္ဂိုလ်များကျူးကျော်နယ်ချဲ့ရောက်ရှိ လာခြင်းဖြစ်ကြောင်း၊ ၎င်းတို့ကျူးကျော်ရောက်ရှိလာသဖြင့် မိမိတို့သမင်မျိုးများ နေထိုင်စရာနေရာ ကျဉ်းမြောင်းလာပါကြောင်း၊ မိမိ၏ မျိုးဆက်သားငယ်တစ်ယောက်မှာ နေစရာနေရာမရှိ၍ အခြားဒေသသို့ထွက်ခွာသွားသည်မှာ သေသည်၊ ရှင်သည် ယနေ့အထိ မသိရှိရပါကြောင်း၊ မိမိ၏မျိုးဆက်သားငယ်များ၏ အသက်ရှင်သန်နိုင်မှု အခွင့်အလမ်းမှာ အလွန်ပင်နည်းပါးနေပါကြောင်း၊ ယခုကဲ့သို့ မတရားကျူးကျော်လာသူလူသားများကိုဖယ်ရှားပေးခြင်းဖြင့် မိမိတို့ရွှေသမင်များ၏ အသက်ရှင်ရပ်တည်ရေးကိုကူညီပေးစေချင်ကြောင်း မျက်ရည်လည်ရွဲ ပြောကြားရင်း အောက်ပါတမ်းချင်းကို ရေရွှတ်ချေပသွားလေတော့သည် တကား-

ကျောက်၊ သံ၊ ကြေးခေတ်
ကမ္ဘာမြေတည်စဉ် အစ
"ခွာဦး" ကိုချ
ကျင်လည်ကာကျက်စားခဲ့သည်ကြောင့်
သည်စားကျက်ကျင်းငါသာလျှင် ဆိုင်သင့်သည်
ငါ့အမည်ခေါ်တွင် "ရွှေသမင်"

တမ်းချင်းလေးကိုရေရွှတ်လျက်ရှိသော ရွှေသမင်မလေး၏ သဏ္ဍာန်ကားတဖြေးဖြေးဝေးရာ-. . ဝေးရာသို့-. . ။

ရွှေသမင်လေး-. . နေဦး--နေဦးလေ--. ။
ဆရာ- ဆရာ-. အိပ်မက်မက်ပြီးယောင်အော်
နေမှတ်တယ်။

တပည့်များ၏ လက်မောင်းကိုပုတ်၊ လှုပ်နှိုးမှုကြောင့် အိပ်ရာမှ အမှန်တကယ်နိုးထလာသော တောအုပ်ကြီးမောင်သစ္စာ၏ ဝမ်းနည်းမျက်နှာမှာကြည်လင်မှု၊ လန်းဆန်းမှုကတော့ အထင်အရှားပါပင် --။

# တောင်ကတုံးအား သျှောင်ထုံးခြင်း

♥ မတ်စောက်တောင်တန်း
ခန်းခြောက်နွမ်းလဲ
မကြာနေ့ရက်
သျှောင်ထုံးတက်ဖို့
အင်အားတို့များ စိတ်ဝယ်ထား - -

♥ ခက်ခဲအလုပ်
စိတ်ရင်းဟုတ်မှန်
ဇွဲရှိရန်တွက်
မွေးဖွားဌာန
ရှိနေရလို့.
ခက်ခဲမှုများ လွင့်စင်သွား --

♥ တောင်ကတုံးထက်
တို့တွေတက်လို့
ပူလောင်ဒဏ်ချက်
ခံစားလျက်ပြား
နောင်လာနောက်သား
မခံစားစေရေး
တို့များခွေးစက် မြေပြင်ထက် - -

♥ တို့များကြိုးစား
စွမ်းပကားကြောင့်
မိုးခေါင်ရေပေါ်
ဘေးဆိုးသောသဘာဝ
ကင်းစင်ပကာ
သာယာဥတု
ကောင်းခြင်းစုလို့ နေလိမ့်မည် - - -

စိုးပြည် (လုပ်ငန်း)

# "ဇွန်လမှာ မိုးရွာမှာ မဟုတ်တော့ဘူး"




- သူ့အပေါ်မှာ ခိုနား၊ သူ့အသားနဲ့စိုက်ပျိုး
ထမ်းပိုးထား၊ ကျဲမြေသားကို
ပိုက်သားကလီစာမကျန်၊ ဆွဲနုတ်ကာမြေလှန်ပစ်
လုပ်သမျှခံနေရသလို
ပုတ်အဲ့အဲ့အဆိပ်တွေ ထပ်ခါလေ လောင်းနေမှတော့
ဓာတ်ပေါင်းလည်း ကောင်းစရာမရှိ
အဲ့ဒီမြေကမ္ဘာကျေးဇူးရှင်၊ အမြဲအစဉ် ပြစ်မှားနေသမျှ
ဇွန်လမှာ မိုးရွာမှာ မဟုတ်တော့ဘူး။
- ရေအသက် တစ်မနက်တဲ့
ဘဝအသက်ရှင်ရေး၊ ခဏလေးတောင် မရှိရင်မဖြစ်
ညစ်ညမ်းရေတစ်စက်က၊ အသက်ခန္ဓာပျက်တဲ့ဖြစ်စဉ်အ၊
အဲ့ဒါတောင်ကျေးဇူးမတင်
ကိုယ့်အသက်သခင် ရေအရင်းအမြစ်
ညစ်၊ ပျက်၊ ပျောက်အောင် လုပ်နေသမျှ
ဇွန်လမှာ မိုးရွာမှာ မဟုတ်တော့ဘူး။
- ပေးရငွေ zero ၊ ဝန်ဆောင်မှု သုည
သတ္တလောက ကျန်းမာရေး
လေနအေးပေးဝေ။
ဒါတွေကိုသိပါလျက်၊ အတ္တဖက်စီးပွားငွေ
နေ့ရှိသ၍ လေအရောင်တင်တော့
နောင်ကြဉ်အောင် ပြယုဂ်တစ်ခုက
ဇွန်လမှာ မိုးရွာမှာ မဟုတ်တော့ဘူး။
- လူသားဘဝ အနေအစား၊ ဆေးဝါးလည်း သူနဲ့မကင်း
ပူနွေးခြင်းလည်း သူလျှော့ချ
ဥတုမျှအောင် သူလုပ်ပေး
သဘာဝဘေးလည်း သူကာကွယ်
ဇီဝကြွယ်တာလည်း သူမှီလို့
ကမ္ဘာတည်ကတည်းက ပေးဆပ်လာ
အနာဂတ်အတွက် ဒီသစ်တော
ဟော - ပြောရင်းဆိုရင်း ဆုတ်ယုတ်လာ
အများသူငါ လူတကာက
ငါဦး ငါခုတ်၊ သူဦး သူခုတ်
ဒီစိတ်ယုတ်တွေ မွေးနေသမျှတော့
ဇွန်လမှာ မိုးရွာမှာ မဟုတ်တော့ဘူး။
- ကမ္ဘာကြီး စိမ်းလန်းရန်
အချိန်မှန် မုတ်သုံလေနဲ့
ရွာချဟန် ကြံတဲ့မိုး
ဒီလုပ်ရပ်ဆိုးတွေကြောင့်
ဇွန်လမှာ မိုးရွာမှာ မဟုတ်တော့ဘူး ။ ။



မိုးထိ (တိုးချဲ့)





# လေထုအတွင်း ကာဗွန်ဓာတ်ငွေ့ပါဝင်မှု ခေတ်သစ်စံတင်



ကမ္ဘာ့ကာဗွန်ထုတ်လွှတ်တဲ့ နေရာတွေကို သရုပ်ပြပုံ

sources ; https://commons.wikimedia.org/wiki/File:M15-162b-EarthAtmosphere-CarbonDioxide-FutureRoleInGlobalWarming-Simulation-20151109.jpg#cite_note-NASA-20151112b-1

ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ပါဝင်မှု စံအမှတ် မော်လီကျူး တစ်သန်းမှာ ၄၀၀နှုန်း စံအမှတ်ကို မနှစ်တုန်းက ကျော်ဖြတ်ခဲ့ပြီးနောက် အခု ၂၀၁၆ခုနှစ် တစ်နှစ်လုံးဟာ အဲဒီ စံအမှတ်ရဲ့ အထက်မှာ ရှိနေမယ့် ပထမဆုံးနှစ်ဖြစ်လာမယ်လို့ သိပ္ပံပညာရှင်တွေက ပြောပါတယ်။

အခုကျော်ဖြတ်ခဲ့တဲ့ စံအမှတ်ရဲ့ အောက်ကို ပြန်ကျဖို့ နောင်မျိုးဆက် အတော်များများအထိ မဖြစ်နိုင်ဘူးလို့ ပညာရှင်တွေက ပြောပါတယ်။

လေထုမော်လီကျူး တစ်သန်းမှာ ကာဗွန်ဒိုင်အောက်ဆိုဒ် မော်လီကျူး ၄၀၀ ပါဝင်တဲ့ စံအမှတ်ကို ၂၀၁၅ခုနှစ် မေလမှာ ကမ္ဘာလုံးအတိုင်းအတာနဲ့ ကျော်ဖြတ်ခဲ့တာဖြစ်ပါတယ်။

အန္တရာယ်ကင်းတဲ့ ပမာဏက လေ မော်လီကျူးတစ်သန်းမှာ ၃၅၀နှုန်းလို့ ပညာရှင်တွေက လက်ခံထားတာပါ။

အယ်လ်နီးညိုဖြစ်စဉ်လို ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှုတွေဟာ လေထုထဲမှာ ဖန်လုံအိမ်ဓာတ်ငွေ့လို့ခေါ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့အများအပြား ပါဝင်မှုနဲ့လည်း တစ်စိတ်တစ်ပိုင်း သက်ဆိုင်တယ်လို့ဆိုပါတယ်။

ဖန်လုံအိမ်ဓာတ်ငွေ့ထိန်းချုပ်ဖို့ ကမ္ဘာ့နိုင်ငံတွေရဲ့ သဘောတူညီချက် အသစ်က နောက်လထဲမှာ အသက်ဝင်လာဖို့ ရှိပေမယ့် အကျိုးရလဒ်ကတော့ ချက်ချင်းရလာစရာ အကြောင်းမရှိသေးပါဘူး။

## သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်း

**သဘာဝတောများတွင် အဖိုးတန်သစ်မျိုးများ၏ သဘာဝမျိုးဆက်ခြင်း မလုံလောက်တော့သည့် နေရာများ (ဥပမာ- သစ်ထုတ်ပြီးတောများ၊ မျိုးဆက်ပင်များ လျော့နည်း(သို့မဟုတ်) မရှိတော့သည့်နေရာများ)တွင် မူလတော၏အနေအထားကို ထိခိုက်မှုမရှိစေဘဲ အဖိုးတန်သစ်မျိုးများ ဖြည့်စွက်စိုက်ပျိုးခြင်း ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အဆင့်အတန်းနိမ့်ကျလာသော (သို့မဟုတ်) ပျက်စီးယိုယွင်းလာသော သဘာဝတောများကို အဖိုးတန်သစ်မျိုး ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက် စသည့်သစ်မျိုးများ ဖြည့်စွက်စိုက်ပျိုးခြင်းဖြင့် တောတန်ဖိုး ပြန်လည်မြှင့်တင်ရန်ဖြစ်ပါသည်။**

# စက်မှုကုန်ကြမ်းသုံးအကြီးမြန် ယူကာလစ်

ဒေါ်အိအိဇင်၊ သုတေသနလက်ထောက် (၃)၊ သစ်တောသုတေသနဌာန





ကျွန်မတို့ရဲ့ဌာန ညွှန်ကြားရေးမှူးက ကျွန်မတို့ကို ဆောင်းပါးရေးဖို့တိုက်တွန်းပြောကြားတော့ ကျွန်မ ခေါင်းအရမ်းကြီးသွားခဲ့သည်။ ကျွန်မအနေနဲ့ တစ်ခါမှ ဒီလိုစာမျိုး မရေးသားဖူးဘူး။ ငါမဖြစ်ဖြစ်တဲ့နည်းနဲ့ တစ်ပုဒ်လောက်တော့ ရေးကြည့်မယ်ဆိုပြီး ဆုံးဖြတ်လိုက်သည်။ ဒါပေမဲ့ ဘာရေးရမယ်ဆိုတာကို စဉ်းစားလို့ကိုမရဘူး။ ဌာနအကြောင်း ရေးမယ်ဆိုတော့လဲ ရေးမည့်သူတွေကအများကြီးပဲ။ ဒါနဲ့ ကျွန်မသွားရောက်လေ့လာခွင့်ရခဲ့တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ အကြီးမြန်ယူကာလစ်အကြောင်းရေးမယ်လို့ ဆုံးဖြတ်ချက်ချခဲ့သည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလ(၂၃ ရက်မှ ၂၉ ရက်ထိ)တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်စီပြည်နယ်ရှိ အကြီးမြန်ယူကာလစ်စိုက်ခင်းများနှင့် သစ်အချောထည်ထုတ်လုပ်နေမှုများကို ကျွန်မ သွားရောက်လေ့လာခွင့်ရခဲ့သည်။ ကျွန်မနှင့်အတူ သစ်တောဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(မူဝါဒနှင့်စီမံကိန်း) ဦးကျော်ကျော်လွင်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွန်ခါး၊ မြန်မာ့သစ်လုပ်ငန်းမှ မန်နေဂျာ ဦးညွန့်ဝေ၊ လက်ထောက်မန်နေဂျာ ဦးမျိုးမင်းထွန်းနှင့်သစ်တောဦးစီးဌာနမှ ခတ်ခွဲခန်းကျွမ်းကျင်-၂ ဒေါ်အေးမင်းသန်းတို့လည်း ပါဝင်ခဲ့ပါတယ်။

ကွမ်စီပြည်နယ်၏ဒေသဆိုင်ရာ အချက်အလက်များကိုလည်း လေ့လာခဲ့သည်။ ကွမ်စီပြည်နယ်၏ ဧရိယာ မှာ- ၂၃၆,၇၀၀ sq.km ၊ မြေမျက်နှာသွင်ပြင်မှာ- မြေပြန့်ဧရိယာနည်းပါးပြီး ၇၁ရာခိုင်နှုန်းမှာ တောင်ကုန်းတောင်တန်းများဖြစ်ပါသည်။ ဧရိယာ၏ ၃၈. ၅ ရာခိုင်နှုန်း သည် သက်နုထုံးကျောက်ဖြစ်ပြီး ပျမ်းမျှအပူချိန် ၁၇-၂၃ ˚C ဖြစ်သည်။မိုးရေချိန် ၁၀၆၃-၂၆၃၈ mm ၊ လူဦးရေ ၅၂သန်း နေထိုင်ကြသည်။

ကွမ်စီပြည်နယ်၏ မြေအသုံးချမှု မူဝါဒ၊ တောအမျိုးအစား၊ အခွန်ငွေကောက်ခံမှုတို့နှင့် ပတ်သက်





၍လည်းလေ့လာခဲ့ကြသည်။ ကွမ်စီပြည်နယ်တွင် မြေအသုံးချမှုမှာ မြေဧရိယာအား mu ဟု တိုင်းတာသတ်မှတ်ခေါ်ဝေါ်ပြီး 6mu = 1Acre ခန့်ရှိပါသည်။ တောင်သူတစ်ဦးချင်းပိုင်ဆိုင်မှုမှာ ၁.၂ mu ရှိပြီး နိုင်ငံတော်မှ အခွန်ကောက်ခံခြင်းမရှိပါ။ အများပိုင်မြေအဖြစ် (၁)ရွာပိုင်မြေ ၈၃ မှ ၁၆၆ ဧက၊ (၂) ခရိုင်စီမံခန့်ခွဲပိုင်ခွင့်ရှိသော အများပိုင်မြေ -၃၃၃၃ မှ ၁၆၆၆၆ ဧကနှင့်(၃) ပြည်နယ်စီမံခန့်ခွဲပိုင်ခွင့်ရှိသောအများပိုင်မြေ -၅၀၀၀၀ မှ ၁၆၆၆၆၆ ဧကအဖြစ်သတ်မှတ်ထားပါသည်။

ကွမ်စီပြည်နယ်အတွင်း သစ်တောဦးစီးဌာနမှ ကာကွယ်ထိန်းသိမ်းနေသောတောများရှိသည်။ သဘာဝအတိုင်းထိန်းသိမ်းထားသောသစ်တော ၅၀ရာခိုင်နှုန်း၊ ရေဝေရေလဲထိန်းသိမ်းရေးတော ၂၀ရာခိုင်နှုန်း၊ မြေဆီလွှာထိန်းသိမ်း ရေးတော ၁၀ရာခိုင်နှုန်း ၊ စက်မှုကုန်ကြမ်းစိုက်ခင်းများ ၂၀ရာခိုင်နှုန်းခန့်ရှိကြောင်း လေ့လာသိရှိခဲ့ရပါသည်။ ယူကလစ်စိုက်ခင်းများကို ခုတ်လှဲထုတ်ယူပြီးပါက သစ်တောကာကွယ်ထိန်းသိမ်းရေးနှင့် သစ်တောဖွံ့ဖြိုးရေးအတွက် ၁ကုဗမီတာလျှင် အခွန် ၈၄ ယွမ် ကောက်ခံပါသည်။ အဆိုပါကုန်ကြမ်းမှစက်ရုံများတွင် အချောထည်အဖြစ် အထပ်သား၊ သစ်သားဘုတ်ပြားများ ထုတ်လုပ်သည်။

ကွမ်စီပြည်နယ်၏ ကွမ်စီသစ်တောစက်မှုအသင်းသို့လည်း လေ့လာခွင့်ရခဲ့သည်။ ထိုအသင်းသည် ပြည်နယ်အဆင့်ဖြစ်ပြီး နိုင်ငံတော်အဆင့်ဖွဲ့စည်းထားခြင်း မရှိကြောင်း၊ အသင်းတွင် အလုပ်အမှုဆောင် (၁၅)ဦးပါဝင်ပြီး တစ်နှစ်တစ်ကြိမ် နှစ်ပတ်လည်ညီလာခံ ပြုလုပ်ရွေးချယ်ကြောင်း၊ အသင်းဝင်(၃၀၀)ကျော်ရှိပြီး တစ်နှစ်ထုတ်လုပ်နိုင်မှု တန်ဖိုးပမာဏ ယွမ်သန်း(၁၀၀) ကျော်သည့် သစ်တောစက်မှုလုပ်ငန်းရှင်များ၊ စိုက်ခင်းလုပ်ငန်းရှင်များအား အဖွဲ့ဝင်အဖြစ် လက်ခံပါကြောင်း၊ နှစ်စဉ်ကြေးအဖြစ် အသင်းဝင်တစ်ဦးလျှင် ယွမ် ၃၀၀၀၊ ၅၀၀၀၊ ၁၀၀၀၀ဟူ၍ လုပ်ငန်းအကြီး အသေးအလိုက်သတ်မှတ်ကောက်ခံပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား သစ်အခြေခံစက်မှုလုပ်ငန်းတည်ထောင်ခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် ပတ်သက်သည့်နည်းပညာများကူညီပံ့ပိုးပေးပါကြောင်း၊ ဘဏ်များနှင့်ချိတ်ဆက်၍ အသင်းဝင်များ ချေးငွေအကူအညီရရှိရေးကို စီစဉ်ဆောင်ရွက်ပေးကြောင်းကိုလည်း လေ့လာသိရှိခဲ့သည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံတွင် သစ်သားဘုတ်ပြားထုတ်လုပ်ခြင်းလုပ်ငန်းသည် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။သစ်တောကဏ္ဍမှ ထုတ်လုပ်မှုတန်ဖိုးမှာ ယွမ် ၄.၇၃ ထရီလီယန် ရှိပြီး ပြည်ပပို့ကုန်သွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၁၂၅.၉၉သန်းဖြစ်သည်။ ကျွန်မတို့သည် အကြီးမြန်ယူကလစ်ကို အသုံးပြုပြီး သစ်သားဘုတ်ပြားထုတ်လုပ်သည့်စက်ရုံနှင့် အထပ်သားစက်ရုံသို့ သွားရောက်လေ့လာခဲ့ကြသည်။ ထိုစက်ရုံ၏ လုပ်ငန်းစဉ်အဆင့်ဆင့်သည် စိတ်ဝင်စားစရာကောင်းလှသည်။ ကုန်ကြမ်းမှာ ပြည်တွင်းမှ ကိုယ်ပိုင်အကြီးမြန်ယူကလစ် စိုက်ခင်း၊ပုဂ္ဂလိကပိုင်စိုက်ခင်းမှ ဝယ်ယူသည်။ ယူကလစ်ပင်ကို ၅ နှစ်သားမှစတင်ခုတ်ယူနိုင်ပါသည်။ ၎င်းယူကလစ်သစ်တုံးများကို သစ်အချော ထည်စက်ရုံသို့ ပို့ဆောင်ပြီးအခေါက်ခွာစက်ဖြင့် အခေါက်ခွာ၊ လွှာစက်ဖြင့် လွှာ၊ အရှည်၆-၉ပေ အကျယ် ၃ပေ အထူ ၁.၅ မှ ၂.၄ မီလီမီတာအရွယ်ရှိ အချပ်လေးများ ပိုင်းဖြတ်ကာ နေပူလှမ်းအခြောက်ခံပြီး ကော်ကပ်စက်ဖြင့် ကော်ကပ်ကာ လိုချင်သော အထပ်ရသည်အထိထပ်၍ ကော်ကပ်ပြီး ဖိစက်ဖြင့် ဖိပါက အထပ်သားကို ရရှိလာပါသည်။ ရရှိလာသောအထပ်သားများကို ဘေးအနား ညီညာအောင်ဖြတ်စက်ဖြင့် ညှိရသည်။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် နည်းပညာဖွံ့ဖြိုးမှုကြောင့် ကုန်ကြမ်းမှတစ်ဆင့် ကုန်ချောအဆင့်ထိ ထုတ်လုပ်နိုင်သည်။ အကိုင်းအခက်၊ အမြစ်၊ အခေါက်စသည့် အလေအလွင့်မှန်သမျှကို ကြိတ်စက်ဖြင့်ကြိတ်ပြီး ရရှိလာသော အမှုန့်များဖြင့် သစ်သားဘုတ်ပြားများကိုထုတ်လုပ်ခဲ့သည်။ သစ်သားဘုတ်ပြားများကို ပြည်တွင်းသာမက ပြည်ပသို့တင်သွင်းနိုင်သည်အထိ ထုတ်လုပ်နိုင်ခဲ့သည်။ ၎င်းဘုတ်ပြားများကို ဗီဒို၊ မှန်တင်ခုံ၊ စားပွဲခုံ၊ တံခါး၊ အံဆွဲ၊ ခုံစသည့် ပရိဘောဂအမျိုးမျိုးကို ထုတ်လုပ်ပြီး၊ ပြည်တွင်း၊ ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်နိုင်ခဲ့၍ ဒေသခံပြည်သူများကို အလုပ်အကိုင်အခွင့်လမ်းပေးစွမ်းနိုင်ရုံ သာမကဒေသခံပြည်သူများ၏စီးပွားရေးကိုလည်းပြေလည်စေသည်။

ယူကလစ်စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းမှ နိုင်ငံပိုင် Tissue Culture ထုတ်လုပ်ခြင်း၊ မျိုးဥယျာဉ်မှ တစ်ပင်လျှင် RMB 1ယွမ်နှုန်းဖြင့် ဝယ်ယူပြီး မိမိပိုင်မြေတွင် စိုက်ပျိုးကြပါသည်။ ရွာပိုင်မြေ၊ ခရိုင်နှင့်ပြည်နယ် စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများတွင်လည်းစိုက်ပျိုးကြပါသည်။ ယူကလစ်ပင်စိုက်ပျိုးခြင်း၏ဝင်ငွေသည် အခြားသီးနှံများထက် ပိုမိုကောင်းမွန်သဖြင့် အလွန်အမင်းတိုးချဲ့စိုက်ပျိုး လာရာ ပြည်နယ်၏ အဓိကထွက်ကုန်ဖြစ်သော သကြားထွက်နှုန်းသိသာစွာ ထိခိုက်လာခဲ့သဖြင့် လက်ရှိ သကြားစက်ရုံများမထိခိုက်စေရန် ကြံစိုက်ခင်းကို ခွဲတမ်းသတ်မှတ်ချက်ဖြင့်စိုက်ပျိုးနေကြောင်း သိရှိခဲ့ရပါသည်။သစ်တောဌာနမှာမူကိုယ်တိုင်စိုက်ပျိုးခြင်းမရှိဘဲ ဌာနပိုင်မြေတွင်ကုမ္ပဏီ(၁၄)ခုအား ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးလျက်ရှိကြောင်း သိရှိခဲ့ရသည်။ အကြီးမြန်ယူကလစ် စိုက်ပျိုးခြင်းသည် ဝင်ငွေတိုးတက်စေသည်ကိုသာသိပြီး မြေဆီလွှာထိခိုက်နိုင်သည်ကိုသတိလက်လွှတ်ပြုထားကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသစ်တောဌာနမှ မြေဆီလွှာထိန်းသိမ်းရန်နှင့် အခြားသီးနှံထွက်ရှိစေရန် ယူကလစ်ပင်များကို တောင်ပေါ်(သို့) အမြင့်ပိုင်းတွင် စိုက်ပျိုးစေပြီး တောင်ခြေ(သို့)အနိမ့်ပိုင်းတွင် ကြံ၊

နဂါး မောက်၊ ငှက်ပျောစသည့် သီးနှံများကို စိုက်ပျိုးရမည်ဟု သတ်မှတ်ထားသည်။

ကွမ်စီပြည်နယ်တွင် အကြီးမြန်ယူကလစ်များစွာ စိုက်ပျိုးနိုင်ခြင်းမှာ နည်းပညာတိုးတက်ခြင်းကြောင့် ဖြစ်သည်။ ၁၉၈၂ခုနှစ်တွင် ဩစတြေးလျနိုင်ငံနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ဩစတြေးလျ၊ အိန္ဒိယ၊ ဘရာဇီးနှင့် တောင်အာဖရိက စသည့်(၄)နိုင်ငံမှ ယူကလစ်ပင်ဇာစ်မြစ်နှင့် မျိုးစိတ်ပေါင်း ၁၇၄ ခုဖြင့် အောင်မြင်စွာ စတင် ဆောင်ရွက်ခဲ့ သည်။ အစေ့၏အပင်ပေါက်မှုပေါ် ရွေးချယ်ပြီး မျိုးစိတ်ပေါင်း ၃၈ ခုနှင့် အပင်၏ဇာစ်မြစ်ပေါင်း ၈၁ ခုကို သုတေသနပြုလုပ်ကာ မျိုးရိုးဗီဇတစ်ထပ်တည်း တူညီပွားများမှုနှင့်ကောင်းမွန်သော သစ်တောပျိုးထောင်မှုများ ပြုလုပ်ခဲ့ပါသည်။ ၁၉၉၀ခုနှစ်မှစတင်ပြီး နှစ်၂၀ ကျော် ကြိုးစား လုပ်ကိုင်ခဲ့ရာ ကြီးထွားနှုန်း အလွန်မြန်သော *Eucalyptus urophylla* နှင့် *Eucalyptus grandis* စပ်မျိုးကိုရရှိခဲ့ကြောင်းသိရှိရပါသည်။

ကျွန်မသည် အကြီးမြန်ယူကလစ်စိုက်ခင်းနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများကို လေ့လာခဲ့ရ၍ အားရကျေနပ် မှု၊ စွမ်းအင်အသစ် ခွန်အားများစွာတိုးပွားခဲ့သည်။

# မြတ်ဆရာနှင့်သစ်တောကျောင်း

♦ သစ်တောကျောင်းသည်
နယ်ပေါင်းစုံစွာ၊ ဝန်ထမ်းလွှာမှ
ရောက်လာမချို့ ပညာနို့ကို
သောက်စို့တည်ရာ ဘုံကမ္ဘာ။

♦ ကျောင်းတော်ဝင်းမှ
ထင်းရှုးပျိုပင်၊ ကဗွီးပင်နှင့်
သွင်ပြင်ခံ့ညား၊ အမြောက်မြားနှင့်
အားကစားကွင်း၊ စိမ်းမြက်ခင်းနှင့်
ရှင်းလင်းသာယာ၊ ဘုံကမ္ဘာ။

♦ ရှုမဝသည့်
သစ်တောပြခန်း၊ အံ့မခန်းနိုင်
သာဆန်းရဂုံ၊ ငှက်မျိုးစုံနှင့်
စုံမြိုင်တောဖြစ်၊ ကြိမ်ဝါးသစ်တို့
ဖြစ်စဉ်ပြရာ ဘုံကမ္ဘာ။

♦ မြတ်ပညာနှင့်
များစွာဗဟု၊ အဆီစုကို
ပြုစုသင်ကြား၊ ဆရာများ၏
ကြိုးမားလုစွာ၊ စေတနာနှင့်
မေတ္တာဝေဆာ ဘုံကမ္ဘာ။

♦ သြော်
နှစ်နှစ်ချိန်ခါ၊ ဆည်းပူးလာ၍
ပညာပြည့်စုံ၊ လုပ်ငန်းကုန်သော်
ရွှေဘုံပြန်သွား၊ ဝန်ထမ်းများတို့
လုပ်အားတွင်ကျယ်၊ လုပ်ခွင်နယ်မှာ
ကျင်လည်ကျက်စား၊ ထိုခါများဝယ်
ဆင့်ပွားပညာ၊ သင်ပေးရာသည့်
ဆရာများစွာ၊ နာသုံးနာနှင့်
မဟာကျောင်းတော်၊ ရည်မှန်းမျှော်လျက်
ပူဇော်အထူး၊ မြင့်မိုရ်ဦးသို့
ကျေးဇူးဂုဏ်အင်၊ ဦးခိုက်တင်သည်
အစဉ်အောက်မေ့မြဲသာတကား။ ။

**ဝင်းနွယ် (သစ်တော)**



မြန်မာနိုင်ငံသစ်တောကျောင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်စာစောင်မှ ပြန်လည်ဖော်ပြပါသည်။



# ဘက်စုံသုံး ဝဥ

ဒေါ်နွယ်နွယ်ဝင်း
သုတေသနလက်ထောက်-၃၊ သစ်တောသုတေသနဌာန

ဝဥသည် Arace မျိုးရင်းဖြစ်ပြီး Amorphophallus မျိုးစုတွင်ပါဝင်သောအပင်မျိုးဖြစ်သည်။ နှစ်ပေါင်းများစွာကပင် ဝဥမျိုးသည် တောရိုင်းအဖြစ်နှင့်သာ အပူပိုင်းဇုန် မိုးများသောတောင်နှင့်မြေဆီကြွယ်ဝသော သစ်တောများထဲတွင်သာ ပေါက်ပွားလေ့ရှိကြကာ၊ အခြေခံအားဖြင့် လူတို့စိုက်ပျိုးခြင်းမရှိကြပေ။ ထို့အတွက်ကြောင့် ၎င်းဝဥမျိုး၏ရှင်သန်ထူးခြားမှုနှင့် ဂုဏ်သတ္တိအရည်အသွေး ကောင်းမွန်မှုများကိုအချိန်နှင့်အမျှ လူသားတို့ သတိမပြုမိခဲ့ကြပဲ ၂၀ရာစုနှစ် အလယ်ပိုင်းမှစတင်၍ ဝဥအမှုန့်များပြုလုပ်ရာမှသာ ၎င်း၏ထူးခြားသော ဂုဏ်သတ္တိကိုတွေ့ရှိလာခဲ့ကြပေသည်။

ဝဥမျိုးသည် ဥလုံးကြီးကာမျက်နှာပြင်မှာ အနည်းငယ်ကြမ်းပြီး ဆင်ခြေထောက်နှင့်အလားသဏ္ဍာန်တူသည့်အတွက် Elephant Foot Yam ဟုလည်း နိုင်ငံတကာတွင် ခေါ်ဝေါ်သုံးနှုန်းလေ့ရှိပါသည်။ ရေဓာတ်ပါဝင်နှုန်းနည်းကာ၊ ခြောက်သောအချိန်တွင် အမှုန့်ထွက်နှုန်းမြင့်မားသော အရည်အသွေးလည်းရှိသည်။ ကမ္ဘာပေါ်တွင် ဝဥမျိုးစိတ်ပေါင်း ရာဂဏန်းအထိရှိသော်လည်း အမှန်တကယ်အသုံးချ ကျယ်ပြန့်စွာစိုက်ပျိုးသော ဝဥမျိုး ဆယ်ခုသာရှိပါသည်။ ၎င်းဆယ်ခုထဲမှ ဈေးကွက်လိုအပ်ချက်အရ မျိုးစိတ်၂ခုသာ အများဆုံးစိုက်ပျိုးကြပါသည်။ ထိုမျိုးစိတ်၂ခုမှာ ဝဥဖြူနှင့် ပန်းဝဥဟူ၍ လူသိများခဲ့သော မျိုးစိတ်များပင်ဖြစ်ပါသည်။ ယခုမိတ်ဆက်လိုသော ဝဥမျိုးစိတ်သည် တစ်မူထူးခြားသောလက္ခဏာသွင်ပြင်ရှိ ရွက်ဖြန့်သီး သို့မဟုတ် ပင်စည်လုံးသီး *Amorphophallus bulbifer* မျိုးစိတ်ပင်ဖြစ်သည်။ ထိုဝဥမျိုးစိတ်၏ ပင်စည်ဖျားမှာ အသီးလုံးအဖြစ် ထွက်ရှိလာကာ ၎င်းအသီးလုံးကို ပြန်လည်မျိုးပွားကာ စိုက်ပျိုးနိုင်သော ဂုဏ်သတ္တိရှိသဖြင့် မျိုးပွားမျိုးဆက်ရာ၌ ပိုမိုလွယ်ကူစွာမျိုးပွားနိုင်ပါသည်။ မြေနေရာ အခြေအနေ၊ အပူဒဏ်၊ ရောဂါဒဏ်စသဖြင့် ခံနိုင်ရည်အားလည်းအခြားမျိုးစိတ်များထက် သာလွန်သောသတ္တိရှိကြောင်းသိရှိရပါသည်။ မျက်စိနေရာများတွင်အခြားသောမျိုးများထက် အနည်းငယ်ပို၍နက်ပြီးအရောင်မှာလည်းပိုရင့်ကြောင်းတွေ့ရပါသည်။

## မြေဆီလွှာအခြေအနေလိုအပ်မှု

ယခုဝဥမျိုးစိတ်သည် မြေကြီးအမျိုးအစားအထူးတလည်ဂရုစိုက်စရာမလိုအပ်သည့်အတွက်၊ ဝဥတစ်မျိုးတည်းအနေနှင့်သော်လည်းကောင်း၊ အခြားသီးနှံများနှင့်ကြားညှပ်၍သော်လည်းကောင်း၊ စိုက်ပျိုးရာတွင် ကောင်းစွာရှင်သန်ကြီးထွားနိုင်ကြပါသည်။ အကောင်းဆုံးမြေသား၏အနေအထားမှာ မြေသားထူထပ်ခြင်း၊ မြေဆီကြွယ်ဝခြင်း၊ မြေမွပြီးစိုထိုင်းမှုရှိသော မြေမျိုးသို့မဟုတ် သဲဆန်သောမြေမျိုးများတွင် ကောင်းစွာရှင်သန်ကြီးထွားနိုင်ပြီး အနည်းငယ်ချဉ်သောမြေသို့မဟုတ် အချဉ်အငံမရှိသောမြေမျိုးများကိုကြိုက်နှစ်သက်ကြသည်။ ထို့ကြောင့် စီးပွားဖြစ်စိုက်ပျိုးမည်ဆိုပါက မြေ၏ pHတန်ဖိုး (ချဉ်ငန်ဓာတ်) ၅ . ၅ မှ ၇ . ၀ အတွင်းရှိသောမြေကြီးမျိုးကို တိုင်းတာရွေးချယ်သင့်ကြောင်း တွေ့ရှိရသည်။

### ထူးခြားသောဂုဏ်သတ္တိ

မြေပေါ်ပင်စည်မှ အလုံးအသီးများထွက်ရှိ ရှင်သန်ခြင်း၊ မြေအောက်ပင်စည်ဥလုံးမှ အမြစ်ပွားငယ်များ မထွက်ရှိခြင်း၊ မြေအောက်ပင်စည်ဥလုံးကိုခွဲခြမ်းစိတ် ဖြာပြီး စိုက်ပျိုးနိုင်ခြင်း၊ ပန်းပွင့်ပြီး လိင်မဲ့မျိုးဆက်ပွားနိုင် ခြင်း၊ အောင်နှုန်းမြင့်မျိုးစေ့ အများအပြားပေးစွမ်းနိုင်ခြင်း၊ အပူချိန်မြင့်၊ စိုထိုင်းမှုမကြောက်၊ ရောဂါဒဏ်ခံနိုင်ရည်ရှိခြင်း၊ မြေအောက်ဥလုံးကြီးခြင်း၊ ရေဓာတ်ပါဝင်နှုန်းနည်းခြင်း၊ Mannosane ဓာတ်ပေါင်းပါဝင်နှုန်းမြင့်မားခြင်း၊ အညှောင့်ပေါက်တစ်ခုမကထွက်နိုင်ခြင်း၊ ပန်းပွင့်နှင့် အရွက်ပြိုင်တူရှင်သန်ကြီးထွားခြင်းနှင့်တူးဖော်ပြီး ဝဉလုံးကို ကြာရှည်သိုလှောင်ထားနိုင်ခြင်း စသည့်ဂုဏ်သတ္တိများရှိကြောင်း တွေ့ရသည်။

### အသုံးဝင်ပုံ

ဝဉ၏အသုံးဝင် ထွက်ကုန်အစိတ်အပိုင်းသည် မြေအောက်က ဉလုံးပင်ဖြစ်သည်။ ထိုဉလုံးတွင် ကစီဓာတ် (Starch)၊ အသားဓာတ်(Protein)၊ ပြာ(Ash)၊ အမျှင်ဓာတ် (Fibre)၊ အာဟာရဓာတ် (Vitamin)၊ Alkaloid ဓာတ်နှင့် Aminoacid ၁၀မျိုးအပြင် အထူးသဖြင့် Konjan Glucomanan ဒြပ်ပေါင်း(အတိုကောက်အားဖြင့် KGM) အများအပြား ပါဝင်နေခြင်းပင်ဖြစ်သည်။ ခြောက်သွေ့သော ဝဉအခြမ်းပြားများတွင် ကစီဓာတ်ပါဝင်နှုန်း ၄၂၇၊ KGM ပါဝင်နှုန်း ၅၆ရမှ၆၀ရအထိပါဝင်နေပါသည်။ ဝဉမှ ထုတ်ယူသည့် သန့်စင်သော အမှုန့်ထဲတွင် ၁၀၀ဂရမ်အမှုန့်၌ KGM ၆၀မှ၈၀ ဂရမ်အထိပါဝင်နေသည်။ ဝဉတွင် အများဆုံးပါဝင်နေသော KGM များကိုအစားအသောက် ထုတ်လုပ်ရာတွင်လည်းကောင်း၊ အလှကုန်ပစ္စည်းများထုတ်လုပ်ရာတွင်လည်းကောင်း၊ ဆေးဝါးထုတ်လုပ်ရာတွင် လည်းကောင်း မရှိမဖြစ် အဆင်မြင့်အသုံးဝင်နေသော အဓိကကုန်ကြမ်းဖြစ်ပါသည်။

ထို့အပြင် ဆေးဝါးအဖြစ်လည်း အမျိုးသမီးများ ဗိုက်ရွှဲခြင်း၊ ဆီးအိမ်ကြီးခြင်း၊ ကိုယ်ရည်စစ်ရန်၊ အသားအရေကောင်းရန်၊ သက်ကြီးရွယ်အိုများအတွက် နှလုံးတုန်ရင်ခုန်ခြင်းများ သာမက လိုအပ်သည်ထက် အဆီအစိုင်ခဲများလျှော့ချရန်အတွက်ပါ အသုံးပြုနိုင်ကြောင်း၊ ဆီးချိုရောဂါ၊ သွေးအဆီပိတ်ရောဂါ၊ နှလုံးရောဂါနှင့် အဆုပ်ရောင် ကင်ဆာများအတွက်ပါဘေးကင်းစွာဖြင့် အသုံးချနေပါသည်။

### စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းအပေါ်အရေးပါပုံ

ဝဉသည်လူသားတို့အတွက် အရေးပါသော အဓိကစားကုန်သီးနှံတစ်မျိုးဖြစ်သည်။ ဝဉမှ ထုတ်လုပ်သည့်သန့်စင်သောအမှုန့်တွင် ကယ်လိုရီပါဝင်နှုန်းမှာ ဆန်နှင့်ဂျုံတို့၏ ၄၅ရာခိုင်နှုန်းခန့်သာ ရှိပါသည်။ လူသားတို့ စားသုံးပြီး အစာအိမ်ထဲတွင်ချေဖျက်ခြင်းမျိုး မဟုတ်ဘဲ၊ အူလမ်းကြောင်းအတွင်း၌ပင် ချေဖျက်ပြီးဖြစ်သည့်အတွက်၊ အူလမ်းမ၏ အစာချေဖျက်မှု (emezyme) ထုတ်လုပ်စွမ်းအားကိုတက်ကြွစေပြီး၊ အူလမ်းကြောင်းတစ်လျှောက် နံရံပေါ်မှ အနယ်ထိုင်အမှိုက်များအား ရှင်းထုတ်နိုင်စွမ်းကိုလည်း တိုးတက်စေသည်၊ တစ်ဖန်လူခန္ဓာကိုယ်အတွင်း fatty acid ၏ synthetic အမြန်နှုန်း (speed)ကို လျော့ကျစေခြင်းဖြင့် အသဲနှင့်သွေးအတွင်းရှိ ကိုလက်စတောဓာတ် (cholesterol)မြင့်တက်မှုကို ကန့်သတ်သမစေသည်။ သွေးထဲမှ အဆီဓာတ်နှင့်အချိုဓာတ်ကို လျှော့ချစေသည်၊ သွေးကြောမျှင်များ ချဲ့ထွင်ပေးခြင်းဖြင့် သွေးဖိအားကိုကျစေ၍ ကိုယ်ခန္ဓာအလေးချိန်လျော့ကျစေပြီး ကျန်းမာရေးအတွက် လွန်စွာ အကျိုးကျေးဇူးများသော အစားအစာဖြစ်သည်။ ဝဉတွင် ပါဝင်နေသည့်ဓာတ်များကို အသုံးပြုပြီးသစ်သီးဝလံများ၊ ကြက်ဉ၊ အသားများနှင့် ဟင်းသီးဟင်းရွက်များကို ရက်ရှည် လတ်ဆတ်စွာ ဘေးကင်းကင်းနှင့် ထိန်းသိမ်းထားနိုင်သည်။




### ဈေးကွက်အလားအလာ

ဝဉသည်စားသောက်ကုန်လုပ်ငန်းမှသည် ဆေးဝါးနှင့် အလှကုန်လုပ်ငန်းကဏ္ဍအထိ ကျယ်ပြန့်စွာအသုံးဝင်နေသည့်အတွက် ၎င်း၏အနာဂတ်ဈေးကွက်မှာ အလားအလာကောင်းသော အခြေအနေတွင်ရှိနေသည်။ ဝဉဈေးကွက်အခြေအနေကို အကြမ်းအားဖြင့် ဂျပန်ဈေးကွက်၊ ကိုရီးယားနှင့်အရှေ့တောင်အာရှဈေးကွက်နှင့် အမေရိကနှင့်ဥရောပနိုင်ငံများဈေးကွက်ဟူ၍ တွေ့ရှိရသည်။

ဂျပန်လူမျိုးများသည် ဝဉကို နေ့စဉ်စားသုံးလျက်ရှိသောလူမျိုးများဖြစ်ကြသည်။ သို့သော်လည်း ဂျပန်နိုင်ငံ၏ ပထဝီမြေအနေအထားအရ စိုက်ပျိုးနိုင်ချေ မြေအကန့်အသတ်ရှိခြင်း၊ လေမုန်တိုင်း မကြာခဏကျရောက်ခြင်းတို့ကြောင့် ဝဉစိုက်ပျိုးထုတ်လုပ်ရန် လုံလောက်တည်ငြိမ်

သော အထွက်နှုန်းကိုမထိန်းနိုင်ချေ၊ ထို့ကြောင့် ပြင်ပနိုင်ငံဖြစ်သည့်တရုတ်နိုင်ငံမှ နှစ်စဉ်အမြောက်အမြား တင်သွင်းကြရသည်။ယခုနှစ်များအတွင်း ကိုးရီးယားနှင့်အရှေ့တောင်နိုင်ငံများမှာ နှစ်စဉ်ဝဥအမှုန့်တန်ချိန် အမြောက်အမြားကို တင်သွင်းအသုံးပြုနေကြရသည်။ အမေရိကနှင့် ဥရောပနိုင်ငံများ ဈေးကွက်တွင်အဓိကမှာ အမေရိကန်နိုင်ငံ ဖြစ်သည်။ အမေရိကန်နိုင်ငံသည်၁၉၈၉ခုနှစ်တွင် အမေရိကန်စားသောက်ကုန်နှင့် ဆေးဝါးဌာနမှ ဝဥ စားသောက်ကုန်ကို မှတ်ပုံတင်ခြင်းပြုလုပ်စေပြီး ဝဥနှင့် ပတ်သက်သော အမှုန့်များနှင့် ဝဥအစားအစာများကို တင်သွင်းခွင့်ပြုနေပါသည်။ ဥရောပနိုင်ငံများသည် ဝဥကိုစိုက်ပျိုးခြင်းမရှိပေ။ သို့ရာတွင် ဝဥ၏ အစွမ်းပကားကို စိတ်ဝင်စားပြီး အထူးသဖြင့် ဝဥ၏အဆီချကျန်းမာရေးအထောက်အကူပြုမှုကို အာရုံစိုက်လေ့လာစူးစမ်းလျက် ရှိနေပါသည်။ ထို့ကြောင့် အထက်ပါဈေးကွက်သုံးခုသည် အနာဂတ်အတွက် အလားအလာကောင်းသော ဈေးကွက်များဖြစ်လာနိုင်ပေသည်။



## လူမှုစီးပွားအပေါ်အကျိုးသက်ရောက်မှု

ဝဥသည် ရာသီဥတုဒဏ်ကြံ့ကြံ့ခိုင်နိုင်သော အရည်အချင်းရှိကာ လိုက်လျောညီထွေစွာဖြင့်လည်း တောင်ကုန်း၊ မြေပြန့်၊ အင်းအိုင်ဘေးပတ်ဝန်းကျင်၊ သစ်တောအတွင်း၊ လူနေအိမ် ဘေးပတ်ပတ်လည်စသည် တို့တွင် စိုက်ပျိုးဖြစ်ထွန်းနိုင်ကြောင်းတွေ့ရသည်။ ၎င်း၏အရွက်များသည် ထီးသဖွယ်ပြန့်ကားလျက်ရှိပြီး ပန်းပွင့်များမှာလည်း ထူးခြားလှပနေသည့်အတွက် နေအိမ်၊ ပန်းခြံ၊ ပန်းဥယျာဉ်များ၌ အလှဆင်ပန်းအဖြစ်လည်း စိုက်ပျိုးခံစားနိုင်သည်။ alkaloid ဓာတ်များပါဝင်နေသည့်အတွက် အိမ်မွေးတိရစ္ဆာန်၊ ကြွက်များစသည် အန္တရာယ်များကိုလည်းမပူပန်ရပေ၊ စိုက်ပျိုးရလွယ်ကူပြီး ပြုစုထိန်းသိမ်းရလည်း လွယ်ကူသည့်အပြင် မြန်ဆန်စွာကြီးထွားမှု၊ အထွက်နှုန်းကောင်းမှု စသည့်အချက်များသာမက ဈေးကွက်အရလည်း လိုအပ်ချက်ရှိနေသည့်အတွက် ဝင်ငွေရလုပ်ငန်းတစ်ခုအနေဖြင့် လူတို့ရွေးချယ် စိုက်ပျိုးသင့်သော အပင်တစ်မျိုးဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ဝဥသည် ကျေးလက်နေပြည်သူလူထုတစ်ရပ်လုံးအတွက် ရေမြေ အခြေအနေပေးပါက စိုက်ပျိုးသင့်သောသီးနှံတစ်မျိုးဖြစ်သည့်အပြင် ဈေးကွက်အရလည်း ရှိနေသည့်အတွက် ဝင်ငွေရလုပ်ငန်းတစ်ခုအနေဖြင့် ဆောင်ရွက်သင့်သောလုပ်ငန်းတစ်ခု ဖြစ်ကြောင်းအကြံပြုရေးသားအပ်ပါသည်။




★ Mangrove Forests are natural filters for particles of (mineral, chemical), then, prevent soil erosion, help in prospering of fishes and prawns and reducer the risk of high-tide

★ ဆားငန်ရေခံ ဒီရေတောများသည် ဓာတ်သတ္တုအနည်များကိုလည်း ဖမ်းယူပေးသော သဘာဝရေစစ်ကြီးများဖြစ်ပြီး ကမ်းတိုက်စားမှု ထိန်းသိမ်းခြင်း၊ ငါး၊ ပုစွန်မျိုးပွားမှုကို ကူညီခြင်းတို့အပြင် မုန်တိုင်းဒီရေကို လျှော့ချပေးခြင်းတို့ကို ပြုလုပ်ပေးသည်။

# မြန်မာ့ကြယ်လိပ်များအားဘေးမဲ့တောများသို့ ပြန်လည်လွှတ်ပေး၍ရှင်သန်ကျက်စားစေခြင်း

ဒေါက်တာဒေါ်ကလျာ (Director) ၊
လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့ (Turtle Survival Alliance-TSA)

သစ်တောဦးစီးဌာန ၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(Wildlife Conservation Society-WCS)၊ လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့ (Turtle Survival Alliance-TSA) တို့ ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာ့လိပ်မျိုးစိတ်ထိန်းသိမ်းရေးလုပ်ငန်းမှ မြန်မာ့ကြယ်လိပ်ထိန်းသိမ်းရေးဆောင်ရွက်မှုကို ပြုစုတင်ပြခြင်းဖြစ်ပါသည်။

မြန်မာ့ကြယ်လိပ်များသည် မြန်မာနိုင်ငံ အလယ်ပိုင်းအပူပိုင်းဒေသအတွင်း၌သာ တွေ့ရှိရသော ဒေသရင်းမျိုးစိတ် ဖြစ်ပါသည်။ ကျေးလက်နေ မြန်မာလူမျိုးများသည် ကြယ်လိပ်များကို စားသုံးရန်အတွက် ကာလရှည်ကြာစွာ အလွန်အမင်း ဖမ်းဆီးမှုနှင့်အတူ သစ်တောများအား ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးမြေများ အဖြစ် ပြောင်းလဲမှုကြောင့်အပူပိုင်းဒေသအများစု၌ ကြယ်လိပ်များပျောက်ကွယ်ခဲ့ရပါသည်။ ၁၉၉၀ခုနှစ် အစောပိုင်းမှစ၍ စားသုံးရန်အတွက် ဖမ်းဆီးမှုအပြင် တရုတ်ပြည်တောင်ပိုင်းရှိ တောရိုင်းတိရစ္ဆာန်ရောင်းဝယ်သည့် ဈေးကွက်မှ ဝယ်လိုအား များလာခြင်းနှင့် ကမ္ဘာတစ်ဝန်း၌လည်း အိမ်မွေးတိရစ္ဆာန်အဖြစ် ဝယ်လိုအား များပြားလာခြင်းတို့ကြောင့် သဘာဝတောတွင်းနေ ကြယ်လိပ်အရေအတွက်များစွာ ကျဆင်းလာခဲ့ပြီး သဘာဝအလျောက် မျိုးဆက်ရှင်သန်နိုင်စွမ်းမရှိတော့သည့်အတွက် ဂေဟဗေဒသဘောအရ မျိုးသုဉ်းပြီးဖြစ်သည်ဟု ယူဆရသော မျိုးစိတ်ဖြစ်လာပါသည်။

ကြယ်လိပ်များ မျိုးသုဉ်းမှုအန္တရာယ်မှအမြန်ဆုံးထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်နေသည် ဖြစ်၍ သစ်တောဦးစီးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့နှင့် လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့(WCS/TSA)တို့က မန္တလေးရတနာပုံတိရစ္ဆာန်ဥယျာဉ်၊ လောကနန္ဒာဘေးမဲ့တော၊ မင်းစုံတောင်ဘေးမဲ့တောနှင့် ရွှေစက်တော်ဘေးမဲ့တောများတွင် ၂၀၀၄ခုနှစ်မှစတင်၍ ခြံခတ်မွေးမြူခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ မြန်မာ့ကြယ်လိပ်များ ခြံလှောင်မွေးမြူသောလုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ မွေးမြူထားသော မျိုးစိတ်မျိုးသုဉ်းပျောက်ကွယ်မသွားစေရန်၊ အောင်မြင်စွာ သားဖေါက်ပေးနိုင်ရန်နှင့် ၎င်းတို့နေထိုင်ကျက်စားရာ သဘာဝတောထဲသို့ ပြန်လည်စေလွှတ်ရန်တို့ ဖြစ်ပါသည်။ ခြံခတ်မွေးမြူခြင်းမှ ပေါက်ဖွားလာသောကြယ်လိပ်များကို နေရင်းဒေသသို့ပြန်လည်လွှတ်ပေးခြင်း အားဖြင့် မြန်မာ့ကြယ်လိပ်များမျိုးသုဉ်းမှုမှ ကယ်တင်နိုင်မည် ဖြစ်ပါသည်။

နှစ်စဉ် မင်းစုံတောင် ဘေးမဲ့တော၊ လောကနန္ဒာဘေးမဲ့တောနှင့် ရွှေစက်တော်ဘေးမဲ့တောတို့တွင် မြန်မာ့ကြယ်လိပ်သားဖောက်ခြင်းလုပ်ငန်းများမှာ အောင်မြင်စွာ အများအပြား ပေါက်ဖွားလျက်ရှိပါသည်။ တိရစ္ဆာန်များအား မွေးမြူသားဖောက်ခြင်းသည် ၎င်းတို့အတွက် နောက်ဆုံးပန်းတိုင်မဟုတ်ပေ။ သဘာဝဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ပြီး ခြံလှောင်သားဖောက်မွေးမြူခြင်း၏ အဓိကရည်မှန်းချက်မှာ ၎င်းတို့နေထိုင်ကျက်စားရာ မူလတောထဲသို့ လိုအပ်သောအကောင်အရေအတွက်ကို ပြန်လည် ဖြည့်တင်းပေးခြင်းအားဖြင့် သဘာဝတောတောင်နယ်မြေအတွင်း တိရစ္ဆာန်များ မူလသဘာဝအတိုင်းနေထိုင်ကျက်စားရှင်သန်ပြန့်ပွားစေရေး တာဝန်များ ထမ်းဆောင်ရန်အတွက် ဖြစ်ပါသည်။

ကြယ်လိပ်များခြံလှောင် သားဖောက်မှုသည် လွယ်ကူသော်လည်း အောင်မြင်စွာပေါက်ဖွားလာသော ကြယ်လိပ်များကို မူလနေထိုင်ကျက်စားရာဒေသသို့ ပြန်လည်စေလွှတ်သည့်အခါ အခက်အခဲနှင့် စိန်ခေါ်မှုများစွာရင်ဆိုင်ကြုံတွေ့ရပါသည်။ တိရစ္ဆာန်များ သဘာဝတောတွင်းသို့ ပြန်လည်စေလွှတ်ခြင်းလုပ်ငန်း၏ အောင်မြင်မှုကို လွှတ်လိုက်သော တိရစ္ဆာန်သည် ဂေဟာစနစ်နှင့် အသားကျမှုရှိ၊မရှိနှင့် မျိုးပွားနိုင်မှုအခြေအနေတို့ဖြင့် တိုင်းတာရပါသည်။ လိပ်များသည် မျိုးပွားနိုင်သော အရွယ်ရောက်ရန် အချိန်အလွန်ကြာပြီး ၎င်းတို့၏ ကြီးထွားနှုန်းမှာလည်း အလွန်နှေးကွေးသည်။ ထို့ကြောင့် လိပ်များကို တောထဲသို့ပြန်လည်လွှတ်ခြင်း လုပ်ငန်းအောင်မြင်မှု ရှိ၊ မရှိကို သိရှိရန် ကာလအတန်ကြာ စောင့်ရပါသည်။ ထိုကဲ့သို့သော အခက်အခဲများရှိသော်လည်း တွားသွားသတ္တဝါများကို မူလတောထဲသို့ ပြန်လည်စေလွှတ်သည့်လုပ်ငန်းသည် အခြားနို့တိုက်သတ္တဝါနှင့် ကျေးငှက်များဖြင့် နှိုင်းယှဉ်လျှင် အောင်မြင်မှုရာခိုင်နှုန်း မြင့်မားသည်။

မြန်မာ့ကြယ်လိပ်များကို မင်းစုံတောင်ဘေးမဲ့တောသို့ ၂၀၁၃ ခုနှစ်နိုဝင်ဘာလ(၆)ရက်နေ့တွင် ပထမအကြိမ်အကောင်ရေ(၁၅၀)၊

၂၀၁၅ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင် ဒုတိယအကြိမ် အကောင်ရေ(၃၀၀)၊ ရွှေစက်တော်ဘေးမဲ့တောအတွင်း ၂၀၁၆ ခုနှစ်ဇူလိုင်လ(၁၇)ရက်နေ့တွင် အကောင်ရေ(၁၅၀) စေလွှတ်ခဲ့ပါသည်။ သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်) (WCS, Myanmar Program)နှင့်(TSA)တို့ ပူးပေါင်း ဆောင်ရွက်ခဲ့ကြပါသည်။

### ကြိုတင်ပြင်ဆင်ဆောင်ရွက်ချက်များ

**၁။ ကျန်းမာရေး စစ်ဆေးခြင်း**



မြန်မာ့ကြယ်လိပ်များ သဘာဝတောအတွင်းသို့ ပြန်လည်လွှတ်ပေးရာတွင် ကျန်းမာသန်စွမ်းသောလိပ်များသာ လွှတ်ပေးသင့်သည့်အတွက် မြန်မာ့ကြယ်လိပ်အကောင်ရေ(၆၀၀)တို့၏ ခံတွင်းနှင့်စအိုပေါက်မှ အရိအခွဲနမူနာယူခြင်းနှင့် သွေးထုတ်စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ ကြယ်လိပ်များတွင် ဖြစ်လေ့ဖြစ်ထရှိသော ကူးစက်ရောဂါပိုးများ ဖြစ်သည့် Herpes ဗိုင်းရပ်စ်၊ Intranuclear coccidiosis နှင့် Mycoplasma ဘတ်တီးရီးယားပိုးစသည့် ရောဂါပိုးများ ရှိ၊ မရှိအား သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS, Myanmar Program)နှင့် လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့ (TSA)တို့က ရွှေ့လျားဓါတ်ခွဲခန်းအား မင်းစုံတောင်ဘေးမဲ့တော၊လောကနန္ဒာဘေးမဲ့တောနှင့် ရွှေစက်တော်ဘေးမဲ့တောများ၌ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းပြီး မြန်မာ့ကြယ်လိပ်များ၏ ကျန်းမာရေးအခြေအနေ စစ်ဆေးမှုများ သေချာစွာ စမ်းသပ်စစ်ဆေးခဲ့ပါသည်။ ထို့အပြင် အမေရိကန်နိုင်ငံမှ ဓါတ်ခွဲခန်းပညာရှင်များမှလည်း Microscope ဖြင့် သွေး plates ပြားများမှ သွေးဆဲလ်များ သွေးနီဥ၊သွေးဖြူဥ (RBC, WBC Count)ရေတွက်မှု၊ ပရိုတိန်းပါဝင်မှု၊ သွေးတွင်း ကပ်ပါးပိုးရှိမရှိ စသည့်စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။ သွေးနှင့်အရိအခွဲနမူနာများကို သစ်တောဦးစီးဌာန၏ ခွင့်ပြုမိန့်ဖြင့် အမေရိကန်နိုင်ငံ၌ အသေးစိတ်ထပ်မံစစ်ဆေးပါသည်။ နမူနာ(၆၀၀)အား စစ်ဆေးခဲ့ရာ မည်သည့်ရောဂါမှ ရှာဖွေတွေ့ရှိခြင်းမရှိသည်ကိုထောက်ရှုခြင်းအားဖြင့် မြန်မာ့ကြယ်လိပ်မွေးမြူရေးခြံများ၌ မည်သည့် ကူးစက်ရောဂါမှ ဖြစ်ပွားနေခြင်းမရှိကြောင်း သိရှိရပါသည်။ သွေးဖြူဥ၊ သွေးနီဥများ ရေတွက်စစ်ဆေးခြင်း၏အဖြေမှ မြန်မာ့ကြယ်လိပ်များ ကျန်းမာရေးကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ ၎င်းနောက်မလွှတ်မီ ကြယ်လိပ်များ၏ ကိုယ်အလေးချိန်နှင့် ကိုယ်အတိုင်းအထွာများလည်း မှတ်တမ်းထားရှိပြီးဖြစ်ပါသည်။ ထိန်းသိမ်းထားစဉ်တွင်လည်း ၎င်းတို့၏ ကျန်းမာရေး ကို လစဉ်စစ်ဆေးပြီး ပုံမှန်အလေးချိန်ယူခြင်းများပြုလုပ်ပြီး ကြီးထွားမှုကို ဆက်လက်စစ်ဆေးပါသည်။

**၂။ လွှတ်မည့် ကြယ်လိပ်များ ရွေးချယ်ခြင်းနှင့် ရွေးချယ်ထားသောကြယ်လိပ် ကိုယ်ပိုင်နံပါတ်ပေးခြင်း**



ဥမှပေါက်ခါစလိပ်များနှင့် အရွယ်မရောက်သေးသော လိပ်ငယ်များ၌ အသားစားတိရစ္ဆာန်များ၏ အန္တရာယ်ရှိနိုင်၍အရွယ်ရောက်ခါနီးကြယ်လိပ် (၃-၅ နှစ်သားအရွယ်)များကိုသာ ၎င်းတို့နေထိုင်ကျက်စားရာ မူရင်းနေရာသို့ ပြန်လည်စေလွှတ်ရန် ရွေးချယ်ပါသည်။ အရွယ်ရောက်ပြီးသော ကြယ်လိပ်များကို လိပ်ခြံတွင်ဆက်လက်၍ သားဖောက်မွေးမြူရန်ထားသင့်သည်။ Tuberville နှင့် အဖွဲ့(၂၀၀၅)၏ လေ့လာချက်အရ အရွယ်ရောက်ခါနီး လိပ်များသည် ရွှေ့လျားသွားလာမှုနည်းရာ ၃ နှစ် မှ ၅ နှစ်သား အရွယ်ရောက်ခါနီးလိပ်များသည် လွှတ်ပေးသောနေရာမှာပင် နေထိုင်ကျက်စားကြမည့် အလားအလာရှိပါသည်။ လိပ်တစ်ကောင်ချင်းစီကို Microchip ထိုးသွင်းပေးခြင်းဖြင့် ထာဝရ ကိုယ်ပိုင်နံပါတ်များကိုယ်စီပေးထားပါသည်။ လိပ်၏ကျောခွံ လက်ယာဘက်အခြမ်း၌ လိပ်၏အမှတ်စဉ် နံပါတ်အား ဂဏန်း(၄)လုံးဖြင့်လည်းကောင်းလက်ဝဲဘက်အခြမ်း၌ ဘာသာရေးစာလုံးဖြစ်သော (စ၊ ဓ၊ ဗ၊ ဝ)စာလုံးကို ဆေးမှင်ကြောင်ရေးထိုးကာ ဘေးအန္တရာယ်ကင်းဝေးစေရန် ဆောင်ရွက်ပါသည်။ လိပ်ခွံ၏ဘေးစွန်းအနားများ၌လည်း တံစဉ်းဖြင့်တိုက်ကာ ကိုယ်ပိုင်နံပါတ်များ မှတ်သားထားခြင်းကြောင့် လိပ်တစ်ကောင်ချင်းစီကို ခွဲခြားသိရှိရန်လွယ်ကူစေပါသည်။ ထို့အပြင် လိပ်တစ်ကောင်ချင်းစီ၏ ဓါတ်ပုံမှတ်တမ်းလည်း မှတ်တမ်းထား

ရှိပါသည်။

**၃။ ရွေးချယ်ထားသောကြယ်လိပ်များ၏ ကျောခွံပေါ်တွင်** Transmitter **တပ်ဆင်ခြင်းနှင့် အပူချိန်တိုင်း ကိရိယာ** Temperature logger **တပ်ဆင်ခြင်း**




လွှတ်လိုက်သော လိပ်များ ရှင်သန်မှု ရှိ မရှိ၊ အောင်မြင်မှု ရှိ မရှိ လိုအပ်လျှင် အချိန်မီ ချက်ချင်းပြုပြင် ဆောင်ရွက်ရန် အမြဲစောင့်ကြည့်ရန်လိုအပ်ပါသည်။ ထိုသို့ ပြုလုပ်နိုင်ရန် ခြံခတ်လွှတ်သည့် အချိန်မှစပြီး နောက်ယောင်ခံကိရိယာရေဒီယိုထရန်စမစ်တာ(Radio transmitters) များ တပ်ဆင်ထားပါသည်။ လွှတ်ထားသော ကြယ်လိပ်များကို (Radio Telemetry ) နည်းပညာဖြင့် လိုက်လံရှာဖွေခြင်းဖြင့် ၎င်းတို့၏ ရှင်သန်မှုကို သိရှိနိုင်မည် ဖြစ်သလို လိပ်များ ကျင်လည်ကျက်စားရာ နယ်မြေဒေသ၏အပူချိန် သိရှိနိုင်ရန် အလိုအလျောက် အပူချိန်မှတ်ကိရိယာ (Temperature Logger)ကိုလည်းတပ်ဆင်ထားပါသည်။ အထက်ဖော်ပြပါ အမှတ်အသားများကြောင့် ကြယ်လိပ်များခိုးယူခြင်းခံရလျှင် အလွယ်တကူဖော်ထုတ်နိုင်ပြီး၊(Tattoo )ဆေးမှင်ကြောင် အမှတ်အသားတို့ကြောင့် မူလကြယ်လိပ်၏ အဆင်းသဏ္ဌာန် ပျက်ပြယ်ကာ မှောင်ခိုဈေးကွက်တွင် ဈေးပျက်စေရန်အဖြစ် လည်းရည်ရွယ်ပါသည်။

**၄။ Soft,Self နှင့် Hard Release**

ကြယ်လိပ်များကို သဘာဝအတိုင်း ပြန်လည်စေလွှတ်ရန် ပထမအဆင့်အနေဖြင့် ယာယီခြံခတ်လွှတ်ခြင်း (Soft Release)အတွက် မြက်ပင်ထူထပ်ပြီး တောကောင်းသောနေရာအားရွေးချယ်၍(၂. ၅)ဧကခန့်ကျယ်ဝန်းသော စက်ဝိုင်းပုံစံ ဝါးခြံကြီး (၃)ခြံအားတည်ဆောက်ပါသည်။ ဝါးခြံကြီးများသည် (၆)ပေအမြင့်ရှိပြီး မြေကြီးအတွင်း၌ (၁)ပေခန့်မြှုပ်၍ တည်ဆောက်ထားပါသည်။ သို့မှသာ လိပ်များ မြေတူး၍ထွက်မသွားနိုင်ရန်ဖြစ်ပါသည်။ ခြံတိုင်း၌ တံခါးတစ်ချပ်စီ တပ်ဆင်ထားပြီး ယာယီ ခြံခတ်လွှတ်ခြင်း (Soft Release)ကာလ (၁) နှစ်တာပြည့်ချိန်၌ အဆိုပါတံခါးချပ် ဖွင့်ပေးခြင်းဖြင့် ကြယ်လိပ်များ ထွက်လိုကထွက်နိုင်ရန် ဖန်တီးပေးခြင်း ဖြစ်ပါသည်။ ဤသို့တံခါးဖွင့်ပေးချိန်သည် (Soft Release)အဆင့်မှ (Self Release) အဆင့်သို့ လေ့ကျင့်လွှတ်ပေးချိန် ဖြစ်ပါသည်။ ဘေးမဲ့တောဝန်ထမ်းများနှင့် ဒေသခံဝန်ထမ်းများ နေထိုင်နိုင်ရန် ကင်းစခန်း၊ ကြယ်လိပ်များ ရေသောက်နိုင်ရန် သောက်ရေကန်များကိုလည်း ထည့်သွင်းတည်ဆောက်ထားပါသည်။

တိုက်ရိုက်စေလွှတ်ခြင်း (Hard Release)ဆိုသည်မှာ ခြံစည်းရိုးခတ်၍ ယာယီထိန်းသိမ်းထားခြင်းမရှိဘဲ မွေးမြူထားသည့် ခြံမှ တောထဲသို့တိုက်ရိုက်လွှတ် ပေးလိုက်ခြင်းဖြစ်သည်။ ဤနည်းသည် လိပ်များခြေဦးတည့်ရာသို့ တရစပ်သွားနိုင်သည့်အတွက် ဘေးမဲ့တောနယ်နမိတ်အပြင်ဘက်သို့ ရောက်ရှိသွားနိုင်ပါသည်။ ဤညင်သာသော စေလွှတ်ခြင်း (Soft-Release)အစီအစဉ်ကို အမေရိကန် နိုင်ငံရှိ ဂိုဖာလိပ်များ၏ သုတေသနပြုပြီး ပုံစံအားစံနမူနာယူကာဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အချိန်ကြာကြာ ခြံတွင်းလှောင်ထားနိုင်ပါက ၎င်းတို့သည်ခြံမှလွှတ်သောအချိန်တွင် ဝေးဝေးမသွားသဖြင့် ဘေးမဲ့တောအတွင်းတွင်သာ ကျက်စားရှင်သန်ပြီး ဘေးရန်ကင်းစွာ ရှင်သန်နေထိုင်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ကြယ်လိပ်ခြံများတွင် လေ့လာတွေ့ရှိချက်အရ အစာကျွေးသော ဝန်ထမ်းလာလျှင် လိပ်များသည် လူဆီသို့ စုပြုံလာသည်ကိုတွေ့ရသည်။ သို့ပါသဖြင့် ၎င်းခြံလှောင်မွေးကြယ်လိပ်များကို ချက်ချင်းပင် တောထဲသို့ လွှတ်လိုက်ပါက လူမြင်လျှင် လူဆီသို့ချဉ်းကပ်လာသောအကျင့်ကြောင့် အလွယ်တကူ ဖမ်းဆီးခံရနိုင်ပါသည်။သို့ဖြစ်၍တောထဲတွင် ခြံခတ်လေ့ကျင့်လွှတ်ထားသော လိပ်များကို လူများမှအစာကျွေးခြင်းမပြုပါ။ ခြံခတ်ထားသောနေရာရှိ သဘာဝပေါက်ပင်နှင့်သစ်ပင်များသည် လွှတ်သည့်လိပ်များအတွက် လုံလောက်ပါသည်။ အပိုဆောင်း ဖြည့်စွက်အစာကျွေးရန် မလိုအပ်ပါ။ နွေရာသီ၌ သဘာဝအစာအပြင် အပိုဆောင်းအစာကျွေးသင့်သည်ဟု ယူဆလျှင် မှောင်သောအချိန်(အထူးသဖြင့်မိုးသောက်ချိန်မတိုင်ခင်) ခြံဝင်းထဲသို့ အစာထည့်ထားပေးပါသည်။ တောတွင်းရှိခြံထဲတွင် လိပ်စားသောအပင်များလည်းစိုက်ပေးထားပါသည်။

**၅။ ကြယ်လိပ်လွှတ်ပွဲ**

တောတွင်းခြံသို့စေလွှတ်မည့်ကြယ်လိပ်များကို WCS/TSA တို့မှ တိ-ကုဆရာဝန်က ကျန်းမာရေး ထပ်မံစိစစ်၍ စာရင်းပြုစုကာ ထန်းခေါက်တောင်းများတွင် ထည့်ပြီး ထော်လာဂျီဖြင့် တင်ဆောင်ကာတောတွင်းရှိ အသင့်တည်ဆောက်ထားသော လိပ်ခြံ(၃)ခြံအတွင်းသို့ အကောင်ရေ အညီအမျှ လွှတ်ပေးခဲ့ပါသည်။

**၆။ စေလွှတ်ပြီးနောက် ဆောင်ရွက်ခြင်း**

Soft Release အစီအစဉ်ဖြင့် စေလွှတ်ထားသော ကြယ်လိပ်ကောင်ရေ(၅၀)ပါခြံတစ်ခြံတွင် Radio transmitter တပ်ဆင်ထားသော ကြယ်လိပ်ကောင်ရေ (၁၅)ကောင်စီ ပါဝင်ပါသည်။ ကြယ်လိပ်များလွှတ်ပေးပြီး နောက်တစ်နေ့ နံနက်ပိုင်းမှစတင်ကာ ဝါးခြံစည်းရိုးအပြင်ဘက်မှ A, B, C (ကြိဂံ)ပုံ အမှတ်(၃)နေရာရွေးချယ်၍ Transmitter တပ်ဆင်၍ ကြယ်လိပ်များ၏ လှုပ်ရှားသွားလာမှုကို ခန့်မှန်း တွက်ချက်နိုင်ရန် Radio Telemetry အာရုံခံလုပ်ငန်းများကို နေ့စဉ်(၁)ကြိမ်ကျ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ခြံခတ်ထားစဉ်အတွင်း၌လည်း တစ်လလျှင် (၂)ကြိမ်ခန့် လိပ်များ အားလုံးကို ရှာဖွေဖမ်းဆီးကာ လိပ်များ၏ကျန်းမာရေး အခြေအနေ၊ အလေးချိန်၊ နေထိုင်ကျက်စားပုံ၊ ဘေးကင်း လုံခြုံမှုစသည်တို့အား သိရှိနိုင်ရန်အတွက် စစ်ဆေးပါသည်။ လိပ်များ လွှတ်ထားပြီးနောက် လွှတ်လိုက်သောနေရာမှ (၁) ကီလိုမီတာထက်ပိုပြီး ဝေးသွားလျှင် မူလနေရာသို့ ပြန်လည် ပို့ပေးရပါသည်။

တောထဲ၌လိပ်များကို ဝင်းခြံခတ်ထားစဉ် အနီး ပတ်ဝန်းကျင်မှ လာရောက်ခိုးယူမှုကို ကာကွယ်ရန် နေ့ ည မပြတ် လုံခြုံရေးထားရှိပါသည်။ ဤနေ့ ညလုံခြုံရေးဝန်ထမ်း များသည် ဝင်းခြံတွင်းမှလိပ်များမလွှတ်မီနှင့်လွှတ်ပြီး အခြေ အနေများကိုလည်း စောင့်ကြည့်ရပါသည်။

**၇။ ပြည်သူလူထုပညာပေးနှင့် အသိဉာဏ်မြှင့်တင်ရေး အစီ အစဉ်များ ဆောင်ရွက်ခြင်း**




မြန်မာ့ကြယ်လိပ်များအား သဘာဝဘေးမဲ့တော အတွင်း ပြန်လည်မလွှတ်ပေးမီ ပတ်ဝန်းကျင်နှင့်လိပ်မျိုးစိတ် ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးလုပ်ငန်းများ ဆောင် ရွက်ရန်လိုအပ်ပါသည်။

**၁၁။ ကြုံတွေ့ရသောအခက်အခဲများ**

ကြယ်လိပ်များအားစမ်းသပ်ခြံများအတွင်း စမ်းသပ် လွှတ်ထားစဉ်တွင် ပြင်ပမှလူစိမ်းများ ဝင်ရောက်ခိုးယူသည့် အန္တရာယ်ကြုံတွေ့နိုင်ပြီး၊ မိုးဦးကျတွင်လည်း ဝါးခြံများအား လေပြင်းတိုက်ခတ်ခံရခြင်း၊ နွေရာသီတွင် သစ်ရွက်ခြောက်မှ တောမီးကူးစက်ခြင်းအန္တရာယ်၊ ဝန်းကျင်ရွာများမှ အိမ်မွေး တိရစ္ဆာန်များဘေးမဲ့တောအတွင်း ဝင်ရောက်ကျူးကျော် စား ကျက်ချခြင်း၊ ကြွက်၊ မြွေပါကဲ့သို့သော အသားစား သတ္တဝါ များ ကိုက်ခံရခြင်းနှင့်ထင်းခုတ်ခြင်း စသည့် အခက်အခဲများ အား ရင်ဆိုင်ကြုံတွေ့ရပါသည်။

**၁၂။ သုံးသပ်ချက်**

အားရစရာကောင်းသည့်အချက်မှာ ယခင် လွှတ် ထားသော အကောင်များအား Radio Telemetry ဖြင့် ရှာဖွေစဉ် ကြယ်လိပ်အမ(၇)ကောင်မှာ သဘာဝအတွင်း တွင် လွတ်လပ်စွာ သွားလာ၍ သဘာဝအတိုင်း ဥအုနေသည် ကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ထိုသာကေသည် (၁၀)စုနှစ်တခုအတွင်း မြန်မာ့ကြယ်လိပ်များ သဘာဝတွင် လွတ်လပ်စွာ ရှင်သန်မျိုးပွါးနေထိုင်နိုင်သည်ကို သက်သေ ပြသသည့် ပထမဦးဆုံး အထောက်အထားတစ်ခုပင် ဖြစ် ပါသည်။ အလားတူစွာ မင်းစုံတောင်ဘေးမဲ့တောရှုံးလိပ်ခြံ အနီးတွင် မည်သည့်အမှတ်အသားမှ မပါသည့် (၂)နှစ်သား အရွယ်ရှိ ကြယ်လိပ်ငယ် (၂) ကောင်အား တွေ့ရှိခဲ့ပါသည်။ ယင်းကြယ်လိပ်များမှာ တောတွင်းရှိ(၂၀၁၃-၁၄) ခုနှစ်တွင် ပထမအကြိမ် စမ်းသပ်လွှတ်ခြင်းမှ ပေါက်ဖွားလာသည့် အကောင်ဟု ခန့်မှန်းယူဆသဖြင့် မင်းစုံတောင်ဘေးမဲ့တော တွင် ကြယ်လိပ်များ သဘာဝအလျောက် မျိုးဆက်ပွားနိုင် သည့် အောင်မြင်မှုတခုပင်ဖြစ်ပါသည်။ ထို့အပြင် မင်းစုံ တောင် ပတ်ဝန်းကျင်ရွာများမှ ကြယ်လိပ်(၁၉) ကောင်အား ပြန်လည်လာရောက်အပ်နှံ ခြင်းကို ထောက်ရှုကြည့်ခြင်းအား ဖြင့် ပြည်သူလူထု ပညာပေးဟောပြောပွဲများ ထိရောက်မှု ရှိကြောင်း လေ့လာသုံးသပ်ပါသည်။ ကြယ်လိပ်များ သဘာဝ အတိုင်း ရှင်သန်နိုင်မှုမှာ (၉၇) ရာခိုင်နှုန်းအထိ မြင့်မား သည်ကို လေ့လာတွေ့ရှိရ ပါသည်။




**ကြယ်လိပ်များအား ခြံခတ်စေလွှတ်စဉ်**

# သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အင်တာနက်မှ သတင်းများ



ဘာသာပြန်ဆိုသူ
တက်နေထွန်း (တိုး-ချဲ့)၊ မေဇင်မြင့် (တိုး-ချဲ့)

## မြို့ပြပူနွေးမှုကသစ်ပင်ကြီးထွားမှုနှင့် အစာချက်လုပ်မှုကို နှေးကွေးစေခြင်း

North Carolina State University ၏ သုတေသနအသစ်တစ်ခုအရ မြို့ပြဒေသများတွင် ပူနွေးမှုသည် မြို့ထဲရှိသစ်ပင်များ၏ ကြီးထွားမှုနှင့် အစာချက်လုပ်ခြင်းကိုလျော့ကျစေကြောင်း ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ(၅)ရက်နေ့ အင်တာနက်သတင်းအရသိရပါသည်။

လေ့လာမှုအရအဆိုပါ ပြဿနာ၏ တစ်စိတ်တစ်ဒေသမှာ အင်းဆက်ဖျက်ပိုးများကြောင့်ဖြစ်ကြောင်း၊ သို့ရာတွင် အပူဒဏ်သည် ပိုမိုသိသာထင်ရှားသော အကြောင်းရင်းဖြစ်ကြောင်းသိရပါသည်။

ယခင်ကလေ့လာမှုများတွင် မြို့ပြပူနွေးမှုကြောင့် လမ်းဘေးသစ်ပင်များတွင် အင်းဆက်ကျရောက်မှုကို မြင့်တက်စေကြောင်းဖော်ပြခဲ့ကြပါသည်။ သစ်ပင်များသည် လေထုထဲမှ ကာဗွန်ကိုစုပ်ယူကာ ဇီဝဒြပ်ထုအဖြစ်သို့ပြောင်းလဲပေးသည် ဖြစ်ရာယခုလေ့လာမှုတွင် သုတေသီများက ကမ္ဘာ့ပူနွေးမှုနှင့် အင်းဆက်ဖျက်ပိုးပေါ်များမှုက သစ်ပင်ကြီးထွားမှုအပေါ်သက်ရောက်မှုကို စူးစမ်းလေ့လာခဲ့ကြပါသည်။ လေထုထဲတွင် ကာဗွန်ပမာဏမြင့်တက်မှုသည် ရာသီဥတုပြောင်းလဲမှုတွင် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်နေပါသည်။

ဤပြဿနာရပ်ကိုအဖြေရှာရန်အတွက် သုတေသီများသည် မြောက်ကာရိုလိုင်းနား၊ Raleigh ဒေသရှိ willow oak သစ်ပင် (*Quercus phellos*)အစုံ ၂၀ ကို စမ်းသပ်ခဲ့ကြပါသည်။ နေရာတစ်ခုချင်းစီတွင် အစုံတစ်စုံ၌ willow oak တစ်ပင်ကို အင်းဆက်သတ်ဆေးအဆီဖြင့်ပြုပြင်ထားပြီး ကျန်တစ်ပင်ကို မပြုမပြင်ဘဲထားပါသည်။ အဆိုပါနေရာများသည် မြို့ပြအပူချိန်အမျိုးမျိုးမှနေရာများဖြစ်ပြီး စမ်းသပ်ကာလအတောအတွင်း နေရာတစ်ခုချင်းစီ၌ လေအပူချိန်ကို စောင့်ကြည့်လေ့လာခဲ့ကြပါသည်။



သုတေသီများသည် အဆိုပါ အပင်(၄၀)၏ ကြီးထွားမှုကို (၂)နှစ်ကြာစောင့်ကြည့်လေ့လာခဲ့ကြပါသည်။ သစ်ပင်ကြီးထွားမှုကို နည်းလမ်း (၂) မျိုးဖြင့် ဆန်းစစ်ခဲ့ပါသည်။ ပထမနည်းလမ်းမှာ သစ်ပင်တစ်ပင်ချင်းစီ၏ ပင်စည်အဝန်းကို တိုင်းတာခြင်းဖြစ်ပြီး နောက်တစ်နည်းမှာ တစ်ပင်ချင်းစီတွင် သစ်ကိုင်းမည်မျှဖြာထွက်သည်ကို တိုင်းတာခြင်းဖြစ်ပါသည်။ ထို့အပြင် သုတေသီများသည် သစ်ပင်တစ်ပင်ချင်းစီက လေထုထဲမှ ကာဗွန်စုပ်ယူကာကျန်းမာရှင်သန်ရေးအတွက် အဓိကအချက်ဖြစ်သည့်အလင်းမှီအစာချက်လုပ်ခြင်း (Photosynthesis)ကိုလည်း တိုင်းတာခဲ့ကြပါသည်။

သုတေသီများ၏တွေ့ရှိချက်အရ လူသိများသော သစ်ပင်ဖျက်ပိုးများဖြစ်သည့် အကြေးခွံပါအင်းဆက်များနှင့် Spider mite များသည် ပိုမိုပူနွေးသော နေရာများတွင် ပေါများကြောင်းသိရပါသည်။ တွေ့ရှိချက်တွင် နေရာတစ်ခု၏ ပျမ်းမျှအပူချိန်သည် ၁၆. ၄˚ C(၆၁. ၅˚ F)ထက် ကျော်လွန်သွားချိန်တွင် Spider mite ဦးရေသည် နှစ်ဆကျော်တိုးလာကြောင်းသိရသည်။ သို့သော် အကြေးခွံပါသော အင်းဆက်များသည် အပူချိန်မြင့်တက်လေ အကောင်ရေတိုးလေဖြစ်ပြီး အပူချိန်နှင့် Linear relationship



ရှိကြောင်းသိရပါသည်။ ထို့အပြင် အင်းဆက်ဖျက်ပိုးကျရောက်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ် စေ၊ ကမ္ဘာကြီး ပူနွေးမှုသည် အပင်၏အစာချက်လုပ်ခြင်းနှင့် ကြီးထွားမှုအပေါ် ဆိုးကျိုးသက်ရောက်နေကြောင်း သုတေသီ များက ဖော်ပြထားပါသည်။

ဖျက်ပိုးမကျသောသစ်ပင်များသည် ဖျက်ပိုးကျနေသောအပင်များထက်ပို၍ ကိုင်းဖြာကြီးထွားကြောင်း သိရပါသည်။သို့သော် ပိုမိုပူနွေးသော နေရာများရှိသစ်ပင်များသည် ဖျက်ပိုးကျသည်ဖြစ်စေ၊မကျသည်ဖြစ်စေပင်စည်ကြီးထွားမှုနည်းပါးကြောင်းသုတေသီMeinekeကပြောကြားခဲ့ပါသည်။

သုတေသီများသည် အဆိုပါ ရလဒ်များကို စံပုံစံတစ်ခု ထဲထည့်ကာ aleigh ဒေသရှိ willow oak သစ်ပင်အားလုံးအတွက် ကာဗွန်သိုလှောင်မှုအပေါ် မြို့ပြပူနွေးမှု၏ သက်ရောက်မှုပမာဏကို ဆုံးဖြတ်ခဲ့ကြပါသည်။

အဆိုပါ စံပုံစံတွင် စိစစ်တွေ့ရှိချက်အရ မြို့ပြပူနွေးမှုသည် Raleigh ဒေသရှိ willow oak သစ်ပင်အားလုံး၏ ကာဗွန်သိုလှောင်မှုကို ၁၂% လျော့ကျစေကြောင်း၊ တစ်နှစ်လျှင် ၂၇ မက်ထရစ်တန်လျော့ကျစေကြောင်းသိရပါသည်။ ယခုလေ့လာမှုတွေ့ရှိချက်များသည် အခြားသောသစ်မျိုးစိတ်များ၊ အခြားအပူချိန်မြင့်သောမြို့များအတွက်လည်း ယေဘုယျအသုံးပြုနိုင်ကြောင်း၊ သို့ရာတွင် နောက်ထပ်သုတေသနများ ဆက်လက်ပြုလုပ်ရန် လိုအပ်နေသေးကြောင်း သုတေသီ Meinekeက ပြောကြားခဲ့ပါသည်။

source: http:// www.sciencedaily.com/releases/2016/10/

## သက်ရှိများနှင့် ဂေဟစနစ်များအတွက်ခြိမ်းခြောက်မှုတခုဖြစ်လာသောသမုဒ္ဒရာတွင်းအပူလှိုင်းများ



မကြာသေးသောကာလအတွင်း အပူလှိုင်းအန္တရာယ်ကို ကမ္ဘာအနှံ့ခံစားခဲ့ရသည်ကိုမှတ်မိကြဦးမည် ထင်ပါသည်။ ကျွန်တော်တို့အားလုံး၏အမြင်တွင် အပူလှိုင်းအန္တရာယ်ကို လူအပါအဝင် ကုန်းနေသတ္တဝါများနှင့် ကုန်းမြေဂေဟစနစ်များသာရင်ဆိုင်ခံစားရသည်ဟုထင်မှတ်ထားခဲ့ကြပါသည်။ သို့ရာတွင် နောက်ဆုံးရှာဖွေတွေ့ရှိချက်များအရ သမုဒ္ဒရာများအတွင်းတွင်လည်း အပူလှိုင်းများကြုံတွေ့ရပြီး သမုဒ္ဒရာဂေဟစနစ်များအပေါ်တွင် သိသာသောအကျိုးဆက်များ ရှိသည်ကို တွေ့ရှိခဲ့ရသည်။ သမုဒ္ဒရာဂေဟစနစ်များသည် ကမ္ဘာ့လူဦးရေသန်းတစ်ထောင်ကျော်၏ အသားဓာတ် (Protein)ထောက်ပံ့ရာ အရင်းအမြစ် ဖြစ်သကဲ့သို့ ကမ္ဘာ့နှစ်စဉ်ထုတ်လုပ်မှုတစ်ဝက်ခန့်ကို ထုတ်ပေးရာအရင်းအမြစ်ဖြစ်ပါသည်။ သို့ဖြစ်၍ လူသားတို့အပေါ်ရေရှည်အကျိုးဆက်များသက်ရောက်လာနိုင်သော ပြီးခဲ့သည့် နှစ်ပိုင်းအတွင်းဖြစ်ပွားခဲ့သော သမုဒ္ဒရာတွင်းအပူလှိုင်းနှစ်ခုသည် သိပ္ပံပညာရှင်များ၏ အာရုံစိုက်စရာဖြစ်လာခဲ့ပါသည်။

### အရှေ့မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သောအပူလှိုင်း

"TheBlob" ဟုတင်စားခေါ်ဆိုသော ပုံမှန်မဟုတ်သည့် ရေနွေးပူဖောင်းများကို ၂၀၁၃-၂၀၁၄ ဆောင်း ရာသီမှ ၂၀၁၅ အကုန်ထိ ပစိဖိတ်သမုဒ္ဒရာအရှေ့မြောက်ပိုင်းတွင်တွေ့ရှိခဲ့ရသည်။ အဆိုပါ ရေနွေးပူဖောင်း အစုဝေးများ၏အကျယ်သည် အချင်း ၁၆၀၀ ကီလိုမီတာ အကျယ်ထိရှိပြီး ယင်းတို့၏ အပူချိန်သည် ပျမ်းမျှပင်လယ် ရေအပူချိန် ထက် ၃ ဒီဂရီ စင်တီဂရိတ်ထိများ နေသည်ကို တွေ့ရှိခဲ့ရသည်။ ပူနွေးသောမျက်နှာပြင်ရေသည် ပင်လယ်ပြင်အနက်ပိုင်းရှိ အေးမြသောရေထက် သိပ်သည်း ဆနည်းသည့် အလျောက် ပင်လယ်သတ္တဝါတို့အတွက် အသက်တမျှအရေးပါသောပင်လယ်နက်ပိုင်းနှင့် မျက်နှာပြင် ရေထုကြား အဟာရဓာတ်ဖလှယ်မှု ဖြစ်စဉ်ကို အနှောင့်အယှက်ဖြစ်စေပါသည်။ အဆိုပါဖြစ်စဉ်သည် ပင်လယ်နေသတ္တဝါများနှင့် ဂေဟစနစ်ပေါ်တွင် သိသာသောသက်ရောက်

မှုများ ရှိခဲ့ပါသည်။ ဥပမာအားဖြင့် အာဟာရဓာတ်ရရှိမှု လျော့နည်းသွားသည့်အတွက် မျှောလေးဟုခေါ်ဆိုသော (Phytoplankton) များပေါက်ပွားမှုလျော့နည်းသွားစေကာ အချို့သောငါးမျိုးစိတ်များသည် ပို၍အေးမြသောအခြားဒေသများသို့ ပြောင်းရွှေ့သွားသည်ကိုတွေ့ရှိခဲ့ရသည်။ ဆန့်ကျင်ဘက်အနေဖြင့် ပုံမှန်အားဖြင့် တောင်ပိုင်း ၂၅၀၀ ကီလိုမီတာအကွာတွင် နေထိုင်ကျက်စားသောအပူပိုင်းဝေလငါးတစ်မျိုးသည် ပစိဖိတ်သမုဒ္ဒရာမြောက်ပိုင်းတွင် ပုံမှန်ထက်ကြာရှည်စွာ ကျက်စားနေသည်ကို တွေ့ရှိခဲ့ရသည်။

**ဩစတြေးလျ အနောက်ဖက်ကမ်းရိုးတမ်းတွင် ဖြစ်ပွားခဲ့သောအပူလှိုင်း**

၂၀၁၀ အကုန် ၂၀၁၁ အစပိုင်းတွင် အချိန်ကာလအားဖြင့်တိုသော်လည်း ပြင်းထန်သော အပူလှိုင်းတခုကို ဩစတြေးလျအနောက်ဖက်ကမ်းရိုးတမ်းတွင် ကြုံတွေ့ခဲ့ရပြီး ပင်လယ်ရေအပူချိန်သည် ပုံမှန်ထက် ၆ ဒီဂရီစင်တီဂရိတ်မျှ မြင့်တက်ခဲ့သည်။ အဆိုပါကမ်းရိုးတမ်းပင်လယ်ကြမ်းပြင်တွင် အညိုရောင်ရေညှိများထူထပ်စွာ ပေါက်ဖွားရှင်သန်ပြီး ပင်လယ်သစ်တော "The Marine Kelp Forest" ဟုလူသိများကာ ကုန်းမြေသစ်တောများကဲ့သို့ပင် များစွာသောမျိုးစိတ်များ၏ နေထိုင်ကျက်စားရာဒေသဖြစ်သကဲ့သို့ အစားအစာရင်းမြစ်တခုလည်းဖြစ်ပါသည်။ ပြင်းထန်သောအပူလှိုင်းကို ရင်ဆိုင်ရပြီး နောက် အဆိုပါရေညှိများသည် လျင်မြန်စွာပျောက်ကွယ်သွားကာ စုစုပေါင်းအကျယ်အဝန်းအားဖြင့် ၁၀၀၀ စတုရန်း ကီလိုမီတာအထိပျောက်ကွယ်သွားခဲ့သည်။ ယနေ့အထိပျောက်ကွယ်သွားသောရေညှိပေါက်ပွားရာနေရာများသည် ပြန်လည် ရှင်သန်ပေါက်ပွားလာသည်ကိုမတွေ့ရဘဲ အပူပိုင်းငါးမျိုးများနှင့် ပင်လယ်ရေမှော်များသာ ပြန့်ပွားကျက်စားလာသည်ကိုတွေ့ရသည်။

**ပင်လယ်ဂေဟစနစ်များအတွက် အချက်ပေးခေါင်းလောင်းသံလား?**

ကုန်းမြေပေါ်တွင်ဖြစ်ပွားသောအပူလှိုင်းဖြတ်သန်းခြင်းကဲ့သို့ ပြင်းထန်သောမိုးလေဝသနှင့် ရာသီဥတုဖြစ်စဉ်များသည် ကုန်းမြေဂေဟစနစ်များ၏ တည်ဆောက်ပုံ၊ ဇီဝဓာတုလုပ်ဆောင်ချက်များနှင့် လူ့အသိုင်းအဝန်းကိုထောက်ပံ့ပေးနေသော ဝန်ဆောင်မှုများကိုသိသာသောသက်ရောက်မှုရှိပါသည်။ တစ်ခါတစ်ရံတွင် အဆိုပါအဖြစ်အပျက်များ၏ ပြင်းထန်အားသည် သက်ရှိများနှင့် ဂေဟစနစ်များကို ၎င်းတို့ ခံစားနိုင်စွမ်းထက် ပို၍ကျော်လွန်သက်ရောက်ပါက သိသာ၍၊ ပြန်လည် ပြုပြင်ပြောင်းလဲမရနိုင်သောအပြောင်းအလဲများဖြစ်ပွားခဲ့သည်ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ပင်လယ်ရေပူနွေးမှုအဖြစ်အပျက်နှစ်ခုသည် ခန့်မှန်းမရနိုင်သည့် ဂေဟဆိုင်ရာနှင့် လူမှုစီးပွားရေး အပြောင်းအလဲများရင်ဆိုင်လာရနိုင်သည်ဟု အချက်ပြလိုက်ခြင်းပင်ဖြစ်ပါသည်။ ဥပမာအားဖြင့် ငါးများသည် အစားအစာ ရရှိနိုင်မှုနည်းသော ပူနွေးဒေသမှ ပို၍အေးမြသောဒေသသို့ ပြောင်းရွှေ့သွားသည်ကိုတွေ့ရှိခဲ့ရသည်ဟု ဖော်ပြခဲ့ ပြီးဖြစ်ပါသည်။ သို့ရာတွင် အဆိုပါပြောင်းရွှေ့မှုသည် ကောင်းမွန်သောရွေးချယ်မှုမဟုတ်ပါ။ ငါးများပြောင်းရွှေ့ကျက်စားရာ ပို၍ အေးမြသောပင်လယ်ပြင်နှင့် ရေအနက်သည် ၎င်းတို့ရှင်သန်ရန်အတွက် လိုအပ်သောအစားအစာဖြစ်သည့် အပင်များ၊ နေရောင်ခြည်နှင့် အောက်စီဂျင်လုံလောက်စွာမရှိပါ။ နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် ငါးလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများ ပျက်ဆီးခြင်းကိုကြုံတွေ့လာရနိုင်ပါသည်။

**ရင်ဆိုင်ဖြေရှင်းဖို့အသင့်ဖြစ်ပြီလား?**

ကမ္ဘာကြီးပူနွေးလာသည်နှင့်အမျှ ကမ္ဘာ့သမုဒ္ဒရာများလည်းပူနွေးလာမည်ဖြစ်ကာ သမုဒ္ဒရာအပူလှိုင်းဖြစ်ပွားမှု အကြိမ်ရေစိပ်လာသကဲ့သို့ ပို၍ ပြင်းထန်လာမည် ဟုခန့်မှန်းရပါသည်။ အခြားသောရှာဖွေတွေ့ရှိမှုများနှင့် ခန့်မှန်းမော်ဒယ်များ အရလည်းပင်လယ်ရေပြင် အချဉ်ဓာတ်များလာခြင်းနှင့် အောက်စီဂျင်ပမာဏကျဆင်းခြင်းကလည်း ပင်လယ်နေသက်ရှိများနှင့် ဂေဟစနစ်များအပေါ် ထပ်ဆောင်းဖိအားများအဖြစ် သက်ရောက်နေသည်ကိုတွေ့ရှိရပါသည်။

မကြာသေးမီကာလအထိသမုဒ္ဒရာတွင်းအပူလှိုင်းဖြစ်ပွားမှုနှင့် နောက်ဆက်တွဲအပြောင်းအလဲများကို တိကျစွာ ခန့်မှန်းနိုင်လောက်သည်အထိ လက်ရှိရာသီဥတုပြောင်းလဲမှုမော်ဒယ်များကမပြည့်စုံသေးပါ။ အဆိုပါမော်ဒယ်များကို အသုံးပြုခန့်မှန်းသောရလဒ်များ၏ မရေရာမသေချာမှုကလည်းကြီးလွန်းပါသည်။ စိတ်သက်သာစရာတခုအနေဖြင့် ကမ္ဘာ့ကာဗွန်နှင့် အောက်ဆီဂျင်စက်ဝန်းလည်ပတ်မှုသဘောတရားနှင့် အသေးစိတ်ဖြစ်စဉ်များ ချိတ်ဆက် အသုံးပြုထားသောမော်ဒယ်အသစ်များသည် အနာဂတ်တွင် သမုဒ္ဒရာများအတွင်းဖြစ်ပွားလာနိုင်သောဖြစ်စဉ်များ၏ အကြိမ်ရေ၊ ပြင်းအားနှင့် ပျံ့နှံ့ဖြစ်ပွားမှုများကိုခန့်မှန်းနိုင်မည်ဟု မျှော်လင့်ရပါသည်။ သို့ရာတွင် သမုဒ္ဒရာအပူလှိုင်းများ၏ သက်ရှိတခုခြင်းစီသို့မဟုတ် ဂေဟစနစ်တခုလုံးအပေါ်နှင့် ယင်းတို့၏ လူမှုစီးပွားရေးများအပေါ် သက်ရောက်မှုများကို ပိုမိုပြည့်စုံတိကျစွာနားလည်နိုင်ရန် ကဏ္ဍစုံပူးပေါင်းပါဝင်သောလေ့လာမှုများ အရေးတကြီးလိုအပ်နေပြီး ကျွန်တော်တို့၏ စူးစမ်းလေ့လာမှုနှင့် သုတေသနလုပ်ငန်းများသည် ပထမဆုံးခြေလှမ်းလှမ်းရန် ပြင်ရုံအဆင့်သာရှိပါသေးသည်။

source: http:// www.sciencedaily.com/releases/2016/09/

## HKAKABO-RAZI
## THE UNIQUE BIOGEOGRAPHIC WONDER OF NORTHERN MYANMAR FOR PEACE, NATURE AND AYEYAWADDY LANDSCAPE



**U Thein Lwin**

**(Retired Deputy Director General of the forest Department & former Director of Wildlife and Sancturaries Division)**

The Union of Myanmar is endowed with and unusually array of biogephysical diversity, from tropical evergreen forests habited Malayan fauna and flora in the south to the snow capped mountains with Himalayan flora and fauna in the north, capturing the grandeur and real beauty of the country.

Myanmar constitutes within the Indo-Malay Realm and it contains three ecological subregions-the Indian Subregion along Myanmar and Bangladesh -India border, the Indo-Chinese Subregion in the north, bordering China, and the Sundiac Subregion in the south sharing its border with Thailand. The ten biounits included in the three subregions representing diverse geophysical features and biodiversity are the richest biological reservoirs in Asia according to the World Bank Technical Paper Number 193. These biounits are spatially important ecosystems for the formation of protected areas system within Myanmar and it offers the greatest opportunity of biodiversity in the Indo-Malay Biogeographic Realm. Northern Biogeographic Region of Myanmar extends 27 Miles north of Myitkyina, at the confluence of the two branches of the Ayeyawady river to the frontier of Tibet. Forest types vary from other part of the country, fall within Subtropical Biounit and lie entirely outside the tropics. The region is mountainous and is traversed by heavy summer rain. The lower hills and valleys are covered with lush tropical and subtropical evergreen rain forests. Their forests are relatively diverged from monsoon rain fed deciduous forests in terms of species and ecosystems that are found over greater part of the country. The mountainous northern region is characterized by the presence of broad-leaf evergreen rain forest, sub-tropical forest, temperate forests and the alpine vegetation. The significant vegetation types may be summarily classified into three belts;

(1) sub-tropical broad-leaf evergreen rain forest up to 6,000ft;
(2) temperate semi-deciduous broad-leaf rain forest, 6,000-9,000 ft;
(3) evergreen coniferous or subalpine snow forest, passing gradually into alpine scrub, 9,000 ft-11,000 ft.(F.Kingdom Ward, 1954)









**PLANT HUNTING**

Since the year 1895, many plant hunters including Mr C,W,D.Kermod (late Professor of Forestry of Yangon University) and Mr.F Kingdom Ward(a prominent British Botanist) travelled in the northern part of Myanmar to inventory the flora and fauna. In 1931, the best collections of birds and mammals were undertaken on the transfrontier areas of the northern region of Myanmar by Mr.J.K. Stanford, Deputy Commissioner of Myitkyina. It made almost complete collection of avifauna, comprising 472 species of northern Kachin State. Mr.J.K Stanford writes, "It can safely be said that naturalists have so far only guessed at the surface, as it were, of and enormous sea of some of the dense and least known jungle in the world. It is also equally true for the flora beacuse there was good reason to belive that many species might be expected from the diverse biogeophysical conditions of the region." Among all the earlier travellers, Mr.Kingdom Ward explored the region eight times, as early as 1900, with two objectives. First, to inventory the botanical species at the snow capped mountain range which serves as the source of the great Ayeyawady river of the country. The second objective was to reconnoitre the apporaches to Hkakabo Razi, the highest mountain in South East Asia. His last trip of plant hunting expedition in the triangle area of Kahin State was carried out in 1953 and it was joined by U Tha Hla and U Chit Ko Ko of Forest Department, Myanmar. Since then, it was predicted that one day, Hkakabo-Razi will be and attractive spot for mountain climbing and nature-based tourism of Ayeyawaddy.

**HKAKABO-RAZI- THE UNIQUE WONDER FOR AYEYAWADY PLATEAU**

Hkakabo-Razi mountain situates in the most northern frontier of Myanmar, rises up to 19315 ft above sea level and located in the Kachin State. The name Hkakabo-Razi is derived from Tibetan word which means Snow White Mountain or Ridge. It ranks first in terms of altitude compared with its satellite massifs, Namin-I'ka (peak of the Adung Valley, 1529 feet) and Diphuk-ha (peak of the Seingku Valley, 14300 feet.) The lofty Hkakabo-Razi accentuates in Ayeyawaddy plateau. Its peak is enveloped with snow throughout the year and offers echanting splendorous natural scenery, peace and tranquillity. In summer, the alpine plants which were buried under the deep snow during long cold months blossom as fast as snow melts when exposed to light warmth of the sunshine.

Hkakabo-Razi lured and inspired the plant hunters, naturalists, conservationists, artists and poets with its subline mystic natural beauty, leaving behind scripts, poems and botanical nomenclature. The radiating colourful blooming flowers amid the melting snow offer the breath taking view and charm the visitors with fascination. It is sylvan heaven of flora and a unique natural feacture. It will surely occupy a very special place in the hearts of the nature loving tourism. The natural beauty and grandeur of the Hkakabo-Razi will engender the mountain climbers and ecological minded tourists with wonder.

Hkakabo-Razi is the unique wonder and it will become amajor attraction of nature-based tourism in the near future, as the environment is closely interweaved with human way of lie. Important natural resources like Hkakabo-Razi contrib-

ute the and well-being of mankind, particularly considering the unspoilt naturalness of the biogeographic features of the northern frontier of Myanmar.

Forest Department under the Ministry of Natural Resources and Environmental Conservation is on the way to inventory the flora and fauna for the estabilishment of a Nature reserve or a National Park to represent the Indo-Chinese bio-region and the Malaya- Realm, since Myanmar possesses the best opportunity in the region for developing a truly representative protected area systems. Snow capped Hkakabo-Razi, accentuated amid the lush and verdant mountainous country, offers the unparalleled opportunity for the preservation of invaluable national heritage and natural beauty of Ayeyawaddy.

Today, the needs for protetion of the natural world and the establishment of friendly relations among neighbouring countries are called for the formation of Transfrontier Reserves to support regional environmental cooperation with the purposes of conserving biodiversity and of building confidence between the countries straddling one or more national boundaries. In other words, Transfrontier Reserve being addressed here is aimed to be jointly administered, denilitarized and fully protected, extending over the buffer zone of the interstate boundaries. It would, then, assure the enivironmental security and social security with its political, economic and ethical elements.

In the joint efforts to form Transfrontier Reserve, Hkakabo-Razi with its unique biogeographic features at notrhern Myanmar, will contribute the achievement of environmentally sound and equitable/sustainable development of Ayeyawaddy landscape for present and future generations of neighbouring countries at both their local and national levels. It would strengthen confidence, friendship, and cooperation among contiguous countries. Indigenous flolra and fauna would be subsequently guarded, thereby contributing to the protection of global biodiversity.

## လူနှင့်သစ်တောဆက်နွယ်မှု



သစ်တောသစ်ပင်များသည်
လူတို့အတွက်လူမှုရေး
စီးပွားရေး၊ကျန်းမာရေး
စသည့်လိုအပ်ချက်များကို
ဖြည့်ဆည်းပေးနေသော
ပဒေသာပင်များ
ဖြစ်ကြသည်။

လူတို့က သစ်တောများကို
အလွန်အကျွံ ခုတ်ယူသုံးစွဲမှုများ
ကြောင့် လူမှုဘဝအပေါ် ဆိုးကျိုးသက်ရောက်
မှုများပြန်လည်ခံစားနေ
ရပါသည်။





သဘာဝပတ်ဝန်းကျင်ပြန်လည်
ကောင်းမွန်စေရန်နှင့် ရေရှည်
ထုတ်ယူသုံးစွဲနိုင်အောင် လူသား
တို့ကိုယ်တိုင် သစ်တောပြုစု
စိုက်ပျိုးထိန်းသိမ်းရေးအစီအမံ
များချမှတ်ဆောင်ရွက်ရမည်
ဖြစ်ပါသည်။



# သစ်မျိုးတစ်မျိုးတည်းဖြင့် စိုက်ခင်းတည်ထောင်ခြင်းနှင့် အင်းဆက်ဖျက်ပိုးအန္တရာယ်

ဦးထွန်းထွန်းဝင်း
တောအုပ်ကြီး
သစ်တောသုတေသနဌာန

အပူပိုင်းသစ်တောဟုဆိုလိုက်လျှင် သစ်တောသစ်ပင်မျိုးစိတ်များ ပေါများကြွယ်ဝနေမည်ဟု လူတိုင်းသိမှတ်ကြပေမည်။ အပူပိုင်းမိုးသစ်တောအတွင်း၌ ပေါက်ရောက်လျက်ရှိသည့် အပင်မျိုးစိတ်များကို စာရင်းပြုစုပါက ဧရိယာအကျယ်အဝန်းတစ်ဟက်တာတွင် သစ်ပင်မျိုးစိတ်ပေါင်း ၇၀ မှ ၁၀၀ထိပါဝင် ပေါက်ရောက်နိုင်ကြောင်း သိရှိရပါသည်။ (Evans, 1992)

သို့ရာတွင် ယနေ့မျက်မှောက်ခေတ်ကာလ၌ လူတို့၏ပယောဂနှင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် နိုင်ငံ၏သစ်တောဧရိယာဖုံးလွှမ်းမှုမှာ တဖြည်းဖြည်းလျော့နည်းလျက်ရှိရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြင်ပအဖွဲ့အစည်းများနှင့် ဆက်စပ်ပတ်သက်သူများက သစ်တောပြန်လည်ထူထောင်ခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်နှင့် ပိုင်းဝန်း ဆောင်ရွက်လျက်ရှိပါသည်၊ သစ်တောအတန်းအစားကျဆင်းနေသော နေရာများ၊ သစ်ပင်မရှိတော့သည့် နေရာများကို မြေပြုပြင်ရှင်းလင်း၍ ဒေသနှင့်သင့်လျော်သည့် သစ်မျိုးများ၊ စီးပွားရေးအရ အရေးပါသော သစ်မျိုးများဖြင့် စိုက်ခင်းတည်ထောင်ခြင်းသည်လည်း သစ်တောပြန်လည်ထူထောင်ခြင်းတွင် အလွန်အရေးပါသောလုပ်ငန်းဖြစ်သည်။ သို့သော်လည်း လက်ရှိစီးပွားရေးစိုက်ခင်းများ တည်ထောင်ရာတွင် သစ်မျိုးတစ်မျိုးတည်းကိုသာ ဦးတည်စိုက်ပျိုးလျက်ရှိနေသည်ကို အများဆုံးတွေ့မြင်နိုင်မည်ဖြစ်သည်။ စိုက်ခင်းတည်ထောင်သူများသည် များသောအားဖြင့် နောင်အနာဂတ် စီးပွားရေးအကျိုးအမြတ် အလားအလာများကိုသာ အလေးထားတတ်လေ့ရှိပြီး နောက်ဆက်တွဲပြဿနာများ ဖြစ်သည့် စိုက်ခင်းဆိုင်ရာ အင်းဆက်ဖျက်ပိုး၊ ရောဂါကျရောက်မှုအပိုင်းကို မေ့လျော့နေတတ်လေ့ရှိသည်။ သို့ဖြစ်၍ သစ်မျိုးတစ်မျိုးတည်းဖြင့် စိုက်ခင်းတည်ထောင်ရာတွင် အင်းဆက်ဖျက်ပိုးများ ပေါက်ဖွားများပြားမှုကိုဖြစ်ပေါ်စေကြောင်း အောက်ပါအချက်များဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။

(၁) သစ်မျိုးတစ်မျိုးတည်း တစ်ဆက်တစ်စပ် မြောက်မြားစွာစိုက်ပျိုးခြင်းသည် ယင်းသစ်မျိုးတွင် ကျရောက်တတ်သည့် အင်းဆက်ပိုးများ၏ အစာရေစာလုံလောက်မှုကို အထောက်အပံ့ဖြစ်စေသည်။ အစားအစာလုံလောက်စွာရှိနေခြင်းဟူသည့်အချက်သည် အင်းဆက်ဖျက်ပိုးများ မြောက်မြားစွာ ပေါက်ဖွားမှုကိုပံ့ပိုးပေးနေသော အခြေခံအချက်များတွင် တစ်ချက်အပါအဝင်ဖြစ်သည်။

(၂) စိုက်ခင်းအတွင်းစိုက်ပျိုးထားရှိသည့် တစ်ပင်နှင့်တစ်ပင်၏ ရွက်အုပ်၊ သစ်ကိုင်းများ အချင်းချင်းထိစပ်လျက်ရှိနေခြင်းသည် အင်းဆက်ဖျက်ပိုးများအလွယ်တကူ ပျံ့နှံ့မှုကိုဖြစ်ပေါ်စေသည်။ အကယ်၍ သဘာဝတောအတွင်းဆိုပါက အင်းဆက်ဖျက်ပိုးကျရောက်ခံရသည့် လက်ခံပင်သည် သေဆုံးသွားပါက ယင်းဖျက်ပိုးများသည် အခြားသောမျိုးစိတ်မတူ



သည့်အပင်များသို့ အလွယ်တကူကူးစက်ရန်မှာ မဖြစ်နိုင်တော့ပေ။

(၃) စိုက်ခင်းဖြစ်သည့်အလျောက် အကျိုးစီးပွားပိုမိုဖြစ်ထွန်းစေရန် ရည်ရွယ်၍ ကိုင်းချိုင်ခြင်း၊ပင်ကျပ်နုတ်ခြင်းစသည့် ပြုစုထိန်းသိမ်းခြင်းဆိုင်ရာလုပ်ငန်းများကို မလွဲမသွေဆောင်ရွက်မည်ဖြစ်ရာ ယင်းလုပ်ငန်းများသည် အပင်များကို အနာတရဖြစ်စေနိုင်ပြီး ၎င်းမှတစ်ဆင့် အင်းဆက်ဖျက်ပိုးအချို့ ဝင်ရောက်လာနိုင်ပေသည်။

(၄) စိုက်ခင်းတည်ထောင်ရန်အလို့ငှာ မြေနေရာရှင်းလင်းခြင်း၊ မြေပြုပြင်ခြင်း၊ မီးရှို့ခြင်း၊ ကျွန်းခွေခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ကျန်ရှိခဲ့သည့် သစ်တိုသစ်စများသည်လည်း ပင်စည်ထိုးပိုးကဲ့သို့သော အင်းဆက်ဖျက်ပိုးများ ဝင်ရောက်လာနိုင်မှုကိုဖြစ်စေနိုင်သည်။

(၅) စိုက်ခင်းတည်ထောင်ထားရှိသည့် မြေအရည် အသွေးသည်လည်း အင်းဆက်များဝင်ရောက်လာခြင်းနှင့်များစွာဆက်စပ်လျက်ရှိသည်။ စိုက်ခင်းအတွင်းရှိ ကျောက်သားထုထပ်ပြီး ခြောက်သွေ့သောနေရာ၊ ရေဝပ်သောနေရာ၊ အချဉ်ဓာတ်လွန်ကဲသော(သို့) အငန်ဓာတ်လွန်ကဲသောနေရာ၌ စိုက်ပျိုးသည့် အပင်များသည် အခြားသောနေရာများမှ အပင်များနှင့် နှိုင်းယှဉ်လျှင် ကြီးထွားမှုအရည်အသွေး အရများစွာ နိမ့်ကျမည်မှာမလွဲပေ။ ၎င်းမြေပေါ်တွင် စိုက်ပျိုးထားသည့် အပင်များသည် အင်းဆက်ဖျက်ပိုးများ အလွယ်တကူဝင်ရောက်ပေါက်ဖွားနိုင်ရန် ဗဟိုချက်ဖြစ်စေပြီး နောက်ပိုင်းတွင် ကျန်းမာသန်စွမ်းသောစိုက်ခင်းရှိအပင်များကိုပါ ကူးစက်ပြန့်ပွားသွားနိုင်ပေသည်။

(၆) သစ်မျိုးတစ်မျိုးတည်းစိုက်ပျိုးခြင်းသည်အခြားသော ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးပြုကပ်ပါးကောင်များ၊ ကွင်းဆက်သတ္တဝါမျိုးစိတ်များ ရှင်သန်ပေါက်ဖွားရန် အခြေအနေကောင်းများကို ဖန်တီးပေးနိုင်ခြင်းမရှိပေ။

(၇) စိုက်ခင်းအတွင်း ရေစီးရေလာကောင်းစေခြင်း၊ မြေသြဇာကျွေးခြင်းလုပ်ငန်းစဉ်များသည် သစ်ပင်၏ အာဟာရဓာတ်ပါဝင်မှုများကို ပြောင်းလဲစေနိုင်ပြီး အင်းဆက်ဖျက်ပိုးများ ပိုမိုရှင်သန်ကြီးထွားလာစေခြင်းကို အားပေးသည့်အပြင် ၎င်းတို့ အလွယ်တကူ ဝင်ရောက်လာနိုင်စေရန် ဖန်တီးထားသည့် ပတ်ဝန်းကျင် တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

(၈) သဘာဝတောများရှိ သစ်တောသစ်ပင်များတွင် အင်းဆက်ဖျက်ပိုးများ၏တိုက်ခိုက်မှုကို တုံ့ပြန်နိုင်သည့် အားကောင်းသည့် မျိုးရိုးဗီဇကွဲပြားခြားနားမှုများရှိကြောင်းတွေ့ရှိရသည်။ သို့သော် စိုက်ခင်းအတွင်းတည်ထောင်ထားရှိသည့် သစ်မျိုးများမှာမူ မူရင်းဒေသတစ်နေရာ (သို့) နှစ်နေရာမှ သယ်သူစုဆောင်းစိုက်ပျိုးတတ်လေ့ရှိသဖြင့် မျိုးရိုးဗီဇဆိုင်ရာလွန်စွာကွဲပြားခြားနားမှု မရှိနိုင်သဖြင့် အင်းဆက်ဖျက်ပိုးအချို့၏ ကျရောက်မှုကိုသာ တုံ့ပြန်နိုင်စွမ်းရှိလေသည်။

ဂေဟစနစ်တည်ငြိမ်စွာ ရပ်တည်နိုင်မှုသည် အားလုံးသောအမျိုးစုံထွေပြားမှု၏ အကျိုးဆက်ဖြစ်ရာ အပူပိုင်းသစ်တောများသည် ယင်းအဆိုကို အကောင်းဆုံးလမ်းညွှန်ပြသနိုင်သည့် ဥပမာတစ်ခုဖြစ်သည်။ အချို့သောသိပ္ပံပညာရှင်များကလည်း မျိုးစုံကွဲပြားခြားနားမှုသည် အင်းဆက်ဖျက်ပိုးပြဿနာများကို ကာကွယ်ပေးနိုင်ခြင်းမရှိဟု ငြင်းခုံအဖြေထုတ်လျက်ရှိကြသည်။ သို့သော် ယေဘုယျအားဖြင့် အင်းဆက်ဖျက်ပိုးပြဿနာများသည် သဘာဝတောနှင့် ယှဉ်လျှင် စိုက်ခင်းများတွင် ပိုမိုဖြစ်ပွားလျက်ရှိသည်ဟု သိပ္ပံပညာရှင် Nair *et al*. (၁၉၈၆)က ကွဲပြားခြားနားမှု၏ အရေးကြီးမှုကို လေ့လာမှုအပြီး ထုတ်ဖော်ပြောကြားခဲ့သည်။ ဒေသမျိုးရင်းသော်လည်းကောင်း၊ ပြင်ပမျိုးသော်လည်းကောင်း အပင်တစ်မျိုးတည်း အမြောက်အမြားစိုက်ပျိုးခြင်းသည် ရောဂါပိုးမွှားတို့ကို ဖိတ်ခေါ်ကျရောက်စေသည်ဟု သစ်တောသုတေသနဌာနမှ သုတေသနပညာရှင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝေဝေသန်း၏ ဂမြန်မာနိုင်ငံရှိ သစ်တောနှင့်စိုက်ပျိုးရေးဆိုင်ရာ နိုင်ငံခြားသစ်ပင်မျိုးစိတ်များ၏ ကျန်းမာရေးပြဿနာများကို စုစည်းတင်ပြခြင်း စာတမ်းတွင် ဖော်ပြထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

**ကျမ်းကိုးကားစာရင်းများ**


- Evans, J.1992. Plantation Forestry in the tropics. 2nd ed. Oxford University Press, Oxford, England. 64p.
- Nair, K.S.S., Mathew, G., Mohanadas, K. and Menon, A.R.R. 1986. A study of insect pest incidence in natural forests. KFRI Research Report 44. Kerala Forest Research Institute, Peechi, India. 28p.
- K.S.S. Nair, 2001, Pest outbreaks in tropical forest plantations: Is there a greater risk for exotic tree species?, Center for International Forestry Research, Indonesia.
- Wai Wai Than, 2009. Collecting information of health problems of some exotic forest trees and agricultural crops in Myanmar.

စာမျက်နှာ (၇၆)မှ အဆက်





**သိသာထင်ရှားသော လက္ခဏာများ**

ပန်းရောင်ရင့်ရင့်နှင့် တိုသော ရွက်ရိုးတံရှိခြင်း၊ အောက်ခြေတွင်နီပြီး ထိပ်ဖျားတွင် ဖြူသော အဖိုဝတ်မှုန်တံများ ရှိခြင်း၊ ကန်တော့ချွန်ပုံသဏ္ဍာန် လေရှူမြစ်များ အပင်အောက်ခြေ ပတ်ပတ်လည်ပျံ့နှံ့စွာ တည်ရှိပြီး ၃ပေ အမြင့်ထိရှိတတ်၍ လဘာ လေရှူမြစ်ထက် ပိုမို ရှည်လျားပါသည်။

**ဆင်တူရိုးမှား သစ်မျိုးများ**

*S.alba* (လမုတသတ်) ၊ *S. griffithii* (လဘာ)

**ပန်းပွင့်**

တစ်နှစ်ပတ်လုံး ပန်းပွင့်ပြီး ပန်းပွင့်ချိန်တွင် ပန်းဝတ်ရည်များစွာ ပါရှိပါသည်။ ညအချိန်တွင် ပန်းစတင်ပွင့်ပြီး လင်းနို့၊ ပိုးဖလံကောင်များနှင့် ဝတ်မှုန်ကူးပါသည်။ အပွင့်များသည် ကိုင်းဖျားထက်တွင် တစ်ပွင့် မှ ၃ ပွင့် ထိ အစုလိုက်ပွင့်ပါသည်။ အဖိုဝတ်မှုန်တံများသည် ၂.၅ မှ ၃.၅ စင်တီမီတာထိ ရှည်လျားပြီး ပန်းပွင့်ပြီး နောက်များမကြာမီ ကြွေကျလေ့ရှိပါသည်။ ၄င်းတို့သည် အောက်ခြေတွင် အနီရောင်၊ထိပ်ဖျားတွင် အဖြူရောင်ရှိပါသည်။ ပွင့်ချပ်မှာ အနီရင့်ရောင်ရှိပြီး ပွင့်ဖတ်မှာ အပြင်ဘက်တွင် အစိမ်းရောင်ရှိသော်လည်း အတွင်းဘက်တွင် စိမ်းဝါရောင်ရှိပါသည်။ အများအားဖြင့် ပွင့်ဖတ်အရေအတွက် (၆) ခုရှိပြီး တစ်ခါတစ်ရံ (၇) ခု မှ (၈) ခုထိ ရှိတတ်ပါသည်။

**အသီး**

စိမ်းဝါရောင် အပြားလိုက် တည်ရှိသော ပွင့်ဖတ်အုံပေါ်တွင်ကပ်လျက် အသီးသီးပါသည်။ လဘာသီးထက်ကြီးပါသည်။ လမုသီး(၁)သီးလျှင် အစေ့ (၈၀၀) မှ (၁၂၀၀) ထိ ပါဝင်ပါသည်။ ရင့်မှည့်သော သစ်သီးများအား အစိမ်းလိုက်သော်လည်းကောင်း ချက်ပြုတ်၍လည်းကောင်း စားသောက်ကြပါသည်။

**မြန်မာပြည်အတွင်း ပျံ့နှံ့ပေါက်ရောက်မှု**

ဧရာဝတီတိုင်းဒေသကြီးအတွင်း များစွာတွေ့ရှိရပါသည်။ အထူးသဖြင့် မြစ်ဝကျွန်းပေါ်ဒေသတွင် များစွာတွေ့ရှိရပါသည်။ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေချိုရရှိသောဒေသအချို့တွင်တွေ့ရှိနိုင်ပါသည်။

**အသုံးပြုပုံ**

အသီးသည် ချဉ်သော အရသာရှိပြီး အချို့ အစိမ်းလိုက်စားသုံးကြပါသည်။ ရင့်မှည့်သော အသီးအား ချဉ်ရည်ဟင်းတွင် ထည့်သွင်းချက်ပြုတ် စားသုံးကြပါသည်။ လမုပင်အား သစ်ခွဲသားအဖြစ်သုံးစွဲခြင်း မရှိပါ။ တစ်ခါတစ်ရံမှသာ ရေငန်ဒဏ်ခံနိုင်သော တိုင်အဖြစ် သုံးစွဲကြပါသည်။ ထင်းအဖြစ်ပင် သုံးစွဲမှုနည်းပါးပြီး အခြားသစ်မျိုးမရှိမှသာ မရှိသုံးထင်းအဖြစ် သုံးစွဲကြပါသည်။ လေရှူမြစ်များကို ပြုတ်၍ အညှော်စားပုလင်းဆို့ အဖြစ် ပြုလုပ်ကြပါသည်။ ထို့ပြင် လေရှူမြစ်များကိုလည်း ခုံဘိနပ် ပြုလုပ်ရာတွင် အောက်ခံခုံအဖြစ် သုံးကြပါသည်။ သစ်ခေါက်တွင် သားရေနည်ဖန်ရည် အတန်အသင့် ပါရှိပါသည်။

**ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ၊ တမံသဘော ရေထိန်းတော။**

# သစ်တောကြေးမုံ



## လမု

*Sonneratia caseolaris* (L.) Engl.

Family : Sonneratiaceae

Local name: La Mu (လမု)





လမုပင်သည် အနိမ့်ပိုင်း ရွံ့စေးမြေတွင် ပေါက်ရောက်သော ဒီရေတောသစ်မျိုးဖြစ်ပြီး ဆားငန်နှုန်းနည်းသောနေရာတွင် တွေ့ရှိရပါသည်။ ရေစီးနှုန်းနေးသော ချောင်းတစ်လျှောက်တွင် တွေ့ရှိရသော်လည်း သန္တာကျောက်ဆောင်များတွင် မတွေ့ရပါ။ ဒီရေအတက်အကျရှိပြီး ရေချိုပျံ့နှံ့ရာ မြစ်ကမ်းတစ်လျှောက်တွင် တွေ့ရှိရသော အလင်းကြိုက်သစ်ပင်မျိုး ဖြစ်ပါသည်။

### အရွယ်အစားနှင့်ပုံသဏ္ဌာန်

အပင်လတ်မျိုးဖြစ်ပြီး (၁၅) မီတာထိ မြင့်မားပြီး တစ်ခါတစ်ရံ (၂၀)မီတာထိ ရှိပါသည်။ ရွက်အုပ်ပုံစံမှာ ထူထပ်သိပ်သည်းမှုမရှိဘဲ ကျဲပါးပါသည်။ သစ်ကိုင်းများ၏ အဖျားပိုင်းသည် ငိုက်မြည်းသကဲ့သို့ တွဲလဲကျနေပါသည်။ အပင်ငယ်စဉ် သစ်ကိုင်းများထွက်သည့်ပုံစံမှာ သစ်ကိုင်း(၄)ကိုင်း ပင်စည်ပတ်ပတ်လည်ထွက်လာပြီး အကွာအဝေးညီ (လေးခြမ်းညီ) တည်ရှိပါသည်။

| | |
|---|---|
| သစ်ရွက်ထွက်ပုံ | ။ ရွက်ထီး၊ ရွက်ဆိုင် |
| အရွက် | ။ ရွက်ညှာသည် တို၍ ပြားပါသည်။ |
| ရွက်ပြားပုံစံ | ။ ဘဲဥပုံ မှ ၄က်တောင်ပုံ |
| အရွက်ထိပ်ဖျား | ။ ဝိုင်း၍ ကော့နေပါသည် |
| သစ်ရွက်အရွယ်အစား | ။ အရွယ်အစားအမျိုးမျိုးရှိပြီး ၄–၈ စင်တီမီတာ ရှည်ပါသည်။ |
| အမြစ် | ။ ကန်တော့ချွန် ပုံသဏ္ဌာန် လေရှူမြစ်ထင်ရှားပြီး အမြင့် (၃) ပေ ကျော်ထိ ရှိပါသည်။ |
| အခေါက် | ။ အဖုအထစ်မရှိ ပြောင်ချောဖြစ်နေပါသည်။ |



စာမျက်နှာ (၇၅)သို့